မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၇၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်တို့၌ ဓာတ်ရောင်ခြည်ကုဌာနများတွင် လူနာများ ကုသမှုခံယူနိုင်မည်

နေပြည်တော် ဇူလိုင် ၈

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၏ **ကင်ဆာဝေဒနာရှင်များ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူခြင်းနှင့်ပတ်သက်၍ ပိုမိုထိရောက်စွာ ကုသနိုင်ရေးအတွက် မည်သို့ဆောင်ရွက်နေသည်ကိုသိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်က ကင်ဆာဝေဒနာရှင်များ ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသမှုခံယူမည်ဆိုပါက မိမိအလှည့်ကျရောက်ရန် စောင့်ဆိုင်းရသည့်အချိန်ကာလမှာ တစ်လခွဲမှ လေးလခွဲခန့်အထိ ကြာသည်ဆိုသည်မှာ မှန်ကန်ပါကြောင်း၊ လူနာများစောင့်ဆိုင်းရခြင်းမှာ ကင်ဆာဝေဒနာရှင်များ တိုးတက်များပြားလာခြင်း၊ ဓာတ်ရောင်ခြည်စက်များ၏ စွမ်းအားကျဆင်းလာခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၁* ❀

အမျိုးသားလွှတ်တော်အစည်းအဝေး

လယ်မြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ဘီလူးချောင်းနှစ်ဖက် ကမ်းပတ်တာတည်ဆောက်ရေး စီစဉ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၈

ဘီလူးချောင်းအား ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များအရ ရေစီးရေလာ ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်း(၂၇) မိုင်အတွင်းတူးဖော်ရမည့် ထုထည် ၅၉၁၃၀၀ ကျင်းအတွက် ခန့်မှန်း ကုန်ကျစရိတ် ကျပ် ၄၅၉၂ ဒသမ ၇ သန်း ဖြစ်ပါကြောင်း၊ သောင်တူးဖော်သင့်သည့် ပမာဏများကို လက်ရှိတိုင်းတာသည့် ရေလမ်း(၆)မိုင် အရှည်အပေါ် အခြေခံ၍ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါကြောင်း၊ ဆောင်ရွက်မည့်အချိန်တွင် ရေလမ်းပိုင်း ၂၇ မိုင်အား လွှမ်းခြုံသည့် အသေးစိတ်တိုင်းထွာမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေး၌ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးငွေးရယ်၏ **“ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတစ်လျှောက်** *စာမျက်နှာ ၇ ကော်လံ ၁* ✺

ယူကရိန်းခွဲထွက်ရေးသမားများ ဒိုနက်စကီမြို့၌ စစ်ရေးပြင်ဆင် စာ » ၄

သတင်းသမား မြင့်မားဂုဏ်ရည် ဆောင်းပါး စာ » ၆

စစ်တောင်းမြစ်ကြောင်းပြောင်းလဲလာမှုကြောင့် ကျေးရွာအချို့ ရေတိုက်စားမှုသက်သာနိုင် စာ » ၁၁

ကမ္ဘာ့ဖလားကိုကိုင်လှုပ်ဦးမယ့် ဟောင်းဝပ်ဝက်ဘ် စာ » ၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လေကြောင်းလိုင်းလေးလိုင်း တိုးလာမှုကြောင့် ခရီးသည်တင်လေယာဉ်များလည်း အရေအတွက်များလာခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတဖြည်းဖြည်း ဖွံ့ဖြိုးလာမှုကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်မှုနှင့် သွားလာလေ့လာမှုများ တိုးပွားလာလျက်ရှိရာ လေကြောင်းလိုင်းများလည်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၌ အဲကမ္ဘောဇ၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်လေကြောင်းလိုင်း၊ ၂၀၁၂ ခုနှစ်တွင် ရွှေမြန်မာလေကြောင်းလိုင်းနှင့် ၂၀၁၄ ခုနှစ်၌ မန်းမြန်မာလေကြောင်းလိုင်း စသည့် လေကြောင်းလိုင်းသစ်လေးလိုင်း ပျံသန်းပြေးဆွဲခဲ့သည်။ ယင်းလေကြောင်းလိုင်းများအနက် ရန်ကုန်လေကြောင်းလိုင်းကို ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းခဲ့ပြီး ၂၀၁၁ ခုနှစ်က ပြန်လည်ပျံသန်းပြေးဆွဲခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က စတင်ပျံသန်းပြေးဆွဲခဲ့သည့် မြန်မာ့လေကြောင်းလိုင်း၊ ၁၉၉၄ ခုနှစ်က စတင်ပျံသန်းပြေးဆွဲခဲ့သည့် အဲမန္တလေးလေကြောင်းလိုင်း၊ ၁၉၉၈ ခုနှစ်က စတင်ပြေးဆွဲခဲ့သည့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း၊ ၂၀၀၄ ခုနှစ်က စတင်ပျံသန်းပြေးဆွဲခဲ့သည့် အဲပုဂံလေကြောင်းလိုင်း၊ ၂၀၁၀ ပြည့်နှစ်က စတင်ပျံသန်းပြေးဆွဲခဲ့သည့် အဲကမ္ဘောဇလေကြောင်းလိုင်း စသည့် လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံလေကြောင်းပျံသန်းမှုတွင် ၂၀၁၀ ပြည့်နှစ်၌ ခရီးသည်လေယာဉ် ၃၁ စင်းရှိသော်လည်း *စာမျက်နှာ ၈ ကော်လံ ၁* ❃

သတင်း-ဝေယံဦး
ဓာတ်ပုံ-အေးကေလင်း

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မန်းမြို့ဂုဏ်ကျက်သရေ ထိန်းသိမ်းပါစို့လေ

မန္တလေးမြို့သည်ကား မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်အဖြစ် နာမည်ကျော်ပါသည်။ ရှေးကပင် ယဉ်ကျေးမှုထွန်းကားခဲ့သည့် မြို့တော်ဖြစ်ခဲ့သည့်အလျောက် မြို့သူမြို့သားများမှာလည်း အပြောအဆို အပြုအမူကစ၍ ယဉ်ကျေးသိမ်မွေ့ကြသူများဖြစ်ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဆိုသည့် ဗြဟ္မာစိုရ်တရားများ ရှင်သန်ထွန်းကားရာဒေသလည်း ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်သည့် အလေ့အကျင့်ကောင်းများသည်လည်း မန္တလေးသူ မန္တလေးသားတို့၏ ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်ပါသည်။ မန္တလေးသူ မန္တလေးသားများသည် ရိုးသားကြိုးစားကြပြီး အေးအတူပူအမျှ ငြိမ်းချမ်းစွာနေထိုင်တတ်ကြသူများ ဖြစ်ပါသည်။

သို့သော်လည်း မိမိတို့လူမှုအဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို မထိန်းသိမ်းဘဲ ကိုယ်ကျိုးအတ္တရှေ့တန်းတင်ပြီး ဖျက်လိုဖျက်ဆီးလုပ်တတ်သူများကြောင့် မန္တလေး၏ကျော်စောဂုဏ်သတင်းကို ထိခိုက်စေခဲ့ပါသည်။ မန္တလေးမြို့တွင် လတ်တလောဖြစ်ပွားခဲ့သော ပဋိပက္ခများသည် လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက ရည်ရွယ်ချက်ရှိရှိ တမင်ဖန်တီး လုပ်ဆောင်ခြင်းဖြစ်ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မန္တလေးပဋိပက္ခနှင့်ပတ်သက်၍ ဇူလိုင် ၇ရက်က ပြောကြားသောမိန့်ခွန်းတွင် “မန္တလေးသူ မန္တလေးသားများဟာ လူမျိုးမရွေး၊ ဘာသာမရွေးဘဲ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာနဲ့ အတူတကွနေထိုင်လာခဲ့ကြတဲ့အစဉ်အလာရှိခဲ့ကြပါတယ်။ တစ်ဦးရဲ့ပွဲလမ်းသဘင်မှာ၊ လူမှုရေးကိစ္စရပ်များမှာ တစ်ဦးက ကူညီဆင်နွှဲရင်းနဲ့ ကိုးကွယ်ရာဘာသာချင်းမတူညီသော်လည်း အသွင်တူတဲ့ မန္တလေးသူ မန္တလေးသားဆိုတဲ့ ဒေသစွဲစိတ်နဲ့ ငြိမ်းချမ်းစွာအတူနေကြတဲ့ အခြားသောဒေသများအတွက်ပါ အတုယူစရာ စံပြလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ဂုဏ်သတင်းကျော်စောပါတယ်။ ဒါကြောင့်လည်း ဒီရက်ပိုင်းအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို အားလုံးလက်တွဲပြီး အသိရှိရှိ၊ သတိရှိရှိနဲ့ စဉ်းစားဆင်ခြင်ဉာဏ်ရှိရှိ တုံ့ပြန်နိုင်ခဲ့ကြတာဖြစ်ပါတယ်” ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါသည်။

မှန်ပါသည်။ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူတစ်ရပ်လုံးက အသိ သတိရှိရှိဖြင့် ပူးပေါင်းလက်တွဲတွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးသွေးထိုးလှုံ့ဆော်မှုမှန်သမျှ ဆန့်ကျင်ကာကွယ်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံသားအချင်းချင်း အမုန်းတရားကြီးထွားစေမည့် အပြောအဆိုများ၊ ရေးသားမှုများ၊ ပြုမူဆောင်ရွက်မှုများကို အားမပေးဘဲ ရှောင်ရှားကြရမည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့် လက်ရှိမန္တလေး၌ ဖြစ်ပွားခဲ့သော ပဋိပက္ခကိုသင်ခန်းစာယူပြီး မြန်မာနိုင်ငံ၏ အခြား မည်သည့်ဒေသမျှ ထပ်မံမဖြစ်ပွားအောင် အသိ သတိရှိရှိ ပူးပေါင်းကာကွယ်ရင်း မန္တလေးမြို့၏ ကျော်စောဂုဏ်သတင်းကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၈

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဇူလိုင် ၄ ရက်က ကျင်းပသော ဒုတိယအကြိမ် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးဆေးသေတ္တာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူလူထုများ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက်ကိုလည်း အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်းရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် ပြည်သူ့ကျန်းမာရေးစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းလျှော့ချရေးနှင့် မိခင်များ၏ ကျန်းမာရေးမြှင့်တင်ရေးတို့ကိုလည်း ရည်မှန်းချက်ပန်းတိုင်ရရှိအောင် စီမံချက်များရေးဆွဲပြီး ကျေးရွာတိုင်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုပေးနိုင်သော ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းသူနာပြု၊ သားဖွားဆရာမနှင့် အရန်သားဖွားဆရာမများကို လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး အရန်သားဖွားဆရာမ သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးဆေးသေတ္တာများကို ပေးအပ်ရာ သင်တန်းသူများကိုယ်စား အရန်သားဖွားဆရာမ သင်တန်းသူနှစ်ဦးက လက်ခံယူသည်။

ယင်းနောက် ဆေးရုံကြီးကြပ်ကော်မတီက မြို့နယ်ဆေးရုံအတွက် လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင်တန်းသူမအိစန္ဒာဖြိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံများနှင့် ဆယ့်လေးကျေးရွာကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင် ပထမအကြိမ် အရန်သားဖွားဆရာမ ၆၀ နှင့် ဒုတိယအကြိမ် အရန်သားဖွားဆရာမ ၃၀ တို့ကို စာတွေ့လက်တွေ့သုံးလ သင်တန်းပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာပြုပြင်စရာ

မြို့ပြအကျည်းတန်နေခြင်းကို ရှင်းလင်းပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် (၁)လမ်းနေ ပြည်သူများအနေဖြင့် မြို့ပြနှင့် ရပ်ကွက်သာယာလှပစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကျည်းတန်အရုပ်ဆိုးစေသော ဖြစ်ရပ်များနှင့် ကြုံတွေ့နေရကြောင်း၊ အဆိုပါ (၁)လမ်းသည် အရှေ့ဘက်ခြမ်းတွင် မြန်မာ့မီးရထား၏ အုတ်တံတိုင်းရှိသည့်အတွက် လူနေအိမ်ခြေတစ်ခြမ်းသာရှိရာ မြန်မာ့မီးရထားအုတ်တံတိုင်းနှင့် ကပ်လျက် ပုံကျဈေးတန်းလမ်းတစ်ဝက်နီးပါး အခိုင်အမာကျူးကျော်ဆောက်လုပ် ဆိုင်ခင်း ရောင်းချနေခြင်းကြောင့် အမှိုက်သရိုက်များစုပုံနေကာ အနံ့ဆိုးများထွက်ပေါ်နေပြီး လက်တွန်းလှည်း၊ ဂါလီ၊ ဆိုက်ကားများဖြင့် လမ်းပိတ်ဆို့နေရာ မီးဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများအတွက် အသုံးပြု၍မရသည့် အခြေအနေဖြစ်ပေါ်နေကြောင်း၊ လမ်းအတွင်းရှိ သမဝါယမအဆောက်အအုံကို အရက်ဆိုင်ဖွင့်ထားသည့်အတွက် အဆိုပါလမ်းတွင် နေထိုင်သူများ စိတ်မချမ်းမြေ့စရာ အခြေအနေများနှင့် တွေ့ကြုံနေရကာ ကျောင်းသားကျောင်းသူများအတွက် အခက်အခဲဖြစ်နေကြောင်း၊ အရက်ဆိုင်မှာ လမ်းဧရိယာပေါ်တွင် မြေစိုက်အဖီထိုးကာ ကျူးကျော်ရောင်းချနေခြင်းကြောင့် ဆိုးရွားသောပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပေါ်နေကြောင်း၊ မြောင်းများအတွင်း အမှိုက်များပိတ်ဆို့နေရာ သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သော အန္တရာယ်ရှိနေကြောင်း သိရသည်။ ထို့အပြင် တရားဝင်နေရာချပေးထားသော မြသီတာဈေးမှ ဆိုင်ခန်းများလည်း လာရောက်ဖွင့်လှစ်ရောင်းချနေကြောင်း၊ ယင်းလမ်းတစ်ဝက်ခန့်ကျူးကျော်ကာ ဆွမ်းလောင်းအသင်း အဆောက်အအုံ အခိုင်အမာဆောက်လုပ်နေရာ မြို့ပြမျက်နှာစာသာယာလှပပြီး စနစ်တကျရှိစေရေး ကြိုးပမ်းနေချိန်တွင် ယခုလို အခြေအနေများဖြစ်ပေါ်နေခြင်းကို တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် တားဆီးရှင်းလင်းပေးရန် ယင်းဒုက္ခများကို နေ့စဉ်ခံစားနေကြရသော ပတ်ဝန်းကျင်ရှိ ပြည်သူတို့က လိုလားနေကြကြောင်း အများပြည်သူဝန်ဆောင်မှု မီဒီယာမှ တစ်ဆင့် တင်ပြလိုက်ရပါသည်။

ခင်မောင်သော်

စာအုပ်စာပေ လူ့မိတ်ဆွေ



ပြည်တွင်းသတင်း

နိုင်ငံခြားချေးငွေစီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နိုင်ငံခြားချေးငွေစီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပပြုလုပ်သည့် နိုင်ငံခြားချေးငွေစီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ရွေးချယ်ဆောင်ရွက်

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် စီမံကိန်းနယ်မြေများရွေးချယ်ရာတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း စသော ပြည်နယ်များအပါအဝင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကအားထားနေကြရသည့် ဆည်ရေသောက်စနစ်များ တည်ဆောက်ပြီးဖြစ်သော တိုင်းဒေသကြီးနယ်မြေများကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် မျှမျှတတတိုးတက်လာစေရန် ရွေးချယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၊ မိုးကောင်းသောက်လယ်မြေများမှ ဆည်ရေသောက်လယ်မြေများသို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၊ စိုက်ပျိုးရေ ရှားပါးသောဒေသများတွင် စိုက်ပျိုးရေ အလုံအလောက်ရရှိရေးလုပ်ငန်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရေးလုပ်ငန်း၊ "တောင်သူလယ်သမားများ အပါအဝင် စိုက်ပျိုးရေးပညာရှင်များအား အရည်အချင်း မြှင့်တင်ပေးနိုင်ရေး (Capacity Building) လုပ်ငန်းများ" ကို လက်တွေ့ကျကျ အရှိန်မြှင့်တင်ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံခြားချေးငွေ အကူအညီသုံးစွဲရာတွင် နိုင်ငံတကာစံချိန်၊ စံညွှန်းများ ကိုက်ညီမှုရှိရန်နှင့် နိုင်ငံတကာက ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိရေးကို အထူးအလေးအနက်ထားပြီး အဆင့်ဆင့် ကြပ်မတ်စစ်ဆေးသွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံခြားချေးငွေ စီမံကိန်းတစ်ခုချင်း၏ကဏ္ဍအလိုက် ရယူသုံးစွဲဆောင်ရွက်မည့်အစီအစဉ်များ၊ စက်မှုလယ်ယာစနစ် ပြုပြင်ပြောင်းလဲမှုဆိုင်ရာများ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရေးစီမံကိန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံခြားချေးငွေအကူအညီ ရယူသုံးစွဲခြင်းဆိုင်ရာနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် စည်းစနစ် မှန်ကန်မှုရှိစေရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး မှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို နိုင်ငံခြားချေးငွေအကူအညီရယူသုံးစွဲလုပ်ဆောင်ကြရာတွင် **တတိယအကြိမ် နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်း (Third Wave) လုပ်ငန်းစဉ်များ** အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်နှင့် ကိုက်ညီစွာဖြင့် တောင်သူလယ်သမားများအတွက် လက်ငင်းအကျိုးကျေးဇူး (Quick Win) ရရှိစေမည့်လုပ်ငန်းများကို အထိရောက်ဆုံး၊ အကျိုးရှိဆုံး ဦးစားပေး အသုံးပြုဆောင်ရွက်ကြရမည့်နည်းတူ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် ခိုင်ခံ့သော၊ ခိုင်မာသော အုတ်မြစ်များချမှတ်ပေးထားနိုင်ခဲ့ရေးအတွက် နောင်တစ်နှစ်ကျော်အကြာ ဖြစ်ပေါ်လာမည့် အစိုးရသစ်ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရန် ရေရှည်လုပ်ငန်းများကိုလည်း **"အမျိုးသားရေးအတွက် စနစ်၊ စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းမွန်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်းတို့အား လက်တွေ့ရလဒ်ကောင်းများ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း"** ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးစာစောင်များဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ပေါ့ဆမှု၊ အန္တရာယ်ရှိသောဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများအနီး ရောက်ရှိမှုကြောင့် ဒဏ်ရာရရှိမှု၊ ဓာတ်လိုက်သေဆုံးမှုကင်းဝေးစေရေးအတွက် မီးသုံးစွဲသူ မိဘပြည်သူများသတိပြုရှောင်ရှားနိုင်စေရန် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပေးစာစောင်များကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြို့နယ်၊ ရပ်ကွက်များအတွင်း လိုက်လံရှင်းလင်းဝေငှခြင်းများဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရှနိုက်တာလျှပ်စစ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သည့် ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်နှင့် ရှနိုက်တာလျှပ်စစ်မှ မြန်မာနိုင်ငံတာဝန်ခံ Contry President Mr. Pascal Reigner တို့က ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စမ်းသပ်ခန်းအတွင်းရှိ လက်တွေ့စမ်းသပ်မှုသုံး လျှပ်စစ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရန်ကုန်နည်းပညာတက္ကသိုလ်ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်နည်းပညာတက္ကသိုလ်သည် မြန်မာနိုင်ငံတွင် အစဉ်အလာကြီးမားသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်ပြီး အင်ဂျင်နီယာသမိုင်းတစ်ခေတ်ကိုဖော်ထုတ်ခဲ့သည့်အတွက် နိုင်ငံတကာက လေးစားအသိအမှတ်ပြုရသည့် တက္ကသိုလ်ကြီးဖြစ်ကြောင်း၊ ရှနိုက်တာလျှပ်စစ်သည် နိုင်ငံအသီးသီးတွင် တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းကို ဖွင့်လှစ်ခဲ့သည့်အတွက် ဂုဏ်ယူကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံသို့ စီးပွားရေးသက်သက်လာရောက်လုပ်ကိုင်ခြင်း၊ မြန်မာနိုင်ငံမှ ပြည်တွင်းအရင်းအမြစ်နှင့် အကျိုးအမြတ်ကိုသာ ရယူခြင်းမျိုးမဟုတ်ဘဲ နိုင်ငံအကျိုးပြုကိစ္စများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပြုလုပ်ပေးသည့် ရှနိုက်တာလျှပ်စစ်ကုမ္ပဏီနည်းတူ တာဝန်သိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဘရှွေက နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှနိုက်တာလျှပ်စစ်အနေဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှနိုက်တာလျှပ်စစ်မှ မြန်မာနိုင်ငံတာဝန်ခံ Country President Mr. Pascal Reigner က ပြည်တွင်း မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ရှနိုက်တာလျှပ်စစ်မှ မြန်မာနိုင်ငံတာဝန်ခံ Country President Mr. Pascal Reignar နှင့် ပါဝင်လှူဒါန်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ရှနိုက်တာ လျှပ်စစ်အနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ လက်တွေ့စမ်းသပ်ပြုလုပ်အသုံးချနိုင်ရန် ရှနိုက်တာလျှပ်စစ်စမ်းသပ်ခန်းကို စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၇၀၀ ဖြင့်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လက်ရှိသင်ကြားလျက်ရှိသည့် ဘာသာရပ်လေးခုဖြစ်သည့် Electrical Power, Electrionic and Communication, Information and Communication Technology နှင့် Mechatronic အတန်းများမှ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့သင်ကြားမှု ဘာသာရပ်များတွင် အထောက်အကူပြုသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် ဆွေးနွေးပွဲသံတွဲ၌ ကျင်းပ

သံတွဲ ဇူလိုင် ၈

သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား အရှိန်အဟုန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်ဆွေးနွေးပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက (Third Wave) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကံဝင်းက တာဝန်ယူမှု၊ တာဝန်သိမှုကိစ္စများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိမှ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး လျှပ်စစ်မီးရရှိရေးကိစ္စ၊ သောက်သုံးရေရရှိရေးကိစ္စ၊ စိုက်ပျိုးရေးဆိုင်ရာများ၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာများ၊ ငွေကြေးဆိုင်ရာများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာနများအလိုက် တင်ပြဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

■ ကျောဖုံးမှ

လေးကြိမ်ရရှိထားသူ ဖြစ်သည်။ ဝင်းထွန်းနှင့် ယှဉ်ပြိုင်မည့်သူမှာ ဒဂုံရွှေအောင်လံ ဒုတိယဆုရှင်၊ MMA ရွှေခါးပတ်ချန်ပီယံ မန္တလေးအခြေစိုက်လက်ဝှေ့သမားဖိုးသားကြီး (မန္တလေး)ဖြစ်သည်။

ထို့အတူ စောသဲဦး (အုန်းပင်ချောင်းတွံတေး)နှင့် ကျန်စစ်အောင် (အလင်းရောင်တွံတေး)၊ သန်းဇော်ဌေး (ငှက်အော်စမ်း) နှင့် မိုက်မိုက် (T&T) တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး တွံတေးနယ်ခံလက်ဝှေ့သမားများ၏ သုံးချီ၊ လေးချီစိန်ခေါ်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နိုင်ငံတကာသတင်း

ယူကရိန်းခွဲထွက်ရေးသမားများ ဒိုနက်စကီမြို့၌ စစ်ရေးပြင်ဆင်

ဒိုနက်စကီ ဇူလိုင် ၈

ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် တနင်္လာနေ့က ဒိုနက်စကီမြို့လမ်းများပေါ်တွင် ယူကရိန်းအစိုးရတပ်များကို ပြန်လည်တိုက်ထုတ်ရန် ပြင်ဆင်လျက်ရှိသည်။

ခွဲထွက်ရေးသမားများ၏ အဓိကခံတပ်မြို့ကြီးဖြစ်သည့် ဆလိုဗီယန်မြို့ကို အစိုးရတပ်များက ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက် ခွဲထွက်ရေးသမားများက ဒိုနက်စကီမြို့တွင် ကတုတ်ကျင်းများ၊ အတားအဆီးများချထားပြီး စစ်ပွဲအတွက် ပြင်ဆင်လျက်ရှိသည်။

ထိုအတောအတွင်း ဒိုနက်စကီမြို့လယ်မှ သေနတ်ပစ်ခတ်သံများ စတင်ကြားနေရကြောင်း၊ အစိုးရတပ်များနှင့် ခွဲထွက်ရေးသမားများအကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲအတွင်း ပြည်သူတစ်သန်းက စိုးရိမ်ပူပန်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယူကရိန်းနိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ် ရီနက်အာမီတော့ဗ်က အစိုးရအား လူနေရပ်ကွက်ပေါ်သို့ ဗုံးများကြဲမချရန် မေတ္တာရပ်ခံလိုက်သည်။ ထောင်ပေါင်းများစွာသော ဒေသခံများသည် ဒိုနက်စကီမြို့မှ ထွက်ခွာသွားသော်လည်း အများစုမှာ နေအိမ်များ၌ ရှိနေဆဲဖြစ်သည်ဟု ဆိုသည်။

ကိယက်ဗ်အစိုးရအနေဖြင့် ခွဲထွက်ရေးသမားများ သိမ်းပိုက်ထားသောနယ်မြေများကို အမြန်ဆုံးပြန်လည်ရယူသွားမည်ဟုဆိုသည်။ သီတင်းပတ်ကုန်ပိုင်းက ရုရှားအလံလွှင့်ထူထားသော သံချပ်ကာယာဉ်အချို့သည် ဆလိုဗီယန်မှ ဒိုနက်စကီသို့ ဝင်ရောက်လာခဲ့သည်။

(ရိုက်တာ)

ဂါဇာကမ်းမြောင်ဒေသသို့ လေကြောင်းတိုက်ခိုက်မှုများ အစ္စရေး ထပ်မံတိုးမြှင့်လုပ်ဆောင်

ဂါဇာ ဇူလိုင် ၈

ပါလက်စတိုင်း အစ္စလာမ္မစ်ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့ဘက်မှ ဒုံးကျည်တစ်ဒါဇင်ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု၏ နောက်ဆက်တွဲအဖြစ် ဂါဇာကမ်းမြောင်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုများ အစ္စရေးတို့ဘက်မှ ထပ်မံတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦးအပါအဝင် ပါလက်စတိုင်း ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဟားမတ်စ်အဖွဲ့မှ တိုက်ခိုက်ရေးသမားငါးဦးကို အစ္စရေးတို့က သတ်ဖြတ်မှု ဖြစ်ပွားပြီးနောက် ရန်စမှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်များဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ဆိုသည်။

အစ္စရေးတို့ဘက်က ၎င်းပြောဆိုမှုကို ငြင်းဆိုထားပြီး ဂါဇာဒေသသို့ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် အစ္စရေးတို့ဘက်မှ စစ်ဆင်ရေးစတင်လိုက်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ လာမည့်ရက်များအတွင်း စစ်ဆင်ရေးကို တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်ပြီး အရန်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀ အား ဆင့်ခေါ်ထားကြောင်းလည်း သိရသည်။

ပြီးခဲ့သည့်ရက်များက အစ္စရေးလူငယ်သုံးဦးပြန်ပေးဆွဲ သတ်ဖြတ်ခံရပြီး ပါလက်စတိုင်း ဆယ်ကျော်သက် လူငယ်တစ်ဦး ပြန်ပေးဆွဲသတ်ခံရမှုဖြစ်ပွားပြီးနောက် ယခုဖြစ်စဉ် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်မှ ဂါဇာနယ်စပ်အနီး များစွာသော တပ်ဖွဲ့ဝင်များ တိုးမြှင့်ဖြန့်ကြက်ချထားသည်ဟု သတင်းများတွင် ဖော်ပြထားကြသော်လည်း အစ္စရေးအစိုးရဝန်ကြီးအဖွဲ့က မြေပြင်စစ်ဆင်ရေး အမိန့်ပေးမှု ရပ်တန့်ထားသည်ဟု သိရသည်။

တင်းမာမှုများ ဖြစ်ပေါ်ရာ ၂၄ မိုင်အတွင်း မြို့များတွင် စာသင်ကျောင်းများနှင့် နွေရာသီ အပန်းဖြေစခန်းများ ပိတ်ထားရန် ဗဟိုအာဏာပိုင်များက ညွှန်ကြားထားကြသည်။

ဂါဇာဘက်မှ အစ္စရေးတို့ဘက်သို့ ဒုံးကျည်ပစ်ခတ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်ဟု အစ္စရေးတပ်မတော်ကဆိုပြီး ဂါဇာဒေသဘက်မှ စစ်သွေးကြွများ အသုံးပြုလျက်ရှိသည့် လေ့ကျင့်ရေးနေရာလေးခုနှင့် နေအိမ်နှစ်လုံးကို ပစ်မှတ်ထားကာ အစ္စရေးတို့က တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်ဟု ဟားမတ်စ်အဖွဲ့ကဆိုသည်။ **(ဘီဘီစီ)**

ဖီဖာ၏လုပ်ဖော်ကိုင်ဖက်ကုမ္ပဏီအကြီးအကဲ ဘောလုံးပွဲလက်မှတ် တရားမဝင်ရောင်းဝယ်မှုဖြင့် ဖမ်းဆီး

ဖီဖာ ဇူလိုင် ၈

ဘရာဇီးရဲအဖွဲ့က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတရားမဝင်လက်မှတ်များရောင်းချခဲ့ခြင်းအပေါ် စုံစမ်းစစ်ဆေးရန် ဖီဖာ၏လုပ်ဖော်ကိုင်ဖက်ကုမ္ပဏီစီအီးအိုအား ဖမ်းဆီးလိုက်သည်။ ရီယိုဒီဂျနေးရိုး ဟိုတယ်၌တည်းခိုနေသော ရေ့ိုင်းဝီးလန်အား တရားမဝင်လက်မှတ်များ ရောင်းဝယ်မှုဖြင့် ဘရာဇီးရဲက ဖမ်းဆီးလိုက်သည်။

လွန်ခဲ့သည့် သီတင်းပတ်တွင် ဘရာဇီးရဲက လက်မှတ်များတရားမဝင်ရောင်းဝယ်မှုဖြင့် လူ ၁၁ ဦးအား ဖမ်းဆီးလိုက်ပြီး နိုင်ငံတကာဂိုဏ်းတစ်ခုကိုလည်း ဖြိုခွင်းလိုက်သည်။ အဆိုပါ ဂိုဏ်းအဖွဲ့သည် တစ်ပွဲလျှင် အမေရိကန်ဒေါ်လာသန်း ၉၀ မက ရရှိနေကြောင်း ရဲအဖွဲ့ကပြောကြားသည်။ အချို့သောလက်မှတ်များကို နိုင်ငံခြားခရီးသွားများအား ရောင်းချပြီးဖြစ်ကြောင်း အာဏာပိုင်များက ယုံကြည်ထားသည်။

မစ္စတာ ဝီးလန်သည် ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်ပြီး တနင်္လာနေ့က ၎င်းအား ရဲအဖွဲ့ကဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ၎င်းအားစုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။ မစ္စတာဝီးလန်သည် ဆွစ်ဇာလန်အခြေစိုက် လာမက်ဟောစပီးတယ်လတီကုမ္ပဏီမှ အကြီးအကဲဖြစ်သည်။ **(ဘီဘီစီ)**

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်း ဗုံးပေါက်ကွဲမှု နေတိုးတပ်ဖွဲ့ဝင်များအပါအဝင် ၁၆ ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၈

အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်း ဘာဂရမ်လေတပ်စခန်းအနီး အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ နေတိုးတပ်ဖွဲ့ဝင်လေးဦးအပါအဝင် ၁၆ ဦးသေဆုံးခဲ့သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။ အကြီးဆုံး အမေရိကန်အခြေစိုက်စခန်းအနီး ဆေးခန်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲအရာရှိ နှစ်ဦးနှင့် အရပ်သားများ သေဆုံးခဲ့သည်။

သမ္မတရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး တင်းမာမှုများရှိနေချိန်၌ ယခုကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ရွေးကောက်ပွဲမအောင်မြင်သည့်ရလဒ်အနေဖြင့် လုံခြုံရေးနှင့် အကူအညီ အထောက်အပံ့များကို ထိခိုက်မှုရှိနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက သတိပေးပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အာဖဂန်သမ္မတရွေးကောက်ပွဲရလဒ် မဲလိမ်မှုများရှိ၍ ကန့်ကွက်သည်ဟု ပြိုင်ဘက်အဗ္ဗဒူလာပြောဆို

ကဘူးလ် ဇူလိုင် ၈

အာဖဂန်သမ္မတအဖြစ်ဝင်ရောက်အရွေးခံသူ အဗ္ဗဒူလာ အဗ္ဗဒူလာက ပြီးခဲ့သည့်လ ရွေးကောက်ပွဲရလဒ်များကို တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့ရာ ပြိုင်ဘက်အက်ရှရပ်ဖ်ဂါနီ မဲလိမ်မှုများပြုလုပ်ခဲ့၍ လက်မခံနိုင်ကြောင်း ပယ်ချလိုက်သည်။

ဂါနီသည် ဇွန် ၁၄ ရက် ဒုတိယအကျော့ရွေးကောက်ပွဲတွင် ၅၆ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားကြောင်း ရွေးကောက်ပွဲကော်မရှင်က တနင်္လာနေ့တွင် ကြေညာသည်။

သို့ရာတွင် တရားဝင်ရလဒ်များကို ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာမည်ဟု ဆိုသည်။

အဆိုပါ ရွေးကောက်ပွဲရလဒ်သည် မဲလိမ်မှုများရှိနေခြင်းကြောင့် မှန်ကန်မှုမရှိကြောင်း အဗ္ဗဒူလာက တုံ့ပြန်ပြောကြားသည်။

“ကျွန်တော်တို့ ဒီကနေ့ကြေညာတဲ့ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်ပါဘူး။ ဒါဟာ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီး အာဏာသိမ်းတဲ့သဘော သက်ရောက်ပါတယ်” ဟု အဗ္ဗဒူလာလှုံ့ဆော်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူဂျင်ရာမန်ရာဟင်မီက ပြောကြားသည်။

အဗ္ဗဒူလာသည် တာလီဘန်ဆန့်ကျင်ရေး တိုက်ခိုက်ရေးသမားဟောင်းတစ်ဦးဖြစ်ပြီး ပြိုင်ဘက်အက်ရှ်ရပ်ဖ်ဂါနီအား မဲလိမ်သည်ဟု ကျယ်ပြန့်စွာ စွပ်စွဲပြောကြားလျက်ရှိသည်။ ၎င်းက လက်ရှိ ရွေးကောက်ပွဲရလဒ်ကို ထုတ်ပြန်ခြင်းမပြုဘဲ အချိန်ဆွဲထားသင့်သည်ဟု ဆိုသည်။

ဂါနီသည် နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ ရပ်ရှ်တန်လူမျိုးစုများ၏ ထောက်ခံအားပေးခြင်း ခံရသူဖြစ်သည်။ တနင်္လာနေ့က ရာပေါင်းများစွာသော ပြည်သူများ ကန်ဒါဟာမြို့၌ ဂါနီအနိုင်ရမှုအတွက် လမ်းများပေါ်ထွက်ကာ အောင်ပွဲခံခဲ့ကြသည်။

ရိုက်တာ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပဲခူးတိုင်းဒေသကြီးအတွင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး

ပဲခူး ဇူလိုင် ၈

မန္တလေးမြို့၌ဖြစ်ပေါ်ခဲ့သော ဘာသာရေးအသွင်ဆောင်သော ပဋိပက္ခများနှင့်ပတ်သက်၍ အမျိုးမျိုးထွက်ပေါ်နေသော ကောလဟလသတင်းများကို ရှောင်ရှားနိုင်ရန်နှင့် ဘာသာပေါင်းစုံအတူယှဉ်တွဲကာ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ ကျင်းပသည်။

ကျောက်တံခါးမြို့နယ် ဈေးပိုင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက် ညနေ ၄ နာရီက မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က မန္တလေးမြို့၌ ဖြစ်ပွားခဲ့သောပဋိပက္ခများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မိမိတို့မြို့နယ်အတွင်း အလားတူကိစ္စများ ဖြစ်ပွားမှုများမရှိစေရေးနှင့် ကောလဟလသတင်းများနှင့် ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့သည်။ အလားတူပင် ဇီးကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရားလမ်းရှိ သံဃမှာရုံ၌ ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်တည်ငြိမ်ထိန်းသိမ်းရေးအဖွဲ့မှ နာယကအဖွဲ့ဝင် ဆရာတော် ဥူးတေဇဝံသနှင့် ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လှိုင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်၊ ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ တက်ရောက် ဆွေးနွေးကြသည်။

ထို့အတူ မင်းလှမြို့ အမှတ်(၆)ရပ်ကွက် ကန်သာယာယာလမ်းရှိ ဂျာမေဗလီ၌ ဗလီဥက္ကဋ္ဌ ဦးဘသန်းက ဘာသာရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ လက်တွဲနေထိုင်နိုင်ရေးနှင့် ရိုင်းပျသောအပြုအမူများနှင့် ကောလာဟလသတင်းများကို ယုံကြည်မှုမရှိကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဓမ္မစကြာအခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၆ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ဇူလိုင် ၁၁ ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်း ၂၁ သင်းက ဝတ်အသင်းသူ အသင်းသားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကောလာဟလများကိုမယုံကြည်ဖို့လို၊ ထူးခြားမှုရှိပါက သတင်းပို့နိုင်

ပျဉ်းမနား ဇူလိုင် ၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ဒေါ်သေးဗလီ၌ ယနေ့ညနေ ၃ နာရီက နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းသည် ပျဉ်းမနားမြို့ပေါ်ရှိ ဗလီဝတ်ကျောင်း ၁၃ ကျောင်းမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံကာ ပဋိပက္ခများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုမရှိစေလိုကြောင်း၊ ပဋိပက္ခ တစ်စုံတစ်ရာဖြစ်ပွားပါက ပြစ်မှုကျူးလွန်သူကို လူမျိုးဘာသာမခွဲခြားဘဲ ဥပဒေနှင့်အညီအရေးယူမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကဆောင်ရွက်မည်ဖြစ်ရာ ပြဿနာဖြစ်အောင်ဖန်တီးသူများကို အချိန်နှင့်တစ်ပြေးညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများ၏ အဓိကအကြောင်းအရင်းမှာ ကောလာဟလဖြစ်ရာ ကောလာဟလများကို မယုံကြည်ရန်နှင့် တစ်စုံတစ်ရာထူးခြားမှုသတင်းရရှိပါက ချက်ချင်းသတင်းပေးပို့နိုင်ကြောင်း ပြောကြားခဲ့သည်။ **(ဝဲပုံ)**

ဇော်မျိုးနိုင်

နေပြည်တော်စည်ပင်ရိပ်သာမီးပွိုင့်၌ ခရီးသည်တင်ယာဉ်တစ်စီး နောက်မှဝင်တိုက်ခံရ

နေပြည်တော် ဇူလိုင် ၈

ဇူလိုင် ၆ ရက် ညပိုင်းက နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှေ့မီးပွိုင့်၌ ခရီးသည်တင်ယာဉ်တစ်စီးကို ဂျစ်ကားတစ်စီးက နောက်မှဝင်တိုက်မိခဲ့သဖြင့် မော်တော်ယာဉ်မီးသီးအချို့ပျက်စီးပြီး လူတစ်ဦးအနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်း စည်ပင်ရိပ်သာရှေ့မီးပွိုင့်၌ ည ၁၁ နာရီခန့်က ဦးရဲမြင့်မောင်းနှင်သော နေပြည်တော်-မကွေး ခရီးသည်တင်ယာဉ်သည် မီးပွိုင့်၌ မီးနီ၍ရပ်တန့်ထားစဉ် ဦးမောင်မောင်ဆွေ မောင်းနှင်သော ခဲရောင်ဂျစ်ကားက နောက်မှဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ် နောက်ပိုင်း မီးသီးများနှင့် ဂျစ်ကား၏ ရှေ့မီးသီးနှစ်လုံး၊ လေကာမှန်များကွဲကာ ဂျစ်ကားမောင်းနှင်သူ ဦးမောင်မောင်ဆွေ၏ နဖူးတွင် ပေါက်ပြဲဒဏ်ရာ အနည်းငယ်ရရှိသွားခဲ့ကြောင်း သိရသည်။

ဦးမောင်မောင်ဆွေသည် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိရာ ဆေးစာအရ ဦးမောင်မောင်ဆွေသည် အရက်သောက်စားထားသည်ကို တွေ့ရသဖြင့် ဇမ္ဗူသီရိမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ရေနွေးအိုးအပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၈

ကမာရွတ်မြို့နယ်အတွင်း ဇူလိုင် ၇ ရက် နံနက်အစောပိုင်းက လျှပ်စစ်ရေနွေးအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက်နံနက် ၂ နာရီခွဲက ကမာရွတ်မြို့နယ် (၂) ရပ်ကွက် ပြည်လမ်းရှိ ကားအရောင်းပြခန်း၏ ငွေစာရင်းအခန်းအတွင်း၌ လျှပ်စစ်ရေနွေးအိုး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ ကားအရောင်းပြခန်း လုံခြုံရေးဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့၍ ငါးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရပြီး မီးလောင်မှုကြောင့် လျှပ်စစ်ရေနွေးအိုးတစ်လုံး၊ အဲယားကွန်းတစ်လုံးနှင့် Safe Guard တစ်ခုတို့ မီးလောင်ပျက်စီးခဲ့သည်။

ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် လျှပ်စစ်ရေနွေးအိုးကို ပေါ့ဆစွာအသုံးပြုခဲ့သူ ငွေစာရင်းတာဝန်ခံ မတိုးမြင့်စံအား ကမာရွတ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မိုးသည်းရေလျှံ

ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကြည့်မြင်တိုင် ကမ်းနားလမ်းနှင့် ဟံသာဝတီလမ်းဆုံ၌ ရေများနာရီဝက်ခန့် လျှံတက်လျက်ရှိရာ ကားများရေပေါ်မှ ဖြတ်သန်းမောင်းနှင်နေကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



သတင်းသမားမြင့်မားဂုဏ်ရည်

ဦးဟန်ညွန့်(ဥပဒေ)

သတင်းမီဒီယာသမားဆိုသည်မှာ

သတင်းမီဒီယာသမားဆိုသည်မှာ သတင်းမီဒီယာနှင့်စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်သူကိုဆိုသည်။ (သတင်းမီဒီယာဥပဒေပုဒ်မ ၂(ခ))

သတင်းမီဒီယာဆိုသည်မှာ

သတင်းမီဒီယာဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်းစသည့်အသွင်သဏ္ဌာန်များအသုံးပြု၍ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာတာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့်လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကို ဆိုသည်။
(သတင်းမီဒီယာဥပဒေပုဒ်မ ၂(က))

သတင်းမီဒီယာဥပဒေပြဋ္ဌာန်းခြင်း

ပြည်ထောင်စုလွှတ်တော်သည် သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်းလွတ်လပ်စွာရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊
(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊
(ဂ) သတင်းမီဒီယာများ၏ ရပိုင်ခွင့်နှင့်လွတ်လပ်ခွင့်များအပြည့်အဝရရှိစေရန်၊
(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊
(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊
(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်၊

တာဝန်နှင့် ကျင့်ဝတ်များ

သတင်းမီဒီယာသမားများလိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (ဥပဒေပုဒ်မ ၉)

(က) သတင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်း၊
(ခ) တိကျမှန်ကန်မှုမရှိသော သတင်းကိုဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊
(ဂ) တရားရုံးတွင်စစ်ဆေးဆဲ အမှုများနှင့်စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမပြုသမျှ ကာလပတ်လုံး တရားစွဲခံရသူအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူခြင်းနှင့်တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်မျိုးကို ဖော်ပြခြင်းမှရှောင်ကြဉ်ခြင်း၊
(ဃ) သတင်းဓာတ်ပုံနှင့်အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ်အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
(င) သတင်းဝေဖန်ချက်၊ အာဘော်နှင့်ဆောင်းပါးရေးသားခြင်းမှတစ်ပါး သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်၊ အာဘော်လုံးဝမပါရှိစေခြင်း၊
(စ) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာပစ္စည်းများကို ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှရှောင်ကြဉ်ခြင်း၊
(ဆ) အများပြည်သူ၏ အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတင်းရေးသားခြင်းမဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသောအရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊
(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကိုအကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း၊
(ဈ) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့်ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာခြင်း

သတင်းဟူသည်

သတင်းဟူသည်-
(၁) အချိန်အားဖြင့် နီးစပ်မှု၊ ထူးခြားမှုရှိ၊ မရှိ
(၂) ဒေသအားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ၊ မရှိ
(၃) လူအများနှင့် သက်ဆိုင်မှုရှိ၊ မရှိ
(၄) ဖြစ်ပျက်ပုံ ထင်ရှားထူးခြားမှုရှိ၊ မရှိ
(၅) အများစိတ်ဝင်စားမှုရှိ၊ မရှိ အချက်များကိုမူတည်၍ သတင်း၏ တန်ဖိုးကို ဆုံးဖြတ်သည်။

(ဂါဒီယန်ဦးစိန်ဝင်း၊ သတင်းစာဆရာကြီး ရေးသားပြုစုသော အခြေပြ သတင်းစာပညာ စာအုပ်၊ စာ-၉)

ရေးချင်သလိုရေးနိုင်သည်ဟု

“သတင်းစာများအား ရေးချင်သလိုရေးနိုင်သည်” ဟုလွတ်လပ်ခွင့်ပေးထားရတော့မည်လော။ စည်းကမ်းမဲ့တာဝန်မဲ့ရေးသားခြင်းကို အားပေးရမည်လော ဟူသော မေးခွန်းများပေါ်ပေါက်လာခဲ့သည်။ အမှန်မှာ တစ်ဦးတစ်ယောက်အားရည်ရွယ်၍ အသရေဖျက်မှုနှင့် စွဲနိုင်သောဥပဒေရှိပေသည်။ လွတ်လပ်မှုကို ဆိုရာမှာ ဥပဒေနယ်နိမိတ်အတွင်း လွတ်လပ်မှုကို ဆိုခြင်းသာဖြစ်ပေသည်။

(စာရေးဆရာမကြီးဒေါ်ခင်မျိုးချစ်ရေးသားသော သတင်းစာလောက စာအုပ်၊ စာ-၁၆)

သတင်းသမားမြင့်မားဂုဏ်ရည်

သတင်းမီဒီယာသမားများကို လူထုကချစ်ကြသည်။ ဂုဏ်ပြုကြသည်။ မြှောက်စားကြသည်။ ထို့အတူ ပြည်သူလူထုက သတင်းမှန်သိချင်ကြသည်။ ပြည်သူလူထုသတင်းမှန်သိခွင့်ရရေးအတွက် သတင်းမီဒီယာသမားများက ကြိုးပမ်းကြရသည်။ ကျင့်ဝတ်များစောင့်ထိန်းကြရသည်။ ဥပဒေကို လိုက်နာရသည်။

> **“သတင်းမီဒီယာသမားများသည် ကျင့်ဝတ်နှင့်တာဝန်များ လိုက်နာကျေပွန်ရမည်ဖြစ်သကဲ့သို့ ရပိုင်ခွင့်များကို ဖော်ဆောင်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။ နိုင်ငံသားတိုင်းသိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ခွင့်၊ ရေးသားခွင့် သတင်းထုတ်လွှင့်ခွင့်ရှိ”**

သတင်းသမားအမှားမကင်း

လူတိုင်းလူတိုင်း အမှားမကင်းနိုင်။ သတင်းသမားတိုင်းလည်း အမှားမကင်းနိုင်။ တစ်ခါတစ်ရံတွင် တိကျမှန်ကန်မှုမရှိသော သတင်းကိုဖော်ပြမိတတ်သည်။ ထိုအခါ ပြင်ဆင်ချက်ထည့်ပေးဖို့ လိုအပ်မည်။ ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသောစာမျက်နှာ၌ ဖော်ပြပေးရမည်။ အခြားမီဒီယာဖြစ်လျှင်အနီးစပ်ဆုံးအချိန်၌ အမြန်ဆုံးဖော်ပြပေးရမည်။ မမှားသောရှေ့နေ၊ မသေသောဆေးသမားဟူ၍မရှိ။ မိမိအမှားမိမိဝန်ခံခြင်းသည် ရှက်စရာမဟုတ်၊ ဂုဏ်ပင်ရှိသေး၏။ သတင်းမီဒီယာသမား၏မြင့်မားသော ဂုဏ်သိက္ခာဖြစ်ပါချေ၏။

အများပြည်သူ၏အကျိုးစီးပွား

အများပြည်သူ၏အကျိုးစီးပွားနှင့် သက်ဆိုင်သည့်သတင်းရေးသားလျှင် ပို၍သတိထားသင့်သည်။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာမထိခိုက်ပါစေနှင့်။ လူ့အခွင့်အရေးကို မထိခိုက်ပါစေနှင့်၊ သတင်းဖြစ်လျှင်ပြီးရောသဘောမထားပါနှင့်၊ အတွေ့အကြုံများလေလေ ပြည်သူ့အကျိုးသယ်ပိုးလေလေ၊ ဆောင်ရန်ရှောင်ရန်များ ပို၍တွေ့လေလေ၊ ဂရုပြုဖွယ်များလေလေ ဖြစ်ပါချေသည်။

တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ယာယီက တည်းဖြတ်ရေးဆွဲထားသော သတင်းမီဒီယာကျင့်ဝတ်စာအုပ် စာမျက်နှာ-၁၅တွင်

“သတင်းများ၊ မျက်မှောက်ဖြစ်ရပ်များနှင့် ပတ်သက်ပြီး ဘက်မလိုက်ဘဲ ဟန်ချက်ညီညီမျှတစွာကိုင်တွယ်ဆောင်ရွက်ရမည်။ သတင်းနှင့် မျက်မှောက်ဖြစ်စဉ်များအား ရေးသားတင်ပြခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ရိုးသားစွာဆောင်ရွက်ရမည်။ မတိကျသော အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ရေးသားထုတ်လွှင့်ခြင်း မပြုလုပ်ရပါ။”

“အကယ်၍မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ဖော်ပြမိပါကလည်း အချိန်မဆိုင်းဘဲ ပြင်ဆင်ချက်ထုတ်ပြန်ရမည်။ ထိုသို့ပြင်ဆင်ချက်ထုတ်ပြန်ရာတွင်လည်း မူလဖော်ပြချက်နှင့် အနီးစပ်ဆုံးနေရာတွင် ပေါ်လွင်ထင်ရှားစွာ အမြန်ဆုံးပြင်ဆင်ဖော်ပြပေးရမည်။ ထိုမတိကျမှုကြောင့် ထိခိုက်နိုင်သော လူ၊ အဖွဲ့အစည်းများအားလုံးကိုလည်း ပြန်လည်ဖြေရှင်းတုံ့ပြန်ဆောင်ရွက်ခွင့်ပေးရမည်” ဟု ဖော်ပြထားပါသည်။

ကိုးကွယ်ယုံကြည်မှု

ကိုးကွယ်ယုံကြည်မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာသမားများ အထူးသတိထားရမည်။ ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို နားလည်မှုရှိရှိ၊ မျှတသောရေးသားတင်ပြမှုရှိသင့်သည်။ မရည်ရွယ်သောအမှားများ မလိုအပ်သောတင်စားခိုင်းနှိုင်းမှုများ၊ ထိပါးမှုများမရှိစေရ။ ကောင်းစွာနားလည်ဂရုပြုရမည်။

ရပိုင်ခွင့်များ

သတင်းမီဒီယာသမားများသည် ကျင့်ဝတ်နှင့်တာဝန်များလိုက်နာကျေပွန်ရမည်ဖြစ်သကဲ့သို့ ရပိုင်ခွင့်များကိုဖော်ဆောင်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။ နိုင်ငံသားတိုင်းသိခွင့်ရှိသောသတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ခွင့်၊ ရေးသားခွင့် သတင်းထုတ်လွှင့်ခွင့်ရှိပေသည်။ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကိုလည်း ဖော်ထုတ်ရေးသားခွင့်ရှိသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကသတ်မှတ်ထားသောစည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင်သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်ရှိသည်။ ထုတ်ဝေစာစိစစ်ခြင်းမှ ကင်းလွတ်ခွင့်လည်းရှိသည်။

အများပြည်သူသိခွင့်ရှိသောသတင်းအချက်အလက်များ

လုံခြုံရေးအဆင့်အတန်းသတ်မှတ်ချက်မှအပ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။ စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူဆန္ဒပြရာဒေသတို့၌ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူခွင့်ရှိသည်။ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းရယူခြင်းနှင့် သက်ဆိုင်သောကိရိယာများကိုသိမ်းယူခံရခြင်း၊ ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်သည်။ လုံခြုံရေးအဖွဲ့အစည်းများ၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။ အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိသောကိစ္စများလည်းရှိသည်။ (ဥပဒေပုဒ်မ-၈(က))

သတင်းဆိုင်ရာထူးချွန်သူများ

သတင်းဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရန် သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ဥပဒေပုဒ်မ ၁၇ (ဃ)တွင်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သတင်းဆိုင်ရာထူးချွန်သူတွေ အများအပြားပေါ်ထွန်းစေလိုသည်။ ချီးမြှင့်မြှောက်စားရန်လည်း ပြည်သူတို့က စောင့်ကြိုလျက်ရှိသည်။ သတင်းမီဒီယာကို အရည်အသွေးမြှင့်တင်ရန် နည်းဥပဒေများကိုလည်း ရေးဆွဲလျက်ရှိပေပြီ။

အားသာချက်၊ အားနည်းချက်

သတင်းမီဒီယာသမားများသည် ယနေ့မီဒီယာခေတ်တွင်အားသာချက်၊ အားနည်းချက်များကိုရှာဖွေသုံးသပ်ကြရန်ဖြစ်သည်။ ရှေ့လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ကြရန်ရှိသည်။ ပေါ်ထွန်းလာမည့်မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဦးဆောင်မှုဖြင့် သတင်းမီဒီယာလုပ်ငန်းများတိုးတက်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြမည်ဖြစ်သည်။ သတင်းမီဒီယာလောကသားများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့်ပြည်သူ့အကျိုးသယ်ပိုးကြရန် ဖြစ်ပေသည်။

တင်ပြချက်

သတင်းမီဒီယာသမားများသည် မြင့်မားသောဂုဏ်ဒြပ်စွမ်းရည်များဖြင့် ပြည့်စုံသူများဖြစ်ကြပါသည်။ ပြည်သူအပေါင်း၏မေတ္တာရိပ်ကိုခိုလှုံလျက် ပြည်သူ့အကျိုးသယ်ပိုးနိုင်သူများ ဖြစ်ကြပါစေကြောင်း. . . . .။

တိုင်းကျန်းမာရေးဌာနမှ တီဘီရောဂါကုသပေး

မကွေး ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာ အေးစေတီဘုရားတွင် ဇူလိုင် ၇ ရက် နံနက် ၈ နာရီမှစ၍ တိုင်းကျန်းမာရေးဌာနမှ တီဘီရောဂါ ဆောလျင်စွာ ရှာဖွေကုသပေးနေကြောင်း သိရှိရပြီးယခုအကြိမ်ဆိုလျှင် မကြီးကန်ကျေးရွာ၌ လေးကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

တိုင်းတီဘီရောဂါဆရာဝန်ကြီး ဒေါက်တာ တင်မောင်ဆွေ၊ လက်ထောက် ဆရာဝန် ဒေါ်ထားထားအိ၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကြီးမြင့်၊ ကျေးရွာခံ ဆရာမ ဒေါ်ခင်စန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ၁၅ ဦးပါဝင်ကြောင်း၊ တီဘီရောဂါရှာဖွေစက်များဖြင့် ရှာဖွေ၍ ရောဂါတွေ့ရှိပါက အမြန်ဆုံးဆေးရုံဆေးခန်းများကို ညွှန်းပို့ပေးကြောင်း သိရှိပြီး ယင်းရောဂါရှာဖွေစစ်ဆေးခံသူများမှာ ကျေးရွာနေပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၆၀ ခန့် လာရောက်စစ်ဆေးခံယူလျက်ရှိကြောင်း သိရသည်။

ဇာဇာ(မကွေး)

ရေကြီးရေလျှံလေ့ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးမှ ၁၂၃ လမ်းအထိ ရေစီးမြောင်းတူးဖော်ဆယ်ယူခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာတို့ပူးပေါင်းကာ ဇူလိုင် ၅ ရက်က ဝန်ထမ်း ၁၀၀ ဖြင့် ဆောင်ရွက်ကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
အောင်သန်း(မင်္ဂလာတောင်ညွန့်)

လွှတ်တော်ရေးရာကဏ္ဍ

✽ ပြည်သူ့လွှတ်တော်မှ

ဓာတ်ရောင်ခြည်စက်များ လိုအပ်မှုတို့ရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator စက် အသစ်တစ်လုံး ထပ်မံတပ်ဆင်အသုံးပြုနိုင်ခဲ့သဖြင့် တစ်လလျှင် လူနာ ၈၀ ဦးခန့် ထပ်တိုးကုသမှုပေးနိုင်ပြီဖြစ်သဖြင့် ယခင်ကထက် စောင့်ဆိုင်းရချိန်များလျော့နည်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသပေးနိုင်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံတွင် ဓာတ်ရောင်ခြည်ဆေးကုသဌာနလေးခု (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်) ရှိလာပြီး လူနာများအနေဖြင့် မိမိတို့နီးစပ်ရာနေရာများတွင် သွားလာနေထိုင်ရေးလွယ်ကူစွာဖြင့် ကုသမှုခံယူနိုင်မည်ဖြစ်ပါကြောင်း။

ဓာတ်ရောင်ခြည်ဖြင့်ဆေးကုသမှုပိုမိုထိရောက်နိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator အသစ်တစ်လုံး ထပ်မံတပ်ဆင်အသုံးပြုရန်နှင့် Cabalt စက်၏ ရောင်ခြည်ထုတ်မှု အားနည်းသွားသော source အသစ်လဲလှယ်အသုံးပြုရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator စက်ကို ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် စတင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြေကြားစဉ်။ (သတင်းစဉ်)

တပ်ဆင်အသုံးပြုခဲ့ပြီး နေ့စဉ်လူနာ ၃၀ ဦးမှ ၅၀ ဦးအထိ ကုသမှုပေးလျက်ရှိပါကြောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator စက်ကို ၁၂-၈-၂၀၁၃ ရက်နေ့တွင် စတင်တပ်ဆင်အသုံးပြုခဲ့ပြီး စက်ချွတ်ယွင်းမှုကြောင့် စက်ပြုပြင်မှုများပြုလုပ်ခဲ့ရာ ၇-၇-၂၀၁၄ ရက်နေ့တွင် ပြန်လည်အသုံးပြုနေပြီဖြစ်ပါကြောင်းနှင့် နေ့စဉ်လူနာ ၁၀ ဦးအား ကုသမှုပေးလျက်ရှိပါကြောင်း၊ စစ်စံထွန်း ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်အသုံးပြုနိုင်ရန် ဝယ်ယူထားပြီးဖြစ်ရာ ယခုအခါ ယင်းအဆောက်အအုံမှာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **ရော်ဘာစိုက်တောင်သူများအတွက်ထောက်ပံ့ငွေများပေးရန်နှင့် ရော်ဘာဈေးကွက်တည်ငြိမ်ရန် နိုင်ငံတော်အစိုးရ အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းသန်းက မြန်မာနိုင်ငံတွင် ရော်ဘာသည် အခြားသော လယ်ယာသီးနှံများနည်းတူ စိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ် တိုးတက်မြင့်မားလျက်ရှိပါကြောင်း၊ နိုင်ငံအတွင်းရှိ ရာသီသီးနှံစိုက်ပျိုးကြသည့် တောင်သူ လယ်သမားများ စိုက်ပျိုးစရိတ် အဆင်ပြေစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မိုးရာသီရာသီသီးနှံ (စပါးနှင့် အခြားသီးနှံ) စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန်အတွက် ငွေကျပ် ဘီလီယံ ၁၀၃၇ ဒသမ ၉၇ ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်ပြတောင်းခံခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာနက စပါးသီးနှံအတွက် ငွေကျပ်ဘီလီယံ ၉၈၃ ဒသမ ၅၇၇ သာလျှင် ချေးငွေရရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရန်ပုံငွေရရှိမှုအခြေအနေများအရ ရော်ဘာအပါအဝင် နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ထုတ်ချေးနိုင်ခြင်း မရှိသေးပါကြောင်း။

ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများကို အခြားနိုင်ငံများကဲ့သို့ အရည်အသွေးပြည့်မီအောင်

ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းစဉ်။ (သတင်းစဉ်)

စနစ်တကျထုတ်လုပ်ပြီး ဈေးနှုန်းအမှန် ရရှိစေရေးအတွက်ဒေသအလိုက် ဖွဲ့စည်းထားရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅** တွင် **''နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်''** ဟု ပြဋ္ဌာန်းထားပါသဖြင့် ရော်ဘာဈေးနှုန်းကို ဝန်ကြီးဌာနအနေဖြင့် အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ပိုးသတ်ဆေးထုတ်လုပ်ရန် စက်မှုဇုန်တည်ထောင်ပေးရေး၊ ရော်ဘာစိုက်တောင်သူများအတွက် ထောက်ပံ့ငွေပေးရေး၊ ကင်ဆာဝေဒနာရှင်များ ပိုမိုထိရောက်စွာကုသနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **'' နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း''** နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✳ အမျိုးသားလွှတ်တော်မှ

လိုအပ်သည့်နေရာများတွင် စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန်နှင့် လှိုင်ကော်မြို့တွင်း ချောင်းရိုးတစ်လျှောက် ကျောက်စီနံရံများနှင့် တာထိန်းပေါင်များ စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ'' မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ထည့်သွင်းရှင်းလင်းခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးက ဘီလူးချောင်းရေကြီးနစ်မြုပ်မှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း၏ ရေပေးမြောင်းအဖြစ် အသုံးပြုထားသော ဘီလူးချောင်းကို ဒေါတချားရေတံခါး အထက်ဘက် ပေ၃၀၀ ခန့်အကွာတွင် ချောင်းကျဉ်းနေရာ ချဲ့ခြင်းလုပ်ငန်းနှင့် ဒေါတချားရေတံခါး၏ အထက်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် လူအားဖြင့်ရေလမ်းဖြောင့်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လှိုင်ကော်မြို့ လောခမ္မရပ်ကွက် ဘီလူးချောင်း မြေထိန်းနံရံ ပေ ၆၀၀ နှင့် ရေကာကျောက်တန်း ပေ ၇၀၀ ပြုလုပ်ခြင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် လှိုင်ကော်မြို့ ဒေါဥခူ ရပ်ကွက် သီရိမင်္ဂလာတံတားအနီး မြေထိန်းနံရံပြုလုပ်ခြင်း ခွင့်ပြုငွေကျပ် ၁၂ ဒသမ ၆ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပါကြောင်း။

ကယားပြည်နယ် ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ချောင်းရိုးတစ်လျှောက် ကျောက်နံရံများနှင့် တာထိန်းပေါင်များ စီမံဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် မူလရန်ပုံငွေကျပ်သန်း ၄၀ ခွင့်ပြုရရှိထားပြီးဖြစ်၍ ဘီလူးချောင်း၏ ချောင်းရိုးဖြစ်သည့် ဘုရားဖြူရွာနှင့် ဘုရားနီရွာအနီး လယ်မြေဧရိယာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ဘီလူး

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ချောင်း နှစ်ဖက်ကမ်းပတ်တာ တည်ဆောက်ခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘီလူးချောင်းရေအား ရေရှည်တည်တံ့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **''ရခိုင်ပြည်နယ်မြောက်ဦးမြို့ ရေရှားပါးမှု အခက်အခဲများကို အထောက်အကူပြု ဆောင်ရွက်နိုင်မည့် တောင်ဖြူဆည်ကန်နှင့် လက်ဆည်ကန်ပြုပြင်မည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရရန်ပုံငွေ သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ''** မေးခွန်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြို့ပေါ်ရပ်ကွက်(၇) ရပ်ကွက် သန့်ရှင်းသောသောက်သုံးရေ ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် မြို့ရေပေးရေးစီမံချက်ကို အသစ်ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ စီမံချက်တစ်ခုလုံး၏ ခန့်မှန်းခြေတွက်ချက်မှုအရ စုစုပေါင်း ၁၀၃၅ ဒသမ ၇၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ တောင်ဖြူဆည်ကန်မှ ဓမ္မရာဇ် ရပ်ကွက်၊ လော်ကမူရပ်ကွက်နှင့် လက်ကောက်ဈေးရပ်ကွက်များသို့ ရေအလုံအလောက် ဖြန့်ဝေနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ရန်ပုံငွေကျပ်သန်း ၃၅၀ ဒသမ ၀၀ ကုန်ကျမည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **''လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲမှတ်သားပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားများ၏ မှတ်ပုံတင် ဆောင်ရွက်ရာ၌ လူမျိုးရေးသွင်းမှု မှားယွင်းနေပါက ကာယကံရှင်များက လူမျိုးအမှန်ပြင်ဆင်ပေးရန် အထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ်

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ် မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မှတ်ပုံတင်စာရင်းများတွင် ရေးသွင်းရသည့် အချက်အလက်များသည် နိုင်ငံသားအရည်အချင်း ရှိ/မရှိ ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်တိကျမှုနှင့်အငြင်းပွားဖွယ်ရာ မဖြစ်စေရန်အတွက် ကာယကံရှင်၏ တရားဝင်ပြောဆိုတင်ပြချက်များကို အခိုင်အမာရယူ၍ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရပြီး ကာယကံရှင်က လျှောက်ထားချက်များ မှန်ကန်သည်ကို တာဝန်ယူလက်မှတ်ရေးထိုးရပါကြောင်း၊ အကြောင်းကြောင်းကြောင့် လူမျိုးမှားယွင်းနေမှုများရှိပါက လူမျိုးအမှန် ပြင်ဆင်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်သည့်အပြင် လက်ရှိတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သက်ဆိုင်ရာ အိမ်ထောင်စုဝင်မိသားစုများမှ လူမျိုးအမည်ပြောင်းလဲရေးနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို နိုင်ငံတစ်ဝန်းတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ကောက်ယူရရှိသည့် အချက်များအပေါ် လူမျိုးစာရင်း မှန်ကန်မှုပြန်လည်ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲမှတ်သားပေးနိုင်မည့် အစီအစဉ်ရှိပါကြောင်း။

စာရင်းကောက်များ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ်ထောင်စု၊ လူဦးရေစာရင်းချုပ်များကိုပြုစု၍ ရှေ့ပြေးလူဦးရေစာရင်းအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လခန့်တွင် ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသည့်စာရင်းများအရ လူမျိုးစုအမည်သတ်ပုံ၊ သတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်အသစ် ထပ်မံတိုးလာခြင်းနှင့် အချို့မှာပျောက်ကွယ်သွားခြင်းအပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက်များ ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများ စာရင်းပြန်လည်ပြုပြင်ပြောင်းလဲမှတ်သားပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာခြင်းအပေါ် ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယနေ့ အစည်းအဝေးတွင် မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် အပြန်အလှန်ဆွေးနွေးခြင်း Debateကို **''အပြောင်းအလဲ၊ ပညာ၊ ပညာရေးနှင့်ပညာတတ်ပြဿနာ'' Change; Knowledge Education and Educated Person** ခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်မဟာဗျူဟာလေ့လာရေးနှင့်သုတေသန ကော်မတီဥက္ကဋ္ဌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးချုပ် ကျော်ဦးလွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် စာရေးဆရာ ဦးကျော်ဝင်းက အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာရေးဆရာက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇူလိုင် ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မအိန္ဒြေဦးနှင့် မမြတ်ဖြိုးမြင့်သက်တို့အား ငွေကျပ်ခြောက်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းတို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် မလွင်မီမီထက်အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်း၊ လေးဘာသာဂုဏ်ထူးရှင် မသက်စန္ဒီအား ဂုဏ်ပြုဆုငွေကျပ် လေးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်းတို့အား ဒုတိယဝန်ကြီး ဦးသောင်းထိုက်ကလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မဆုပြည့်သဒ္ဒါထက်နှင့် မောင်အောင်ဇေဖြိုးတို့အား ငွေကျပ်သုံးသိန်းစီနှင့်ဂုဏ်ပြုမှတ်တမ်းတို့အား ဒုတိယဝန်ကြီး ဦးဇော်ဝင်းကလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦးအား ငွေကျပ် နှစ်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးအား ငွေကျပ် တစ်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းများကို တာဝန်ရှိသူတို့က လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ Squash အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြည့်စုံက တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး အား တစ်ဦးလျှင်ငွေကျပ် တစ်သိန်းစီ၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင် ဝူရှုးဥက္ကဋ္ဌ ဦးသစ္စာက နှစ်ဘာသာ ဂုဏ်ထူးရှင်ငါးဦးနှင့် သုံးဘာသာ ဂုဏ်ထူးရှင်နှစ်ဦးတို့အား တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းစီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးဇော်မိုးဝင်းက လေးဘာသာဂုဏ် ထူးရှင်နှစ်ဦးအား ငွေကျပ်လေးသိန်းစီ၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးအား ငွေကျပ် ငါးသိန်း၊ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ငွေကျပ် ၁၀ သိန်းစီ ထပ်မံ၍ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ယခုအခါ ခရီးသည်တင်လေယာဉ် ၄၈ စင်းအထိ ရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြည်ပမှ ခရီးသွားဧည့်သည်များလာရောက်မှု တိုးမြင့်လာသည်နှင့်အမျှ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရန် ရှိမည်ဖြစ်ရာ ခရီးသည်တင်လေယာဉ်များ တိုးတက်များပြားလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်လာရောက်မှုမှာ ၂၀၁၄ ခုနှစ်၌ ဧည့်သည် သုံးသန်းခန့် ရှိနိုင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်၌ ခရီးသည်လေးသန်းခန့် လာရောက်မည်ဟု ခန့်မှန်းထားသည်။ **(မြန်မာ့အလင်း)**

ပျဉ်းမနားမြို့ အမှတ်(၆) ဘုန်းတော်ကြီးပညာသင် ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာန ခေါင်းဆောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင်နှင့်အဖွဲ့သည် ဇူလိုင် ၈ ရက်တွင် ပျဉ်းမနားမြို့ ရတနာမှန်ကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသည့် အမှတ်(၆) ဘုန်းတော်ကြီး ပညာသင်ကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁ ဦးအား တစ်ဦးလျှင် ကျောင်းဝတ်စုံ နှစ်စုံစီ၊ ကျောင်းသုံးစာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ စတီးလ်သောက်ရေအိုးများ၊ အင်္ကျီစများ စသည်တို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် အာဟာရဒါနအဖြစ် ထမင်းနှင့် ဟင်းများ၊ နွားနို့၊ ငှက်ပျောသီးများ၊ ကျွေးမွေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် လေးခန်းတွဲ သန့်စင်ခန်းများကိုလည်း လှူဒါန်းခဲ့သည်။

ယင်းနောက် ရတနာမှန်ကျောင်းကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များကိုလည်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခြင်းများကိုပါ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ပိုမိုစိတ်ဝင်စားလာစေဖို့နဲ့ ချီးမြှင့်ဆုမဲ အရေအတွက် ပိုမိုများပြားလာစေဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်တဲ့အပြင် ထီမှောင်ခို ဈေးကွက်လျော့နည်းပပျောက်သွားစေဖို့ ခေတ်နဲ့အညီ လုပ်ဆောင်ပေးခြင်းလည်းဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်က ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးကို အရှိန်အဟုန်မြှင့် တစိုက်မတ်မတ် လုပ်ဆောင်ပေးနေချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ အောင်ဘာလေသိန်းဆုဌာနခွဲကလည်း ခေတ်နဲ့လျော်ညီအောင် ဖြေလျှော့မှုတွေ အမျိုးမျိုးပြုလုပ်ပြီး ပြည်သူတွေကို ဆုမဲများများ ချီးမြှင့်ပေးနိုင်အောင် ကြိုးစားနေပါတယ်။ နိုင်ငံတော်အနေနဲ့ ထီရောင်းလို့ရရှိတဲ့ ငွေထဲက ၄၀ ရာခိုင်နှုန်းကိုပဲ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်ထားရှိပြီး နိုင်ငံတော်ရဲ့လိုအပ်တဲ့နေရာတွေမှာ သုံးစွဲတယ်။ ကျန်တဲ့ ၆၀ ရာခိုင်နှုန်းကို ပြည်သူတွေအတွက် ပြန်ပြီး ဆုချီးမြှင့်ပေးခဲ့တယ်။ နောင်လည်း ဒီ့ထက်မက ဆုမဲတွေကို တန်ဖိုးပိုမိုမြှင့်ပေးတာတို့၊ ဆုမဲအရေအတွက် အခုလို တိုးမြှင့်များပြားအောင်လုပ်ပြီး ဖြေလျှော့မှုတွေကို အတတ်နိုင်ဆုံး လုပ်ပေးနေမှာဖြစ်ပါတယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာနအောက်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောကြားသည်။

ယခုအခါ အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချပေးလျက်ရှိသည့် ငွေကျပ် ၂၀၀ တန် အောင်ဘာလေထီများကို ပြည်သူများပိုမိုစိတ်ဝင်စားလာမှုရှိလာပြီး ထီထိုးသူ ၃၀ ရာခိုင်နှုန်းကျော် တိုးတက်များပြားလာကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးအနေဖြင့် အောင်ဘာလေထီရောင်းအား အမြင့်ဆုံးမြို့များမှာ ရန်ကုန်၊ မန္တလေးနှင့်မိတ္ထီလာ စသည့်မြို့ကြီးများတွင် လစဉ်ရောင်းအား မြင့်တက်လျက်ရှိသည်။ ယခုလို ဂဏန်းလေးလုံးတွဲ ပဒေသာယူနစ်စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ခြင်းကြောင့် ယခုလဆန်းပိုင်းမှာပင် ထီဈေးကွက်အတွင်း ထီထိုးသူ ပိုမိုများပြားလာ လျက်ရှိသည်။ ထီဈေးကွက် စီးပွားရေးစနစ်အရလည်း ယခု ထီတစ်စောင်လျှင် အမြင့်ဆုံးငွေကျပ် ၂၅၀ မှ ၂၈၀ အထိသာ ရောင်းချပေးလျက်ကြောင်း ပြင်ပထီဈေးကွက် အရောင်းဆိုင်များမှ သိရသည်။

" နိုင်ငံတော်ထီအနေနဲ့ အခုလို ခေတ်စနစ်နဲ့အညီ တိုးတက်ပြောင်းလဲပြီး ပြည်သူတွေကို ဆုမဲချီးမြှင့်ပေးတာကောင်းပါတယ်။ အမှန်တကယ်လည်း ပြုပြင်ပြောင်းလဲရမှာပါ။ ဒါမှလည်း ဒီအောင်ဘာလေထီကြီးကို ပြည်သူတွေပိုမိုစိတ်ဝင်စားလာမှာ။ အခုလို ပြောင်းလဲမှုကြောင့် ကျွန်တော်ထင်တယ် ရောင်းအားအနည်းဆုံး ရာခိုင်နှုန်း ၂၀ နဲ့ ၃၀ ကြား တိုးတက်လာမှာပဲ။ အောင်ဘာလေထီ ပြောင်းလဲတိုင်း ထီဝါသနာပါသူ ပြည်သူတွေ ပိုမိုများပြားလာတာကို ယခင်ပြောင်းလဲမှုတွေတုန်းကလည်း တွေ့ခဲ့ရတယ်" ဟု မြန်မာနိုင်ငံ ထီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးညွန့်က ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် အောင်ဘာလေသိန်းဆုကြီးကို ၁၉၃၈ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၇၅ နှစ် ကျော်ခဲ့ပြီဖြစ်သည်။ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် အောင်ဘာလေထီဆုမဲများကို ကိုယ်စားလှယ်ပေါင်း ၁၅၀၀၀ ကျော်က လစဉ်ရောင်းချပေးလျက်ရှိရာ ထီထိုးသူ သုံးသန်းကျော်ရှိနေကြောင်း သိရသည်။

" ပဒေသာစနစ် တိုးမြှင့်ကျင့်သုံးလိုက်တာနဲ့ ဆုမဲတွေ နဂိုနဲ့စာရင် တိုးပြီးပေါက်လာမယ်။ ထီထိုးတဲ့ ပြည်သူတွေအတွက် ကောင်းတယ်။ အခုဆိုရင် အက္ခရာအလုံး ၃၀ ထပ်တိုးထုတ်တယ်။ နောက်ထပ်လည်း ကိုးလပိုင်းလောက်ကို ၁၀ လုံးထပ်တိုးထုတ်ဦးမယ်လို့ ကြားတယ်။ ကျွန်တော်တို့ကတော့ ကြိုဆိုတယ်။ ဒါကောင်းတဲ့အစီအစဉ်ပဲ။ အလုံးရေများများတိုးထုတ်ပေးနိုင်လေ ထီချစ်တဲ့ ပြည်သူအတွက် ပိုကောင်းလေပါပဲ။ အခုဆိုရင် ကျွန်တော့်ဆိုင်အနေနဲ့ အနည်းဆုံးတစ်နေ့ ၁၀ ရာခိုင်နှုန်းလောက် ရောင်းအားတက်လာတယ်" ဟု ရန်ကုန်မြို့ (၂၇)လမ်း (အထက်ဘလောက်)ရှိ အောင်ဆုထူးပိုင်မှ ပိုင်ရှင် ကိုကျင့်ဟူက ပြောသည်။

မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ယခုလ (၃၀၇)ကြိမ်မြောက်မှ စတင်ကျင့်သုံးမည့် ပဒေသာယူနစ်စနစ်သည် အိမ်နီးချင်း ထိုင်းနိုင်ငံ၌လည်း လက်ရှိကျင့်သုံးလျက်သည်။ အခြားကမ္ဘာ့နိုင်ငံအများစုတွင် Computerize Lottery စနစ်ကို တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နယ်စပ်ဒေသလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှငွေးဝင်းအား ထိုင်းဘုရင့်တပ်မတော် Neighbouring Countries Coordination Centre မှ ညွှန်ကြားရေးမှူး General Suravach Butrwong သည် ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်များ ပူးပေါင်းကာကွယ်ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**



အလားတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှငွေးဝင်းအား ရန်ကုန်မြို့ရှိ United Nations Office on Drugs and Crime (UNODC) ရုံးမှ Country Manager ဖြစ်သူ Mr.Jason Eligh သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် UNODC ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ရောင်းချမှုများ ပပျောက်ရေးအတွက် မြန်မာ့တပ်မတော်က နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အစွမ်းကုန် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ်အရောင်းပြခန်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဇူလိုင် ၇ ရက်နံနက် ၁၁ နာရီက ဂျာမနီနိုင်ငံ FRITZ WERNER ကုမ္ပဏီ၏ ရန်ကုန်ရုံးခွဲတာဝန်ခံ Mr.Ralf Wiegand နှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲတွင် မော်တော်ယာဉ်အရောင်းပြခန်းများ ဖွင့်လှစ်ရေး၊ မော်တော်ယာဉ်အသင်းကို စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ဖြင့် ခိုင်မာစွာ ဖွဲ့စည်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ကာလတူ ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှု နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်အပိုင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၇ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ကန်ဒေါ်လာ ၀ ဒသမ ၂၀၇ သန်းလျော့နည်းခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် ကန်ဒေါ်လာ ၃ ဒသမ ၈ သန်း ပိုမိုလာခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ဘဏ္ဍာရေးနှစ်အစပိုင်း ပထမသုံးလတွင် ရာနှုန်းပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒုတိယသုံးလစတင်သည့် ဇူလိုင်လအတွက် ပထမပတ်တွင်ပင် ကုန်သွယ်မှု ပမာဏလျာထားချက် ဒေါ်လာသန်း၂ ဒသမ ၂၆၂ သန်းအပေါ် ကန်ဒေါ်လာ ၀ ဒသမ ၆၄၆ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် ရာနှုန်းအားဖြင့် ၂၈ ဒသမ ၅ ရာခိုင်နှုန်းထိ ဆောင်ရွက်နိုင်မှုရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန တမူးနယ်စပ်စခန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပို့ကုန်ပိုင်းတွင် ကုန်သွယ်မှုပိုမိုရခြင်းမှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော ကွမ်းသီး၊ စီးကရက်နှင့်ပြည်ပမှ ကုန်ကြမ်းပစ္စည်းများရယူကာ ပြည်တွင်းတွင်ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့ရောင်းချသည့် CMP ပစ္စည်းဖြစ်သော ဖိနပ်များတင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်အနေဖြင့် လျော့နည်းရခြင်းမှာ တစ်ဖက်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်ခြင်း၊ မြေအောက်လက်နက်ကိုင် အဖွဲ့အစည်းများ များပြား၍ လုံခြုံရေးမတည်ငြိမ်ခြင်း၊ အဖွဲ့အစည်းအမျိုးမျိုးတို့၏ သပိတ်မှောက်မှုများကြောင့် မိုရေး-အင်ဖာ သွားကားလမ်းများ မကြာခဏပိတ်ဆို့ခြင်း၊ သွားလာသည့်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုများကို ဟန့်တားနှောင့်နှေးစေ၍ဖြစ်သည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်နေ့မှစ၍ (Individual Trading Card, ITC) တစ်ဦးတည်းပိုင် ကုန်သွယ်မှု လုပ်ငန်းရှင်မှတ်ပုံတင်ကတ်များ ခွင့်ပြုထုတ်ပေးပြီး တစ်ပိုင်တစ်နိုင် ကုန်သွယ်မှုလုပ်ကိုင်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လကုန်အထိ ITC (၁၁၀) ထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ ပို့ကုန်ကျပ်သန်းပေါင်း ၂၁၉ ဒသမ ၆ သန်း၊ သွင်းကုန်ကျပ်သန်းပေါင်း ၃၄၁ ဒသမ ၂၉ သန်း၊ ကုန်သွယ်မှုပမာဏပေါင်း ကျပ်သန်း ၅၆၀ ဒသမ ၈၉၄ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုပမာဏလျာထားချက်များ ပြည့်မီကျော်လွန်ရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသမှ ပုံမှန်တင်ပို့နေကျ ပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန် ပို့ကုန်အမယ်သစ်များ ရှာဖွေတင်ပို့နိုင်ရန်နှင့် ကုန်ပစ္စည်းများတရားမဝင် ဝင်ထွက်မှု မရှိစေရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဗဟို၏ ညွှန်ကြားချက်များနှင့်အညီ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏အနီးကပ်ကြီးကြပ်ပံ့ပိုးမှုများဖြင့် ကလေး-တမူး-ကလေးဝနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းနှင့် ကုမ္ပဏီလုပ်ငန်းများ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ကုန်သွယ်မှုပမာဏ မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ ဧပြီလ၊ မေလ၊ ဇွန်လများ၌ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကွမ်းသီး၊ စီးကရက်၊ ဖိနပ် (CMP) ပစ္စည်းနှင့် နန်းဖာလုံဈေးအမယ်စုံ ကုန်ပစ္စည်းများဖြစ်သည့် သုံးဆင့်စင်၊ အင်ဗာတာ၊ ဖန်ခွက်၊ အရုပ်စုံ၊ လက်ဆွဲမီးစက်(သေး)၊ ပလတ်စတစ်ရေပုံးတို့ဖြစ်ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် ဂျုံမှုန့်၊ ယားနာလိမ်းဆေး၊ ချည်ထုပ်၊ ပဲရာဇာ၊ ဖိနပ်မျိုးစုံ၊ ရွှေရည်စိမ် လက်ကောက်၊ အဝတ်ဖြတ်စ၊ ဂျုံစေ့နှင့်တောင်လုံးကျော်တို့ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလိုအပ်ချက်နှင့် ကျွမ်းကျင်လုပ်သားဈေးကွက် ချိတ်ဆက်ဖြည့်ဆည်းရေး လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲဆောင်ရွက်

နေပြည်တော် ဇူလိုင် ၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍတိုးချဲ့ မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား တတိယအဆင့် အရှိန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်တွင် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိလာရေးအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးရေးဆောင်ရွက်ကြရန် ပါရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းသင်တန်းများကို ပြန်လည်သုံးသပ်၍ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလိုအပ်ချက်နှင့် ကျွမ်းကျင်လုပ်သားဈေးကွက် ချိတ်ဆက်ဖြည့်ဆည်းရေး လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့အနေဖြင့် လုပ်ငန်းကဏ္ဍအသီးသီးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းရေးဆွဲ အကောင်အထည်ဖော်သွားရန်လိုအပ်ပါကြောင်း၊ မူဝါဒနှင့် ဥပဒေများရေးဆွဲရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေး လက်တွေ့ဘဝလိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဦးတည်ဆွေးနွေးရေးဆွဲကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက လက်ရှိဖွင့်လှစ်ထားသော သင်တန်းကျောင်းများအား ပိုမိုကောင်းမွန်အောင်၊ ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသော သင်တန်းများအား ဒေသအလိုက် ဖွင့်လှစ်ပေးနိုင်ရေးနှင့် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေးကဏ္ဍ ပိုမိုခိုင်မာစေရေးနှင့် ပြည့်စုံစေရေးတို့အတွက် မူဝါဒနှင့်ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နည်းပညာနှင့် သက်မွေးပညာရေးဥပဒေမူကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေးအထူးလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

လျှပ်စစ်အန္တရာယ် ကင်းဝေးရေး ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဘဏ္ဍာရေးမှူးနှင့် ဝန်ထမ်းများမှ ဇူလိုင် ၇ ရက်က အိမ်တိုင်ရာရောက်သွားရောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **စိန်လွင်အောင်**

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် မိုးပိုလာနိုင်သည်။

မော်တော်ယာဉ်များအား အများပြည်သူသို့ သင့်တင့်သောဈေးဖြင့် ရောင်းချနိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Duty Truck Group Co., Ltd မှ ဒုတိယဥက္ကဋ္ဌ Mr.Liu Wei နှင့်အဖွဲ့သည် ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနနှင့် Sinotruck ကုမ္ပဏီတို့ ပူးပေါင်း၍ အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်)တွင် Sinotruck မော်တော်ယာဉ်များ ထုတ်လုပ်ရေးအမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)နှင့် အမှတ်(၃၇) အကြီးစားစက်ရုံ (ဆင်တဲ)တို့တွင် Sinotruck ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် ဧရိယာများ ရှာဖွေကူညီ ဆောင်ရွက်ပေးရေး၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော မော်တော်ယာဉ်များအား အများပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် Component Part များ သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြုပြင်ပြောင်းလဲမှုများ စားပွဲဝိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအားလုံး တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ မြင့်တက်လာရေးအတွက် ဇွန် ၂၆ ရက်က စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အရာထမ်း၊ အမှုထမ်းအင်အား ၄၀၀ ကျော်တက်ရောက်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က သက်ဆိုင်သည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

အလားတူပင် ဝန်ကြီးဌာန ကြီးကြပ်မှုအောက် နယ်မြေဒေသအသီးသီးရှိ လုပ်ငန်း/ဌာနများတွင် လုပ်ငန်းနှင့် ပတ်သက်သော ဖြစ်စဉ်များချပြပြီး ဝိုင်းဝန်းဆွေးနွေး အဖြေရှာသည့် စားပွဲဝိုင်းဆွေးနွေးပွဲ (Workshop)များကို **(အပေါ်ယာပုံ)** မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဇွန် ၁၈ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ဇွန် ၁၉ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဇွန် ၂၃ ရက်မှ ၃၀ ရက်အထိလည်းကောင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးရန် ကင်းဝေးဖို့ အားလုံးပါဝင် ကူညီစို့

မိုးလေဝသအခြေအနေ

၈-၇-၂၀၁၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ဘူတာပေါင်း ၁၅ ဘူတာတွင် ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် အကောင်အထည်ဖော်ဆောင်တော့မည်

ရန်ကုန် ဇူလိုင် ၈

မြန်မာ့မီးရထားလုပ်ငန်းမှဘူတာပေါင်း ၁၅ ဘူတာတွင် ကွန်ပျူတာအသုံးပြု လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System) ကို အကောင်အထည်ဖော်ဆောင်ရွက်တော့မည် ဖြစ်ကြောင်း သိရသည်။

ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System) အတွက် အဆိုပြုလွှာတင်သွင်းသူများမှာ နိုင်ငံအတွင်းရှိ နိုင်ငံသားပိုင်ကုမ္ပဏီနှင့် တစ်ဦးချင်းအလိုက် မည်သူမဆို Open Tender အဆိုပြုတင်သွင်းနိုင်ကြောင်း သိရသည်။ တင်ဒါအဆိုပြုတင်သွင်းသည့်အခါ၌လည်း (Bid Bond)ငွေကျပ်သိန်း ၅၀ နှင့်အတူ တင်သွင်းကြရမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ရရှိပါက မြန်မာ့မီးရထားလုပ်ငန်းအတွက် အာမခံစပေါ်ငွေကျပ် သိန်း ၂၀၀ ပေးသွင်းရမည်ဖြစ်သည်။ ထို့အပြင် ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ်အတွက် လုပ်ကိုင်ခွင့်ရသူသည် ထားရှိမည့်ဝန်ထမ်းများ၏ လေ့ကျင့်မှုအပိုင်းများကိုလည်း အချိန်ကာလအပိုင်းအခြားသတ်မှတ်ထားရှိပြီး လုပ်ကိုင်ခွင့်ရသည့်အခိုက် ပူးတွဲတင်ပြသွားရမည်ဖြစ်သည်။

အဆိုပါ ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System) အတွက် လောလောဆယ် ဘူတာပေါင်း ၁၅ ဘူတာတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီး၊ ဘုရားလမ်း၊ ကြည့်မြင်တိုင်၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်၊ တညင်း ကုန်း၊ လှော်ကား၊ မင်္ဂလာဒုံ၊ တိုး ကြောင်ကလေး၊ တံတားကလေး၊ ပုရွက်ဆိတ်ကုန်း၊ သဃ်န်းကျွန်း၊ မလွကုန်းနှင့် ပုဇွန်တောင်ဘူတာတို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံမိုးပျံရထားဘူတာတွင် ကွန်ပျူတာအသုံးပြုလက်မှတ် ကတ်ပြားစနစ်ဖတ်ခြင်းဖြင့် အလိုအလျောက် ဂိတ်တံခါးဖွင့်စနစ်ကို သုံးစွဲနေကြသော ရထားစီးပြည်သူများအား တွေ့ရစဉ်။

မြန်မာ့မီးရထားလုပ်ငန်းအင်ဂျင်နီယာမှူး (မြို့ပြရုံး)၊ တိုင်း(၇)ရန်ကုန်မှ မန်နေဂျာ (သွားလာရေး/တိုင်း) ဦးကျော်စိုးလင်းက "ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး Open Tender အဆိုပြုတင်သွင်းရပါမယ်၊ ဒီအဆိုတင်သွင်းကြမယ့် ဖောင်တွေကလည်း တစ်စောင်ကို ငွေကျပ်သုံးသောင်းနဲ့ ဘယ်သူမဆို ဝယ်ယူနိုင်ကြပါတယ်။ လက်ရှိ ဖောင်အစောင်ရေ ၂၃ စောင် ရောင်းပြီးနေပါပြီ။ စိတ်ဝင်စားတဲ့သူကလည်း များပါတယ်။ ကျွန်တော်တို့က လုပ်ကိုင်ခွင့်ရတဲ့သူရဲ့ အကျိုးအမြတ်အတွက်ကို ခရီးသည်တစ်ဦးချင်းအပေါ် လက်မှတ်နှုန်းထားသတ်မှတ်ပြီး ပေးချေဆောင်ရွက်သွားမှာပါ။ ဒါကလည်း တင်ဒါအောင်ပြီးမှ အသေးစိတ်သိရမှာပါ။ ဆိုလိုတာက လက်မှတ်ရောင်းချတဲ့ စုစုပေါင်း ငွေကြေးပေါ် အခြေမခံပါဘူး၊ သူတို့ကို ပေးချေတဲ့အခါမှာ လက်မှတ်စောင်ရေပေါ်ပဲမူတည်ပြီး စောင်ရေအရေအတွက်နဲ့ပဲ ပေးချေသွားမှာပါ"ဟု ရှင်းပြခဲ့သည်။

ဆက်လက်၍ ၎င်းက " ဒီကွန်ပျူတာအသုံးပြုလက်မှတ်ရောင်းချမှုစနစ်ပြောင်းလိုက်လို့ သတ်မှတ်နှုန်းထားက ပြောင်းဖို့မရှိပါဘူး။ အရင်သတ်မှတ်နှုန်းထားအတိုင်းပဲ တစ်စောင်ကို ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀ ဖြင့်ပဲ ရောင်းချဖို့ စီစဉ်ထားပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို သုံးနှစ်ခွင့်ပြုမယ်၊ ဒီလုပ်ကိုင်ခွင့်ရသူအတွက်လည်း တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆို ပေးသွားပါမယ်"ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် နှစ်အတန်ကြာသွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာတစ်ဦးက " မိုးပျံရထားစီးရင် ဝင်ပေါက်တွေမှာ မီးအစိမ်းပြထားတဲ့အပေါက်ကပဲ ဝင်ရပါတယ်။ အနီဘက် ကြက်ခြေခတ်ပြထားတဲ့ အပေါက်က ပိတ်ထားတာပါ။ လက်မှတ်ဝယ်တဲ့စက်မှာ တစ်ခါသုံးကတ်ဝယ်ပြီးလို့ ဒီလိုဝင်ပေါက်မဝင်ခင် ကတ်ထည့်လိုက်တာနဲ့ တံခါးရွက်လေး အလိုအလျောက် ပွင့်လာပါတယ်။ ကိုယ့်ညာဘက် ပေါင်ပေါ်က အပေါက်မှာ ကတ်ပါထွက်လာပြီး ကတ်ကိုယူ၍ဝင်လိုက်ပါ၊ မြန်မြန်လေး ဖြတ်စေချင်ပါတယ်၊ တံခါးဖွင့်တာ ပိတ်တာက အချိန်ခဏလေးပါ၊ ကတ်ကိုပြန်ယူဖို့လည်း မေ့လို့မရသလို ကိုယ်ဆင်းမယ့်ဘူတာရောက်ရင် အထွက်မှာလည်း ကတ်ကိုထည့်ပြီး တံခါးပြန်ဖွင့်ရပါဦးမယ်၊ အဲဒီအချိန်မှာတော့ ကတ်ပြန်ထွက်မလာတော့ပါဘူး၊ တစ်ခါသုံးကတ်မို့ စက်ထဲမှာ ကျန်ခဲ့ပါတယ်။ တစ်ရက်လုံးသုံးကတ်နဲ့ လပေးကတ်တွေဆိုရင်တော့ ပြန်သုံးဖို့သိမ်းထားရမှာမို့ စက်ရဲ့ အထွက်မှာ ပြန်ထွက်လာပါတယ်" ဟု ရှင်းပြသည်။

လက်ရှိ အနေအထားအရ ရန်ကုန်မြို့တော်အတွင်းရှိ သတ်မှတ်ဘူတာများတွင် လသုံးလက်မှတ်ကတ်၊ ကျောင်းသားလက်မှတ်ကတ်၊ ဆရာဆရာမ လက်မှတ်ကတ်များကို ပုံမှန်ရောင်းချပေးလျက်ရှိနေပြီး ယင်းလက်မှတ်ကတ်များပါမကျန် ကွန်ပျူတာအသုံးပြု လက်မှတ်ရောင်းချစနစ်များပြုလုပ်ရန် အစီအစဉ်များရှိနေကြောင်း၊ ပုံမှန်ရောင်းချပေးနေသော လက်မှတ်စနစ်များလည်း ရှိနေမည်ဖြစ်ကြောင်း၊ ကွန်ပျူတာအသုံးပြု လက်မှတ်ရောင်းချစနစ်ကို ဘူတာပေါင်း ၁၅ ဘူတာတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး အောင်မြင်မှုများရှိလာပါကကျန်ဘူတာများတွင် ထပ်မံတိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

ရေကြီး၊ ရေလွှမ်းမိုးအန္တရာယ်လျော့ပါးရေး

လှလှအောင်

မြန်မာနိုင်ငံတွင် ရှည်လျားလှသော မြစ်ကြီးလေးသွယ်စီးဆင်းနေရာတွင် မြစ်ကြီးနှစ်သွယ်ဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်မှာ ပူးပေါင်းပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်အရပ်မှ ကပ္ပလီပင်လယ်တွင်လည်းကောင်း၊ စစ်တောင်းမြစ်သည် မုတ္တမပင်လယ်ကွေ့ထဲသို့လည်းကောင်း၊ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ သောင်းရင်းမြစ်မှာမူ မုတ္တမပင်လယ်ကွေ့ထဲတွင်လည်းကောင်း အဆုံးသတ်စီးဝင်သည်။ မြစ်ရေကြီးခြင်း၊ မြစ်ရေလွှမ်းခြင်းကြောင့် အသက်ဆုံးရှုံးရခြင်း၊ စိုက်ပျိုးပင်များပျက်စီးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များဆုံးရှုံးရခြင်း၊ အိုးအိမ်နှင့်လမ်းတံတားများပျက်စီးရခြင်းအပြင် နိုင်ငံတော်စီးပွားရေးကိုပါ ထိခိုက်စေသည်။ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်တောင်း၊ သံလွင်မြစ်ကြောင်းမြစ်ဝှမ်းများသည် နှစ်စဉ်မိုးကာလများတွင် ရေကြီး/ရေလွှမ်းလေ့ရှိသည်။ လူနှင့် လူ့ပတ်ဝန်းကျင်ကိုထိခိုက်စေသော ရေကြီး/ရေလွှမ်းခြင်းတွင် မိုးကြီးခြင်း၊ မြစ်ရေလျှံခြင်း၏ ဆိုးကျိုးသက်ရောက်မှုကြီးမားသည့်အပြင် လူနှင့်လူ့ပတ်ဝန်းကျင်၏ ကြံ့ခိုင်မှုလွန်စွာအားနည်းချက်ကလည်း သက်ရောက်မှုပို၍ ကြီးမားစေသည်။ ထိုအခါ ရေကြီး/ရေလွှမ်းခြင်းဒဏ်လျော့ပါးစေရေး ဆောင်ရွက်ချက်များတွင် (၁)လူ့ပတ်ဝန်းကျင်ခိုင်ခံ့ကြံ့ခိုင်မှုရှိအောင်ပြုလုပ်ပေးခြင်း၊ (၂) သဘာဝအန္တရာယ်ကို အသိပညာပေးခြင်းဖြင့် သတိရှိခြင်း၊ (၃) ကြိုတင်ကာကွယ်ထားခြင်းတို့က အဓိကဖြစ်သည်။ လူတို့အား ကျန်းမာရေးအသိရှိရန် ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးအစီအစဉ်များ တက်တက်ကြွကြွ လုပ်ဆောင်နေသကဲ့သို့ ရေကြီး၊ ရေလွှမ်းခြင်း သဘာဝဘေးအန္တရာယ် ပညာပေးခြင်းကိုလည်း ထိထိရောက်ရောက် ပညာပေးနိုင်မှသာ အနာဂတ်တွင် အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးမှုမှလည်း လျော့ပါးစေမည်ဖြစ်သည်။

ရေကြီး၊ ရေလွှမ်းမိုးခြင်း၊ ပျက်စီးမှုစီမံခန့်ခွဲရေးတွင် အကျိုးသက်ရောက်မှုရှိစေရန်မှာ ရေလွှမ်းလွင်ပြင်မှ ဒေသခံလူများအား အသိပညာပေးခြင်းနှင့် ရေလွှမ်းမှုဒဏ်ခုခံကာကွယ်နိုင်စွမ်း တိုးမြှင့်ပေးခြင်းသာဖြစ်သည်။ ရေလွှမ်းနိုင်မည့် ကျေးရွာဒေသများအား အသိပညာပေးခြင်း တိုးမြှင့်မည်ဆိုရာတွင် ရေကြီး/ရေလွှမ်းခြင်း၏ဆိုးကျိုးကို ရုပ်ပုံကားချပ်များဖြင့် ဖော်ပြခြင်းက အထိရောက်ဆုံးဖြစ်သည်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပညာပေးရေးအစီအစဉ်တွင် တွေ့ရှိရသည်။

ပညာပေးခြင်းကြောင့် ရေကြီး၊ ရေလွှမ်းခြင်းဒဏ်၊ မုန်တိုင်းဒဏ်ကြောင့် လူများထိခိုက်မှုနှင့် ကောက်ပဲသီးနှံဆုံးရှုံးမှုကို လျော့ပါးစေခဲ့သည်ဟုဆိုသည်။ မြစ်ကြောင်းချိုင့်ဝှမ်းများ(သို့မဟုတ်)ရေလွှမ်းလွင်ပြင်အရပ်များတွင် နေထိုင်သူများ (သို့မဟုတ်) ဘေးသင့်နေသူများအား ရေကြီး၊ ရေလွှမ်းမှုဘေးမှ လျော့ပါးစေရန် လွယ်ကူသော ဖြေရှင်းချက်မှာ မြေနိမ့်လွင်ပြင်အရပ်များထက်မြင့်သော ကုန်းမြင့်အရပ်များသို့ ပြောင်းရွှေ့နေထိုင်ခြင်းသာ အကောင်းဆုံးဟုဆိုရမည်။ သို့သော် ဒေသခံများအနေဖြင့် မြေနုလွင်ပြင်အရပ်များသည် စိုက်ပျိုးမွေးမြူရန် ကောင်းမွန်သောအရပ်များဖြစ်၍ ဤဒေသတွင်သာ (သို့မဟုတ်)အနီးအနားတွင်သာ နေထိုင်လိုကြသည်။ ဤသို့ဆိုလျှင် ဒေသခံများအတွက် ဤသဘာဝဘေးကိုကြံ့ကြံ့ခံနိုင်မည့်အဆောက်အအုံနှင့် ရေရှည်တည်တံ့ခိုင်မြဲစေမည့် လုပ်ဆောင်ချက်ကိုသာ လိုလားကြပေမည်။

ရေကြီး၊ ရေလွှမ်းခြင်းလျော့ပါးစေလိုလျှင် ဒေသခံပြည်သူများကိုယ်တိုင် လုပ်ဆောင်ရမည်မှာ (၁)မိမိတို့နေထိုင်သည့် အိမ်များကိုရေကြီး၊ ရေမြုပ်ခြင်းဒဏ်ကြံ့ကြံ့ခံနိုင်သည့် နေအိမ်များဖြစ်စေရန် ပြုပြင်ဆောက်လုပ်ရမည်။ (၂) ယင်လုံအိမ်သာများကို ရေမြုပ်မည့်အမြင့်အထက်မှာ ဆောက်ရမည်။ (၃)ရေကြီးရေမြုပ်နေစဉ်ကာလများတွင် သောက်သုံးရေရရှိစေရန်ကြိုတင်၍ ရေသိုလှောင်ထားရမည်ဖြစ်သည်။ ခိုင်ခံ့သော အိမ်ဆောက်မည့်ပုံစံနှင့် ယင်လုံအိမ်သာပုံစံတကျဆောက်လုပ်ပုံကို သက်ဆိုင်ရာဌာနများက ဒေသခံပြည်သူအများသိရှိစေရန် ဝေငှထားရမည်။ ရေလှောင်ကန်များကို သက်ဆိုင်ရာက စနစ်ကျနစွာဆောက်လုပ်ပေးထားရမည်။ ရေလှောင်ကန်သည် မြေပြင်မှ တစ်မီတာအမြင့်ကွန်ကရစ်ပေါ်တွင် ဆောက်လုပ်ရမည်။ ရေသိုလှောင်မည်ဆိုလျှင်မိုးရေ ၁၈၀၀၀လီတာဆံ့သော ၁၈ မီတာပတ်လည်အကျယ် မိုးရေကန်ကို ဆောက်လုပ်ထားရမည်။ မြစ်ရေကိုဖြစ်စေ၊ နှစ်စဉ်ရရှိသောမိုးရေကိုဖြစ်စေ ဤကန်ထဲတွင် ထည့်ထားရမည်။ ရေကြီးကာလတွင် ထိုသိုလှောင်ရေကို သုံးစွဲနိုင်မည်ဖြစ်သည်။

- ❖ မိမိတို့နေအိမ်များကိုလည်း မြေပြင်မှ ရေမြင့်တက်လာနိုင်သည်ထက် မြင့်သောအရပ်ထိ ကွန်ကရစ်ခံ၍ဖြစ်စေ၊ ခြေတံရှည်ဖြစ်စေ ဆောက်လုပ်ရမည်။
- ❖ အဆိုပါကြိုတင်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်စေရန် ဌာနဆိုင်ရာမှ အထောက်အပံ့များ ပံ့ပိုးကူညီပေးရမည်။
- ❖ ဒေသဆိုင်ရာအုပ်ချုပ်ရေးအကြီးအကဲများက အလှူငွေများ လက်ခံသိမ်းဆည်းပြီး မျှဝေပေးရမည်။
- ❖ ရေကြီးလာပါက အိုးအိမ်စွန့်ခွာ၍ ခိုလှုံရမည့်နေရာကို အမြင့်နေရာတွင် ရွေးချယ်ထားရမည်။
- ❖ ရေကြီး ရေတက်လာပြီဆိုလျှင် ယာယီခိုလှုံရမည့်နေရာသို့ အလျင်အမြန်ရောက်နိုင်သည့်လမ်းကြောင်းကို ကြိုတင်ဖန်တီး ပြုလုပ်ထားရမည်။
- ❖ ကျောင်းများတွင် အသိပညာပေးရမည်။
- ❖ ကောက်ပဲသီးနှံမျိုးစေ့များ သိမ်းဆည်းထားရန် သိုလှောင်ရုံများကြိုတင်ဆောက်လုပ်ထားရမည်။
- ❖ အရေးကြီးသောမိသားစုဆိုင်ရာ စာရွက်စာတမ်းများကို ရေမစိုနိုင်ရန် ကြိုတင်ကာကွယ်သိမ်းဆည်းထားရမည်။
- ❖ အလွယ်တကူအသုံးပြုနိုင်မည့် အိမ်သုံးဆေးများစုစည်းထားရမည်။
- ❖ မိမိတစ်ကိုယ်ရေ မထိခိုက်စေရန် သတိရှိရမည်။
- ❖ အိမ်ထောင်စုတိုင်းတွင် မိသားစုဝင်များ တစ်ဦးချင်းကလည်း မထိခိုက်စေရန် သတိရှိရမည်။
- ❖ တောင်ပေါ်ဒေသမျိုးတွင် မြစ်ရေကြီးလျှင် ရေစီးသဖြင့် မြေ/တောင်ပြိုမှုများ ဖြစ်တတ်သည်ကိုလည်း သတိရှိရမည်။
- ❖ မြစ်ရေကြီးမည့် သတိပေးချက်များကို ဂရုပြုလိုက်နာရမည်။
- ❖ ရေဒီယို၊ တီဗွီနှင့်သတင်းစာများတွင် ဖော်ပြထားသော သတိပေးခြင်းများကို အာရုံစိုက်သင့်သည်။

နှစ်စဉ် မိုးကာလတိုင်းတွင် ကြုံတွေ့နေရသော မြစ်ရေကြီးခြင်း၊ မြစ်ရေလျှံခြင်းကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်နှင့်တကွ ကောက်ပဲသီးနှံ၊ တိရစ္ဆာန်များဆုံးရှုံးရခြင်းသည် ကြုံတွေ့ခံစားရသူ တစ်ဦးချင်းတွင် နစ်နာရခြင်းသာမက နိုင်ငံအတွက်လည်း ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်သည်။ တစ်ဦးချင်းအတွက် သက်ဆိုင်ခြင်းမဟုတ် နိုင်ငံနှင့်သက်ဆိုင်နေသောဘေးဖြစ်သည်။ နှစ်စဉ်ကြုံတွေ့နေသည်။ နှစ်စဉ်ပြန်လည် ထူထောင်မှုကို လုပ်ဆောင်နေရသည်။ ငွေကြေး အမြောက်အမြား သုံးစွဲ၍ ပြန်လည်နေရာချထားရသည်။ တစ်ဦးချင်းလည်း ဆုံးရှုံးသည်။ နိုင်ငံတော်လည်း ဆုံးရှုံးသည်။ ငွေကြေးများစွာလည်း ထပ်မံသုံးစွဲ၍ပြုပြင်ပေးရသည်။ နှစ်တိုင်းကြုံတွေ့ရမည်ကိုလည်း သိပြီးဖြစ်သည်။ ထိုသို့ဆိုလျှင် မပျက်စီး၊ မဆုံးရှုံးခင် နှစ်စဉ်ကုန်ကျမည့် ငွေကြေးကိုအသုံးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲသော လူ့ပတ်ဝန်းကို ထူထောင်သင့်ပေသည်။

မြန်မာနိုင်ငံတွင် မကြာခဏကြုံတွေ့နေရသော သဘာဝဘေးတို့အနက် ရေကြီးရေလွှမ်းခြင်းဘေးသည် ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသော ဘေးဖြစ်ကာ ၁၉၁၀ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း အကြီးစားရေကြီးမှုအကြိမ် (၁၂) ကြိမ်ဖြစ်ခဲ့ဖူးကြောင်းကို "Hazard Profile of Myanmar" တွင်ဖော်ပြထားသည်။

မိုးတွင်းကာလဖြစ်သော မေလလယ်မှ အောက်တိုဘာလအတွင်း၌ မြစ်ရေကြီး/ရေလျှံခြင်းသည် နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးဖြစ်ပြီး ဇွန်လ၊ ဩဂုတ်လ၊ စက်တင်ဘာလမှ အောက်တိုဘာကာလများသည် မိုးကြီးတတ်သော ကာလဖြစ်သည်။ ရေကြီး/ရေလွှမ်းခြင်းဖြစ်လေ့ဖြစ်ထရှိသော ဒေသများမှာ-

(၁) မြစ်ကြောင်းချိုင့်ဝှမ်းများတစ်လျှောက် မြစ်ရေကြီး၍ရေလွှမ်းရခြင်း။

(၂) တောင်ထိပ်တောင်တန်းများဆီမှ မိုးများ၍ အောက်ခြေဒေသများတွင် ရေလွှမ်းရခြင်း။

(၃) ရေကာတာကျိုး၍ ရေလွှမ်းရခြင်း။

(၄) မုန်တိုင်းကြောင့် ကမ်းရိုးတန်းဒေသများ ရေလွှမ်းရခြင်းတို့ဖြစ်ရာ ရေကြီးရေလွှမ်းမှု အန္တရာယ်လျော့ပါးရေး အစီအမံများကို ကြိုတင်ဆောင်ရွက်ထားခြင်းအားဖြင့် ရှောင်လွှဲ၍မရသော သဘာဝဘေးမှ လျော့ပါးသက်သာစေမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တပ်ကုန်း ဇူလိုင် ၈

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ဝင်းရွှေ၊ ဥတ္တရခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက်က တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ခဲ့ပြီး သစ်ပင်များစိုက်ပျိုးခဲ့သည်။

(အောက်ပုံ)

ထို့နောက် ဘုရင့်နောင်ရပ်ကွက်ရှိ သိဂီရတနာသီလရှင် စာသင်တိုက်မှ သီလရှင် ၃၇ ပါးအား ဆွမ်းဆန်၊ ဆီ၊ ပဲ၊ သီလရှင်ဝတ်စုံ၊ ဆပ်ပြာမှုန့်ထုပ်နှင့် ငွေကျပ်တစ်သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၃၀၀၀ ဖိုး လှူဒါန်းခဲ့ပြီး သီလရှင် ဆရာလေးများအား ခုတင် ၁၀၀ ဆေးရုံမှ ဒေါက်တာအိဇာခြည်ထွန်းနှင့် တိုင်းရင်းဆေးမှူး ဒေါ်ဖြိုးနန္ဒာတို့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ရင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေတို့က ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ အဘွားနှစ်ဦးကို အာဟာရအစားအစာများ၊ ဆေးဝါးများ လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများပြုလုပ်ခဲ့ကာ အာဟာရချို့တဲ့သောကလေးငယ်များကို အာဟာရကျွေးခြင်း၊ မူကြိုရှိကလေးငယ်များကို မုန့်များဝေငှခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်းတာ**

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၈

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၄၅)ဆင်းပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

အောင်မြင့်

အဆိုပါ သင်တန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်း သူ ၁၁၃ ဦးတက်ရောက်အောင်မြင်ခဲ့သည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

ပဲခူး ဇူလိုင် ၈

ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီ မင်္ဂလာခန်းမ၌ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများမှ ဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တွေ့ဆုံ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လုပ်ကိုင်ကြစေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းအတွက် အခြေခံနေရာကောင်းများစွာရှိကြောင်း၊ မိုးယွန်းကြီးအင်း၊ တောင်ငူသံတောင်ဒေသ အပန်းဖြေစခန်းများနှင့် ခရီးသွားလုပ်ငန်းတွင် အများပြည်သူလှည့်လည် ကြည့်ရှုနိုင်သည့် ပဲခူးတိုင်းဒေသကြီးနှင့် ဆက်စပ်နေရာများကို လုပ်ကိုင်နိုင်သည့် အခွင့်ကောင်းများရှိကြောင်း၊ ဒေသဆိုင်ရာအခြေခံ ဧည့်လမ်းညွှန် သင်တန်းများကိုလည်း ပဲခူးမြို့တွင် ဖွင့်လှစ်လိုပါက တက်ရောက်လိုသည့် သင်တန်းသားအရေအတွက် ပြည့်မီစွာစုဆောင်း၍ရရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်လုပ်ဆောင်နိုင်ကြောင်း၊ ဒေသဆိုင်ရာ အခြေခံဧည့်လမ်းညွှန်သင်တန်း ဆင်းပြီးပါက ဒေသအတွင်း ဧည့်လမ်းညွှန်များ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ပဲခူးမြို့ပေါ်တွင် ဟိုတယ် ၁၆ လုံး၊ အခန်း ၄၈၄ ခန်းရှိပြီး ပြည်မြို့နှင့် တောင်ငူမြို့တို့တွင် ဟိုတယ် ၁၂ လုံးစီရှိရာ တိုင်းဒေသကြီးတစ်ခုလုံးတွင် ဟိုတယ်အလုံးပေါင်း ၄၀ ရှိသည်ဟု သိရသည်။ မြန်မာပြည်တစ်ပြည်လုံးတွင် ယခင်ကဟိုတယ် ၇၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ၁၀၀၀ဝန်းကျင်အထိ တိုးတက်ဖွင့်လှစ်လာနိုင်ကြောင်း၊ ရန်ကုန်တွင် ၂၅၃လုံး၊ မန္တလေး-ပုဂံ-ပြင်ဦးလွင်-နေပြည်တော်ဒေသများတွင် စုစုပေါင်း ၃၂၀၊ အင်းလေးတွင် ၂၇လုံး၊ ချောင်းသာနှင့် ငွေဆောင်ဒေသများတွင် ဟိုတယ် ၂၀ ဝန်းကျင်စီ၊ ငပလီတွင် ၂၇ လုံး၊ မြောက်ဦးဒေသတွင် ခုနစ်လုံးရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင် ဟိုတယ် ၂၀ ကို ပုဂ္ဂလိကများကို တင်ဒါစနစ်ဖြင့် လွှဲပြောင်းလုပ်ကိုင်ခွင့် အငှားချထားပေးပြီး နိုင်ငံခြားနှင့်ဖက်စပ်အကျိုးတူလုပ်ဆောင်သော ဟိုတယ်လုပ်ငန်းမှာ လေးခုရှိကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ကိုင်ခြင်းများ တိုးချဲ့လာခြင်းနှင့်အတူ ဧည့်လမ်းညွှန်အခြေခံသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်အကိုင်များ ဖန်တီးပေးနေကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ဆိုင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းကျင်းပ

နေပြည်တော် ဇူလိုင် ၈

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဂယနဏ သိရှိနိုင်အောင် လေ့လာထားကြရန် အထူးလိုအပ်ကြောင်း၊ ဆရာ ဆရာမများသည် မိမိကျောင်းအား မိမိဒေသ၏ သင်ယူမှုပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်သည်အထိ မျှော်မှန်းပြီး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် သင်ယူမှုအခွင့်အလမ်း မြင့်မားလာစေရေးအတွက် ကျောင်းအဆင့်များတိုးမြှင့်ပေးခြင်း၊ ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လက်ရှိကျောင်းဆောင်များ ဥပဓိရုပ်ကောင်းမွန်အောင်ပြုပြင်ပေးခြင်း၊ ခေတ်မီသင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများဖြည့်ဆည်းပေးခြင်းများကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ပေးနေကြောင်း၊ လူ့စွမ်းအားအရင်းမြစ်များကသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်ကြမည်ဖြစ်သောကြောင့် ကြံ့ခိုင်ဖြောင့်မတ်သော စိတ်ဓာတ်၊ စောင့်စည်းအပ်သောလူမှုကျင့်ဝတ်၊ လိုက်နာအပ်သော စည်းကမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသောအသိပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ အတန်းလိုက်ပြဋ္ဌာန်းထားသည့် သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို ဟန်ချက်ညီညီလေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သောပညာရေး Quality Education ဖြစ်ပေါ်လာအောင် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများကသာလျှင် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားအားထုတ်လေ့လာဆည်းပူးကြရန် မှာကြားလိုကြောင်း မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးငွန်မောင်း၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် အခြေခံပညာဆရာ ဆရာမသင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၀ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ပျဉ်းမနား ဇူလိုင် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်တွန်အုပ်စု ဖလောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇူလိုင် ၆ ရက် နံနက်က ကျောင်းဆောင်သစ် လွှဲပြောင်းဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်းက အမှာစကားပြောကြားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်သော ပေ(၉၀×၃၀) ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ပြီး ဒေသခံကျေးလက်တောင်ပေါ် ကရင်လူမျိုးများနေထိုင်ရာ ဖလောင်းကျေးရွာရှိဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မေးမြန်းရာ ဒေသခံပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။ ဒေသခံပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးစနစ် ဆက်လက်မြှင့်တင်ပေးရန်၊ မူလတန်းမှ အလယ်တန်းကျောင်းခွဲအထိ တိုးမြှင့်ဖွင့်လှစ်ပေးရန် တောင်ပေါ်လမ်းများ၊ လမ်းပန်းဆက်သွယ်ရေးဆက်လက်ကောင်းမွန်စေရန် တင်ပြကြသည်။

အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော ဖလောင်းကျေးရွာမှ ကျောင်းသား ကျောင်းသူ ၁၄ ဦးကို ဂုဏ်ပြုဆုချီးမြှင့်ငွေ ပေးအပ်လှူဒါန်းသည်။ ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးသန်းလင်းက တက္ကသိုလ်ဝင်တန်းအောင်မြင်ကြသူများအား လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ပြီး အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို ဗလာစာအုပ်များ ပေးအပ်သည်။ ကျေးလက်တောင်ပေါ်ဒေသ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့်ဇနီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ကျေးလက်တောင်ပေါ်တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

ရမ်းဗြဲ ဇူလိုင် ၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာအုပ်စု နားမူးတွေ ကျေးရွာ ကွင်းအမှတ်(၇၀၈) တွင် တောင်သူတို့စုပေါင်း၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ချပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီကကျင်းပရာ ရမ်းဗြဲမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ခင်စိုးနှင့်ဝန်ထမ်းများ၊ ရွာကြီးကျေးရွာအုပ်စုနှင့် ခွဆုံကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။ အဆိုပါ ပုလဲသွယ်စပ်မျိုးစပါးတစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးမည့် တောင်သူများ စုပေါင်းပျိုးပေါင်များပြုလုပ်၍ မျိုးစေ့ချခြင်းများဆောင်ရွက်ခဲ့ပြီး ဦးစီးမှူးက စနစ်တကျဖြစ်စေရန်နှင့် မျိုးစေ့နှုန်းထားသက်သာခြင်း၊ တောင်သူများ GAP စနစ်ကျင့်သုံးလိုက်နာခြင်းတို့ကြောင့် ဝင်ငွေပိုမိုတိုးတက်စေမည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(၁၅၇)

စစ်တောင်းမြစ်ကြောင်းပြောင်းလဲလာမှုကြောင့် ကျေးရွာအချို့ရေတိုက်စားမှုသက်သာနိုင်

ရေတာရှည် ဇူလိုင် ၈

ရေတာရှည်မြို့နယ်တွင် နှစ်စဉ်မိုးရာသီရောက်တိုင်း စစ်တောင်းမြစ်ရေတိုက်စားမှုဒဏ်ကိုခံရလေ့ရှိသော ကွဲ့ရိုင်းပြင်ကျေးရွာသည် မြစ်ရေစီးကြောင်း ပြောင်းလဲလာသည့်အတွက် ယခုနှစ်တွင် ကမ်းပါးပြိုကျမှုဒဏ်သက်သာဖွယ်ရာရှိကြောင်း အဆိုပါကျေးရွာကိုရောက်ရှိစဉ် မြင်တွေ့ခဲ့ရသည်။ ရေတာရှည်မြို့နယ်၏ တောင်ဘက်ဆုံးကျသော အဆိုပါကျေးရွာသည် နှစ်စဉ်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုမှုကြောင့် လူနေအိမ်ခြေများစွာ ရွှေ့ပြောင်းခဲ့ရပြီးဖြစ်သည်။ “ မြစ်ကြောင်းက အခုမြင်တဲ့အတိုင်းပဲ အရှေ့ဘက်ကမ်းကို တိုက်စားနေတာတွေ့ရတယ်။ ကျွန်တော်တို့ဘက် ထပ်စားရင်လည်း ရွှေ့ပြောင်းဖို့မြေနေရာကမရှိတော့ဘူး။ ဒီနှစ်တော့ ကမ်းပါးပြိုတာ သက်သာမယ်လို့ ထင်ရတာပဲ” ဟု ကွဲ့ရိုင်းပြင်ကျေးရွာ ဒေသခံတစ်ဦးက ပြောပြသည်။ မြစ်ကြောင်း ပြောင်းလဲမှုသည် မြစ်တွင်း၌ရှိသည့် သဲသောင်များ၊ နုန်းများ တည်ရှိမှုနှင့်လည်း သက်ဆိုင်ကြောင်း ကျွမ်းကျင်သူများ၏ ပြောပြချက်အရ သိရသည်။ ရေဦးတိုက်နေရာတွင် တည်ရှိသော ကျေးရွာသည် စစ်တောင်းမြစ်ရေကြီးမြင့်မှုဒဏ်ကို ခံခဲ့ရပြီး တစ်နှစ်တစ်ခါ အများကျွေးတဲ့ ထမင်းမစားပါရစေနဲ့ဟု ရေဘေးသင့်ကယ်ဆယ်ရေးစခန်းကို ရောက်ခဲ့သူ ရွာခံများက ပြောပြသည်။ **ကိုလွင်(ဆွာ)**

နာရေးထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇူလိုင် ၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် နာရေးစရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ပြုလုပ်ခဲ့ရာ လူမှုဖူလုံရေးရုံးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အာမခံအလုပ်သမား သုံးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် နာရေးစရိတ်ထောက်ပံ့ငွေ စုစုပေါင်း ၇၅၀၁၀၂၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
နေပြည်တော်
(၂၀၁၄ခုနှစ် ဇူလိုင် ၇ရက်)

ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်ကြေညာခြင်း

၁။ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် အောက်ဖော်ပြပါရက်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ရရှိသူများ၏ အမည် ဖြေဆိုရမည့်စာစစ်ဌာနများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၁) နှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများတွင် ၁-၈-၂၀၁၄ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါသည်။

	စာမေးပွဲရက်	ဘာသာရပ်	အချိန်
(က)	၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)	မြန်မာစာ/အင်္ဂလိပ်စာ	၀၉း၀၀နာရီမှ ၁၁း၀၀နာရီ
(ခ)	၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)	အထွေထွေဗဟုသုတ	၁၂း၀၀နာရီမှ ၁၄း၀၀နာရီ

၂။ ရေးဖြေစာမေးပွဲဖြေဆိုရန် ဖြေဆိုခွင့်ကတ်ပြားများအား ၄-၈-၂၀၁၄ရက်မှ ၈-၈-၂၀၁၄ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော် ရုံးအမှတ်(၁)နှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား လာရောက်ထုတ်ယူသည့်အခါ အောက်ပါတို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်။

(က) ဘွဲ့လက်မှတ်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အထက(ခွဲ)တွင် ပညာသင်ကြားနေသော ဦးဆန်းဦး၏သား မောင်ဥက္ကာကျော်အား မောင်ဖုန်းပြည့်လင်းဟု ပြောင်းလဲခေါ်ပါရန်။

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)မှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	13x22.5 Tyre	30 Nos	HIE-1/SM-1/001

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၉-၇-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၄-၇-၂၀၁၄ ရက် ၁၂း၀၀ နာရီ ဖြစ်ပါသည်။

အမှတ်(၁)သံမဏိစက်ရုံ၊ မြင်းခြံမြို့
ဖုန်း-၀၆၆-၃၀၄၇၆၊ ၃၀၄၇၉၊ ၃၀၄၈၀၊ ၃၀၄၈၁၊ ၃၀၄၈၂၊ ၀၉-၄၀၂၇၂၂၉၉၀

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၁၁၅၀၊ မြေကွက်တည်နေရာအမှတ် ၂၆၊ ဆရာမကြီးလမ်း၊ ဗဟန်းမြို့နယ် ဦးမောင်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးမောင်တင်နှင့် (မိခင်) ဒေါ်သိန်းရှင်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ငွေးရီ ၁၂/ဗဟန(နိုင်)၀၅၉၉၈၀၊ ဒေါ်တင်တင်နွဲ့ ၁၂/ဗဟန(နိုင်)၀၅၉၇၁၈၊ ဒေါ်တင်တင်ဝင်း ၁၂/ဗတထ(နိုင်)၀၀၂၀၆၀၊ ဒေါ်သန်းသန်းဆွေ ၁၂/ဗဟန(နိုင်)၀၅၉၉၃၃ တို့က သမီးအရင်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၇၂၄/၁၇-၃-၂၀၁၁ ရသူ ဦးအေးလွင် ၁၁/ရဗန(နိုင်)၀၄၅၀၃၀မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကချင်ပြည်နယ်လွှတ်တော်
ကချင်ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံအား မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ယောရင်ကွင်း၊ ဦးပိုင်အမှတ်(၃၀/၂+၃၅/၂-င+၃၅/၂-က)၊ ဧရိယာ ၁၀ဧကပေါ်တွင် ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်း၏ (Drawing)များအား ၉-၇-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်လွှတ်တော်ရုံး၊ အစည်းအဝေး/ စီမံဌာနတွင် ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၇-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်အား တင်ဒါတင်သွင်းသူများသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၄-၂၂၇၄၅၊ ၂၉၅၄၃ တို့သို့ ၉-၇-၂၀၁၄ရက်မှ ၇-၈-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်လွှတ်တော်ရုံး
မြစ်ကြီးနားမြို့

အမှားပြင်ဆင်ချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၆-၇-၂၀၁၄ရက်နှင့် ၇-၇-၂၀၁၄ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းကြော်ငြာ၍ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများအနက် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ အရာထမ်းအိမ်ရာ(၂)ခန်းတွဲ၊ (၂)ထပ်၊ (၂)လုံးတည်ဆောက်ခြင်းလုပ်ငန်းအစား အရာထမ်းအိမ်ရာ(၂)ခန်းတွဲ (၄)ထပ် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းအဖြစ် ပြင်ဆင်ဖတ်ရှုပေးပါရန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မော်တော်ယာဉ်အစီးရေ ၁၆၀၀၀၀ ကျော်တင်သွင်းနိုင်ခဲ့

ရန်ကုန် ဇူလိုင် ၈ **သတင်း- သွန်းဝသန်၊ ဓာတ်ပုံ- မေဦးမိုး**

တစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းမှု စတင်ခွင့်ပြုချိန်မှ ယခုအချိန်အထိ မော်တော်ကားအစီးရေ တစ်သိန်းခုနစ်သောင်းနီးပါး တင်သွင်းခွင့်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

သွင်းကုန်ပါမစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှုဝန်ကြီးဌာနက လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်တင်သွင်းခွင့်များကို ၂၀၁၂ မေလတွင် စတင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ် နှစ်စွန်းကာလအတွင်း ကားအစီးရေပေါင်း ၁၆၀၃၇၀ ကို တင်သွင်းခွင့်ပြုနိုင်ခဲ့ကာ အမေရိကန်ဒေါ်လာသန်း ၁၂၄၀ ဝန်းကျင်ကို သွင်းကုန်ပါမစ် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

တစ်ဦးချင်း မော်တော်ကားတင်သွင်းမှုများကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် သွင်းကုန်ပါမစ်များ နေ့စဉ်နီးပါးလာရောက် လျှောက်ထားလျက်ရှိပြီး အများစုမှာ အိမ်သုံးကားများနှင့် အငှားယာဉ်အဖြစ် ပြန်လည်ပြေးဆွဲရန် ပြည်တွင်းအသုံးများသည့် မော်တော်ကားများ ဖြစ်ကြောင်း သိရသည်။

“ပြည်တွင်းကို တစ်ဦးချင်း သွင်းကုန်ပါမစ်နဲ့ သွင်းလာတဲ့ကားအများစုက Toyota Fielder၊ Caldina၊ Vitz၊ Mini Truck၊ Belta တို့ဖြစ်ပါတယ်။ အများစုကတော့ အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားတွေကို သွင်းကြတာ ပိုများခဲ့တာကို တွေ့ရပါတယ်။ ပုံမှန်အားဖြင့် တစ်နေ့ကို မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် လျှောက်ထားသူ နှစ်ရာဝန်းကျင်ရှိတယ်”ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တင်သွင်းခွင့်ပြု

ထို့အပြင် မော်တော်ကားအရောင်းစင်တာများအတွက် ချထားပေးနေသည့် မော်တော်ယာဉ်ဝယ်ယူခွင့်အထူးပါမစ်ဖြင့် ကားအစီးရေ စုစုပေါင်း ၄၁၂၀၀စီးခန့် တင်သွင်းခွင့်ပြုခဲ့ပြီး ယင်းတို့အနက် အိမ်စီးကားအဖြစ် တင်သွင်းမှုတွင် မော်တော်ကားအစီးရေ ၃၇၅၉၄ စီးဖြစ်ပြီး ကျန်ရှိသည့် ကားအစီးရေ ၃၀၀၀ ကျော်မှာ အငှားယာဉ်၊ ကုန်တင်ယာဉ်နှင့် ခရီးသည်တင် ဘတ်စ်ကားယာဉ်ကြီးများဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၇-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်မာအသစ်)	တစ်အိတ်	၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၃
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၆၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၀၀-၆၂၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ထားဝယ်ခရိုင် ကနိုင်းဒါကျေးရွာ၌ ကောက်စိုက်စက်စွမ်းရည်ပြသ

ထားဝယ် ဇူလိုင် ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ဖြင့် မိုးစပါးဧက ၂၇၀၀၀ ကို ၂၀၁၄-၂၀၁၅ စိုက်ပျိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မိုးစပါးသီးနှံ (GAP)စနစ်ဖြင့် ရေတော်မိုးတော်ဧရိယာများတွင် စိုက်ပျိုးရန် ပညာပေးဆွေးနွေးပွဲများ၊ ပေါင်စနစ်ဖြင့် လက်တွေ့ပျိုးထောင်မျိုးစေ့ချပွဲများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် လယ်ယာလုပ်သား ရှားပါးမှုနှင့် လယ်လုပ်ခစရိတ်ကြီး မြင့်ခြင်းကြောင့် စနစ်တကျပျိုးထောင် ကောက်စိုက်စနစ်ကို လိုက်နာဆောင်ရွက်နိုင်မှုအားနည်းချက်အပေါ် ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကောက်စိုက်စက် ခြောက်စီးဝယ်ယူဖြည့်ဆည်းပေးပြီး ဖြစ်ပါသည်။ ယင်းအစီအစဉ်အရ ကောက်စိုက်စက်များ၏ စွမ်းရည်ပြသနိုင်ရန်အတွက် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာ ကွင်းအမှတ် (၁၉၈) ဦးပိုင်အမှတ် (၁၃၆)ရှိ တောင်သူဦးသန်းစိန်၏ လယ်မြေကိုးဧက၌ ကျော်ဇေယျစပါးမျိုးဖြင့် ကောက်စိုက်စက် စွမ်းရည်ပြသပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယင်းအခမ်းအနားတွင် ထားဝယ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်လှက ကောက်စိုက်စက်ကို စနစ်တကျအသုံးပြုစိုက်ပျိုးခြင်းဖြင့် စပါးတစ်ဧက အထွက်နှုန်းတိုးတက် ထွက်ရှိမှုအခြေအနေများကို လည်းကောင်း၊ စနစ်တကျ ပျိုးထောင်စိုက်ပျိုးမှုအခြေအနေများကို လည်းကောင်း၊ အချိန်နှင့် ကုန်ကျစရိတ်သက်သာမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးပြီး ခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ဝင်းက ကောက်စိုက်စက်၏ စွမ်းရည်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာဝင်းနှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်ပျိုးထောင်သည့် အဆင့်ဆင့်နှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

ယင်းကောက်စိုက်စက် သရုပ်ပြပွဲသို့ တောင်သူ ၅၅ ဦးတက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်ခင်အေးမြင့် ၁၄/မအပ(နိုင်)၀၅၆၃၉၅ပိုင် မော်တော်ယာဉ်အမှတ် 6G/4189 အမှတ်တွဲပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းအား အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၀၂၂၆၈**

ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ပဲခူးမြို့၊

အိတ်ဖွင့်တင်ဒါ

၁။ ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် အောက်ပါအဆောက်အအုံများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ဇီးကုန်းမြို့နယ် အားကစားမြေသား အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်စင်ပြုပြင်ခြင်း၊ အုတ်တံတိုင်းဖာထေးခြင်း၊ အသစ်ပြုပြင်ခြင်း၊ မီတာ၄၀၀ ပြေးလမ်းဖောက်လုပ်ခြင်း၊ — လုပ်ငန်းတစ်ရပ်

(ခ) ဖြူးမြို့နယ် အားကစားရုံးခန်းနှင့် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း — လုပ်ငန်းတစ်ရပ်

(ဂ) ပန်းတောင်းမြို့နယ်အားကစားကွင်း မြှင့်တင်ခြင်း၊ အားကစားကွင်းပွဲကြည့်စင်ပြုပြင်တည်ဆောက်ခြင်း၊ — လုပ်ငန်းတစ်ရပ်

(ဃ) တောင်ငူခရိုင်အားကစားကွင်း အရှေ့ဘက်တန်း ပွဲကြည့်စင်ပြုပြင်တည်ဆောက်ခြင်း၊ — လုပ်ငန်းတစ်ရပ်

(င) ပြည်ခရိုင်အားကစားကွင်း မီတာ၄၀၀ပြေးလမ်း၊ ကျောက်မှုန့်နှင့် နန်းမှုန်က ထုခင်းခြင်း၊ ရေနုတ်မြောင်းဖုံးပြုလုပ်ခြင်း၊ — လုပ်ငန်းတစ်ရပ်

(စ) သနပ်ပင်မြို့နယ်အားကစားကွင်း မြေသားထုမြှင့်တင်ခြင်း ခြံစည်းရိုး သံဆန်ခါကာရံခြင်းလုပ်ငန်း။ — လုပ်ငန်းတစ်ရပ်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ရက်အတွင်း ရုံးချိန်တွင် ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ လာရောက်ထုတ်ယူနိုင်ပြီး တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၃၁-၇-၂၀၁၄ ရက်ဖြစ်သည်။

၃။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၂-၂၁၁၄၇၊ ၀၅၂-၂၀၀၁၄ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ၊
ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန

စုပေါင်းသစ်ပင်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ၂၀၁၄ခုနှစ် ဇွန် ၂၃ရက်က ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့ ညောင်ငူ-တွတ်ပလွတ်ကျေးရွာချင်းဆက်လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် စုပေါင်းသစ်ပင် စိုက်ပျိုးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရေကြည်မြို့နယ် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများမှ ကျွန်းနှင့် ယူကလစ် ၁၁၅၀ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၁)

တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် အပြိုင်ကုန်ထုတ်ဆက်သွယ်ရေးလမ်းတည်ဆောက်ခြင်း (နေပြည်တော်ကောင်စီနယ်မြေ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ခြင်းလုပ်ငန်းများအတွင်း လိုအပ်သောလမ်းသုံးပစ္စည်းများ ပေးသွင်းနိုင်ရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ၃၀-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တင်ဒါခေါ်ယူခြင်းတွင် လာရောက်လျှောက်ထားသူမရှိပါသဖြင့် အောက်ပါအတိုင်းရက်ကို တိုးမြှင့်ကြေညာအပ်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၇-၂၀၁၄ရက်

၄။ **တင်ဒါပိတ်မည့်ရက်** - ၁၆-၇-၂၀၁၄ရက်

၅။ **တင်ဒါဖွင့်မည့်ရက်** - ၁၇-၇-၂၀၁၄ရက်

၆။ တင်ဒါပုံစံအချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၁)၊ နေပြည်တော်ကောင်စီနယ်မြေ
ပျဉ်းမနားမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

၁။ ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာနှင့်ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	ကျေးလက်ကတ္တရာလမ်း	၆/၁	မိုင်
(ခ)	ကျေးလက်ကျောက်လမ်း	၃၉/၃	မိုင်
(ဂ)	ကျေးလက်မြေလမ်း	၁၃၂/၁	မိုင်
(ဃ)	ကျေးလက်အုတ်ခုံခံသစ်သားတံတား	၁၇၅၀	ပေ
(င)	ကျေးလက်ရေပွှန်	၇၅၅	ပေ
(စ)	ကျေးလက်တွင်းတိမ်	၁၀	တွင်း
(ဆ)	ကျေးလက်တွင်းနက်	၂၀	တွင်း
(ဇ)	ကျေးလက်လက်တူးတွင်း	၃၉	တွင်း
(ဈ)	ကျေးလက်စိမ့်စမ်း	၁၀	ခု
(ည)	အခြား(ရေရရှိရေး)	၁၁	ခု
(ဋ)	ကျေးလက်နေရောင်ခြည်	၄၉၁၈	ခု
(ဌ)	ကျေးလက်အိမ်ရာ	၂၈	လုံး
(ဍ)	ကျေးလက်ယင်လုံအိမ်သာ	၁၀၆	လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၉-၈-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၃၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အရှိန်လွန်ကား လမ်းဘေးဈေးဆိုင်ဝင်တိုက်၍ နှစ်ဦးသေ၊ ငါးဦးဒဏ်ရာ

တာချီလိတ် ဇူလိုင် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆေခမ်းရပ်ကွက်၌ ဇူလိုင် ၇ ရက်ညက အရှိန်လွန်ကားက လမ်းဘေးဈေးဆိုင်ကို ဝင်တိုက်မိရာ ငါးဦးဒဏ်ရာရရှိပြီး နှစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ည ၉ နာရီခန့်က တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ထူးနေခြည်ကုမ္ပဏီ သစ်ချောထည်စက်ရုံအနီး တာချီလိတ်-ဝမ်ပုံသွား ကားလမ်းဘေးတွင် ယာဉ်တစ်စီး လမ်းဘေးဈေးဆိုင်ကို ဝင်တိုက်မိကြောင်း သတင်းအရ တာချီလိတ်မြို့မစခန်း စခန်းမှူး ဒုရဲမှူး ကျော်သန်းနှင့် အဖွဲ့ဝင်များ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်က ဝမ်ပုံဘက်မှ တာချီလိတ်ဘက်သို့ ၄ဂ/----- Mark II အဖြူရောင်ယာဉ်ကို ယာဉ်မောင်း ဒေါ်အီကျွန်းက ယာဉ်ပေါ်တွင် သားဖြစ်သူ စိုင်းဖုန်းဖန်နု (၇နှစ်) ဒုတိယတန်းကျောင်းသားအား တင်ဆောင်မောင်းနှင်လာစဉ် သစ်အချောထည်စက်ရုံအလွန်အရောက် အရှိန်လွန်ကာ လမ်းဝဲဘက် ပလက်ဖောင်းဘေးရှိ ဦးတင်ထွန်း၏ လမ်းဘေးဈေးဆိုင်ကို ဝင်တိုက်မိကာ ဈေးဆိုင်အတွင်းရှိနေသော ဦးတင်ထွန်း(၄၈ နှစ်)၊ ဆေခမ်းရပ်ကွက်နေသူနှင့် ဒေါ်တင်မျိုးအေး (၃၈ နှစ်)၊ မရွှေရည်အေး (၅ နှစ်)၊ မောင်ဝေလင်း(၂၄ နှစ်)၊ လိပ်စာတူနေသူတို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ဒေါ်အီကျွန်း (၄၀ နှစ်) (ယာဉ်မောင်း) နန့်လွတ်ရွာ မိုင်းဖုန်း (ခ) အုပ်စု၊ တာချီလိတ်မြို့နယ်နေသူတွင်လည်း ဒဏ်ရာများ ရရှိခဲ့သဖြင့် တာချီလိတ် ပြည်သူ့ဆေးရုံသို့ပို့အပ်ပြီး အတွင်းလူနာအဖြစ် ကုသလျက် ရှိသည်။ ဦးလှကျော်(၄၇ နှစ်)၊ ဆေခမ်းရပ်ကွက်နေသူနှင့် စိုင်းဖုန်းဖန်နု (၇နှစ်)၊ နန့်လွတ်ရွာ၊ မိုင်းဖုန်း (ခ)အုပ်စု တာချီလိတ်မြို့နယ်နေသူတို့ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဒေါ်အီကျွန်းအား တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ငါးတန်းကျောင်းသား ရေလှောင်ကန်ထဲ ပြုတ်ကျသေဆုံး

ဖလူဆို ဇူလိုင် ၈

ကယားပြည်နယ် ဖရူဆိုမြို့နယ် ကေကောကျေးရွာအုပ်စု ထီးဝါခေါ်ကျေးရွာနေ ပဉ္စမတန်းကျောင်းသား မောင်စောလူဝေ (၁၂နှစ်)သည် ပညာသင်ကြားရာ ဖရူဆိုမြို့ လောဘူးဒါးရပ်ကွက်တွင် အစ်ကိုဖြစ်သူနှင့်အတူ လာရောက်နေထိုင်ပြီး မိမိအိမ်တွင် သုံးစွဲရန်ရေခပ်ရာမှ ရေလှောင်ကန်အတွင်း ပြုတ်ကျသေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် မွန်းလွဲ ၂နာရီခွဲက မောင်စောလူဝေသည် အိမ်ရှိအုတ်ကန်အတွင်းမှ ရေခပ်ရာအရှိန်လွန်ပြီး ဦးခေါင်းနှင့်ထိခိုက်မိ၍ နှာခေါင်းမှ သွေးများထွက်ကာ ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံသို့ ညနေ ၃ နာရီတွင် သွားရောက်ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် လွိုင်ကော်ပြည်သူ့ဆေးရုံသို့ ထပ်ဆင့်ပို့ဆောင်ခဲ့ရာ ညပိုင်းတွင်သေဆုံးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘောလုံးပွဲလောင်းကစားပြုလုပ်သူများအား အရေးယူထား

နေပြည်တော် ဇူလိုင် ၈

ဇူလိုင် ၅ ရက် ည ၈ နာရီ မိနစ် ၂၀ က မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မကွေးမြို့ ကန်သာရပ်ကွက် တမာပင်လမ်းနေ မင်းမင်း (၃၃နှစ်)၏နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်းသိရ၍ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ခန်းရှိစားပွဲခုံ၌ ဘောလုံးပွဲလောင်းကစားဒိုင်ပြုလုပ်နေသော မကွေးမြို့နယ် သရက်ပင်ကွက်ရွာနေ နေရဲအောင် (၂၄နှစ်)၊ မကွေးမြို့ ကန်သာရပ်ကွက်နေ ထက်အောင်စိုး (၂၁နှစ်)၊ ဘောလုံးပွဲလောင်းကစားရန်ရောက်ရှိနေသူများဖြစ်ကြသည့် စကုမြို့နယ် ကျွဲတဲရွာနေ လင်းသူ(၁၉ နှစ်)၊ တစ်ရွာတည်းနေ ထက်အောင်ထွန်း (၁၉နှစ်)တို့အား ဘောလုံးပွဲလောင်းကစားရာတွင် အသုံးပြုသည့်စာရွက်စာတမ်းများ၊ လောင်းကြေးငွေ ၂၉၇၅၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ကိုရဲ**

လမ်း(၃)ထိပ်ကားမှတ်တိုင်၌ ခါးပိုက်နှိုက်များဖမ်းဆီး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်များဖမ်းဆီးရမိရေးအတွက် ဇူလိုင် ၅ ရက် ညနေ ၄ နာရီခွဲက လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်း လမ်း (၃) ထိပ်ကားမှတ်တိုင်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ဆိုက်ရောက်လာသော အမှတ်(၁၀၀) ယာဉ်လိုင်း ခရီးသည်တင်ဒိုင်နာယာဉ်ပေါ်မှဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ခင်ကျော်မိုး၊

ဇော်လင်းနှင့် ဇင်ကိုတို့သုံးဦးအား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ခင်ကျော်မိုး၏ အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၁၁၅၀၀ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါငွေများနှင့် ပတ်သက်၍ စစ်ဆေးရာ ၎င်းတို့သုံးဦးသည် အမှတ်(၁၀၀)ယာဉ်လိုင်းခရီးသည်တင် ဒိုင်နာယာဉ်ကို လိုက်ပါစီးနင်းလာစဉ် အသက်(၄၀နှစ်)ခန့် အမျိုးသားတစ်ဦးထံမှ ဇော်လင်းနှင့် ဇင်ကိုတို့က လူကာပေးပြီး ခင်ကျော်မိုးက နှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်း တွေ့ရှိခဲ့သဖြင့် တွေ့ရှိချက်အရ လှိုင်သာယာမြို့နယ်နေသူများ ဖြစ်သည့် ခင်ကျော်မိုး(၂၂နှစ်)၊ ဇော်လင်း (၂၁နှစ်)နှင့် ဇင်ကို(၂၅နှစ်)၊ တို့သုံးဦးအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်ရှောင်ရာမှ လမ်းဘေးထိုးကျတိမ်းမှောက်

ရေတာရှည် ဇူလိုင် ၈

ရေတာရှည်မြို့နယ် သာဂရကျေးရွာဈေးတန်းအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဇူလိုင် ၆ ရက် နံနက် ၃ နာရီခွဲခန့်က ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်ရှောင်ရာ ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သာဂရကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၀၄/၆ နှင့် ၂၀၄/၇ အကြားတွင် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ သာဂရနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ကျော်ဇေလတ် ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ကိုကျော်မြင့်စိုး

(၄၀နှစ်) မုံရွာမြို့နေသူ မောင်းနှင်လာသော နီဆန်း(၁၂)ဘီး ၇/----- ကုန်တင်ယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှမောင်းနှင်လာသော ယာဉ်တစ်စီးကို ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအနောက်ဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကားလေကာမှန်ကွဲကာ ရှေ့ဦးခေါင်းပိုင်းပျက်စီးကာ လမ်းဘေးရှိ မီးတိုင်တစ်တိုင် ပျက်စီးသွားခဲ့ပြီး သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လူပျောက်ကြော်ငြာ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ တောင်ငူကျေးရွာနေ (ဘ) ဦးမောင်ဘန၏သား မောင်ဖြိုးအောင်ခန့် ၁၁/ကဖန(နိုင်)၁၀၆၄၄၉ အသက်(၁၉)နှစ်သည် တာမွေမြို့နယ်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ ကျောက်တောလမ်း၊ အမှတ်(၁၂) မြေညီနေအိမ်မှ ၄-၇-၂၀၁၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင်ထားပါက တရားဥပဒေအရ အရေးယူသွားပါမည့်အကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဆက်သွယ်ရန်-**
မောင်မောင်နိုင် ဖုန်း-၀၉-၇၃၀၈၉၉၄၀
အောင်မိုးခင် ဖုန်း-၀၉-၅၁၄၂၄၆၄
ဉာဏ်လင်းထွန်း ဖုန်း-၀၉-၄၉၅၉၁၀၆၄

တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ကတိုးကျေးရွာနေ ဦးမောင်ဟန်စိန်၏သမီး မမိုးသန္တာထွန်း(ခ)မမျိုးသန္တာထွန်း ၁၁/မဥန(နိုင်)၀၇၀၇၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော် အထက(၁၆)ကျည်တောင်ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်သန်းစိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေ ၉/ပမန(နိုင်)၀၉၉၃၂၂ ဖြစ်ပါကြောင်း။

ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

(၁၇)ကြိမ်မြောက် တွေ့ဆုံပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မိသားစုနှင့်တကွ တက်ရောက်ကြပါရန်-

တွေ့ဆုံပွဲ - ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ည ၇ နာရီ၊
UNION RESTAURANT, ရာဇဌာနီလမ်း၊ ပျဉ်းမနားမြို့။

ဝါဆိုသင်္ကန်းကပ် - ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ၊
သပြေတောင်တောရကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာ၊
နေပြည်တော်၊ ပျဉ်းမနားမြို့

ကျင်းပရေးအဖွဲ့ - ဦးစိန်လှိုင် ဖုန်း-၀၉-၄၂၀၇၃၈၅၆၂၊
ဦးအေးလွင် ဖုန်း-၀၉-၄၉၂၀၀၈၈၃၊
ဗိုလ်မှူးဟန်ထွန်းအောင် ဖုန်း-၀၉-၄၉၃၃၀၀၃၄၊
ဗိုလ်မှူးအောင်ပိုင်ဦး ဖုန်း-၀၉-၄၂၁၁၂၈၃၈၂

မင်္ဂလာဆုတောင်း

မောင်ခိုင်ဇော်လင်းနှင့် မတင်သူဇာဇော်တို့၏ ၂၈-၆-၂၀၁၄ရက် မင်္ဂလာဦးမှသည် ရွှေရတု၊ ငွေရတု ရတုပေါင်းများစွာတိုင်အောင် ပျော်ရွှင် ချမ်းမြေ့သော ဘဝခရီးကို အတူလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုတောင်းပေးလိုက်ပါတယ်...။

အစ်ကို-သန့်ဇင်
အစ်ကို၊ အစ်မ-ခင်မောင်ဝင်း-နွေလွင်ဦး
ညီ-နေရှိန်းအောင်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၄၉၄၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဖလားကို ကိုင်လှုပ်ဦးမယ့် ဟောင်းဝပ်ဝက်ဘ်

အာကာကျော်

အင်္ဂလန်ဒိုင်လူကြီး ဟောင်းဝပ်ဝက်ဘ်ဆိုတာ ကမ္ဘာ့ဖလားမှာ မှန်ကန်တဲ့ဒိုင်လူကြီးအဖြစ် လူသိများပါတယ်။ သူဟာ မျှမျှတတ လုပ်တတ်တဲ့ ဒိုင်လူကြီးဖြစ်ပါတယ်။ ကစားသမားတွေကို တော်ရုံတန်ရုံနဲ့ အဝါကတ်ပြလေ့မရှိပါဘူး။ ဒါကြောင့်လည်း သူ့ကိုလူကြိုက်များကြပါတယ်။

မစ္စတာ ဟောင်းဝပ်ဝက်ဘ်ဟာ လက်ကျန် ကမ္ဘာ့ဖလားလေးပွဲမှာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါဝင်လာနိုင်ပါတယ်။ ယော့ရှိုင်းယားမှ အသက် ၄၂နှစ်အရွယ်သာရှိသေးတဲ့ဟောင်းဝပ်ဝက်ဘ်ဟာ လက်ရှိကမ္ဘာ့ဖလားမှာ နှစ်ကြိမ်တိုင် ကွင်းလယ်ဒိုင်လူကြီး လုပ်ခဲ့သူဖြစ်ပါတယ်။ သူဟာ ကိုလံဘီယာနဲ့ အိုင်ဗရီကို့စ်တို့ရဲ့ အုပ်စုပွဲ၊ ဘရာဇီးက ချီလီကို ရှုံးထွက်အဆင့် နိုင်တဲ့ပွဲမှာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။

မစ္စတာဟောင်းဝပ် ဝက်ဘ်ဟာအာဖရိကမှာကျင်းပတဲ့ ၂၀၁၀ ကမ္ဘာ့ဖလား ဗိုလ်လုပွဲမှာလည်း ကွင်းလယ်ဒိုင်လူကြီးလုပ်ခဲ့သူဖြစ်ပါတယ်။ အဲဒီတုန်းက စပိန်နဲ့နယ်သာလန်တို့ ဗိုလ်လုခဲ့ကြတာပါ။ အဲဒီပွဲမှာ စပိန်က တစ်ဂိုး- ဂိုးမရှိနဲ့ ဖလားဆွတ်ခူးသွားခဲ့တာပါ။ သူဟာ ကစားသမားများ ကြမ်းတမ်းစွာကစားပေမယ့် အနီကတ် အလွယ်တကူ မပြတတ်တဲ့သူ ဖြစ်ပါတယ်။ သူဟာ လာမယ့်ဗိုလ်လုပွဲမှာလည်း ကွင်းလယ်ဒိုင်လူကြီး ဖြစ်လာမယ့် အနေအထားရှိပါတယ်။

ဂျာမနီနဲ့ ဘရာဇီးတို့ ကစားတဲ့ ဆီမီးဖိုင်နယ်ပွဲကို မက္ကဆီကို ဒိုင်လူကြီး မာကိုရိုဒရီဂွတ်ဇ် ကိုင်တွယ်ပြီးတော့ နယ်သာလန်နဲ့ အာဂျင်တီးနားပွဲကိုတော့ တူရကီဒိုင်လူကြီး ကူနက်ကာကီယာကိုင်တွယ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်ဟောင်းဝပ်ဝက်ဘ်ဟာ ဗိုလ်လုပွဲမှာ ကိုင်တွယ်မယ့် ဒိုင်လူကြီး ဖြစ်လာမယ်လို့ မျှော်လင့်ရပါတယ်။ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ နာမည်ကြီး ဒိုင်လူကြီးဟောင်းဝပ်ဝက်ဘ်ရဲ့နှစ်ဖက်ကစားသမားများအပေါ် ဘယ်လိုမျှမျှတတ လုပ်ကိုင်မယ်ဆိုတာ ပရိသတ်များ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ဆီမီးဖိုင်နယ် အားပြိုင်မှု

သီဟ

ဆီမီးဖိုင်နယ် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ နယ်သာလန်နဲ့ အာဂျင်တီးနားအသင်းတို့ ဇူလိုင်၁၀ နံနက် ၂း၃၀တွင် Arena Corinthians ကွင်းမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး နာမည်ကြီး တိုက်စစ်မှူးတွေ ခြေစွမ်းပြမယ့်ပွဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားတွေ့ဆုံမှုသုံးကြိမ်ရှိခဲ့ပြီး ၁၉၇၄ခုနှစ်မှာ အုပ်စုပွဲတွင် နယ်သာလန်က အာဂျင်တီးနားကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားပါတယ်။ ၁၉၇၈ ကမ္ဘာ့ဖလားဖိုင်နယ်မှာ အာဂျင်တီးနားက သုံးဂိုး-တစ်ဂိုးဖြင့် နယ်သာလန်ကို နိုင်ပြီး ဖလားရယူသွားပါတယ်။ ၁၉၉၈ ကွာတားဖိုင်နယ်မှာ နယ်သာလန်က အာဂျင်တီးနားကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပါတယ်။ နယ်သာလန်အသင်း နည်းပြဗန်ဟားလ်ကလည်း နည်းဗျူဟာပိုင်းမှာနာမည်ရရှိနေပြီး အသင်းလိုက် စုစည်းမှုအားကောင်းကာ တိုက်စစ်ပိုင်းမှာလည်း ဗန်ပါစီနဲ့ ရော်ဘင်တို့က ခြေစွမ်းပြနေပါတယ်။ အာဂျင်တီးနားအသင်းက နောက်တန်းအားနည်းပြီး တိုက်စစ်မှူးကောင်းတွေရှိပေမယ့် အတွဲညီညီ ဖန်တီးပေးမှုတွေမရှိလို့ ဂိုးသွင်းစွမ်းရည်အားနည်းနေပါတယ်။

ဆီမီးဖိုင်နယ် ရှုံးတဲ့နှစ်သင်း တတိယနေရာလုပွဲကို ဇူလိုင်၁၃ နံနက် ၂း၃၀မှာယှဉ်ပြိုင်ကြမှာဖြစ်ပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲကိုတော့ ဇူလိုင်၁၄ နံနက်၁း၃၀မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ရော်ဘင်
အသက်-၃၀
ကလပ်အသင်း-ဘိုင်ယန်မြူးနစ်
နိုင်ငံ-နယ်သာလန်
ကမ္ဘာ့ဖလားသွင်းဂိုး-၃ဂိုး
ငါးပွဲမှာကစားသည့်မိနစ်-၄၈၀မိနစ်

မက်ဆီ
အသက်-၂၇
ကလပ်အသင်း-ဘာစီလိုနာ
နိုင်ငံ-အာဂျင်တီးနား
ကမ္ဘာ့ဖလားသွင်းဂိုး-၄ဂိုး
ငါးပွဲမှာကစားသည့်မိနစ်-၄၅၃မိနစ်

မာလာဂါဂိုးသမား မန်စီးတီးခေါ်ယူဖွယ်ရှိ

မန်စီးတီးက မာလာဂါဂိုးသမားဝီလီကာဘယ်လီရိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။ အသက် ၃၂ နှစ်ရှိ ကာဘယ်လီရိုသည် တနင်္လာနေ့က မန်ချက်စတာသို့ ရောက်ရှိလာပြီး အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိသည်။ ဘာစီလိုနာတောင်ပံကစားသမားဆန်ချက်ဇ်သည် အာဆင်နယ်နှင့်ဆွေးနွေးနေသဖြင့် စိတ်ဝင်စားမှုမရှိကြောင်း မန်စီးတီးက ပြောဆိုလိုက်သည်။ အာဂျင်တီးနားကစားသမား ကာဘယ်လီရိုသည် မန်စီးတီးနည်းပြ ပယ်လီဂရီနီလက်အောက်တွင် ကစားခဲ့သူဖြစ်သည်။ နည်းပြပယ်လီဂရီနီသည် ၂၀၁၀-၂၀၁၃ အတွင်း မာလာဂါနည်းပြလုပ်ခဲ့သူဖြစ်သည်။ ကာဘယ်လီရိုသည် အင်္ဂလန်နံပါတ်တစ် ဂိုးသမားဂျိုးဟတ်၏ အရန်ဂိုးသမားဖြစ်လာနိုင်သည်။ ကာဘယ်လီရိုသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက မာလာဂါအသင်းနှင့်အတူ လာလီဂါအကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

အက်ရှ်လေကိုးလ် ရိုးမားရောက်ပြီ

ချယ်လ်ဆီးနောက်တန်းကစားသမား အက်ရှ်လေကိုးလ်အား စီးရီးအေကလပ် ရိုးမားက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် ၃၃ နှစ်အရွယ်ရှိ အက်ရှ်လေကိုးလ်အား ၂၀၁၆ ခုနှစ်အထိ စာချုပ်ထားကြောင်း ရိုးမားအသင်း၏ ဝက်ဘ်ဆိုက်တွင် အက်ရှ်လေကိုးလ်၏ ဓာတ်ပုံနှင့်အတူ ဖော်ပြထားသည်။ အင်္ဂလန်နောက်တန်းကစားသမားဟောင်း အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးအသင်းမှ ထပ်မံစာမချုပ်တော့၍ ရိုးမားသို့ အလွတ်ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးတွင် ရှစ်နှစ်ကြာကစားခဲ့ပြီးနောက် လွန်ခဲ့သည့်ရာသီက စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည်။ "ကျွန်တော်အင်္ဂလန်မှာ နေခဲ့ရတဲ့ ကစားသမားဘဝကိုတော့ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ဒါပေမယ့် ယခုအခါမှာတော့ စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်တော့မှာ ဖြစ်ပါတယ်"ဟု အက်ရှ်လေကိုးလ်က ပြောသည်။ ၎င်းသည် ၂၀၀၆ ခုနှစ်က ချယ်လ်ဆီးသို့ရောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပရီမီယာလိဂ်ဖလားနှင့် ၂၀၁၂ ခုနှစ်တွင် ချန်ပီယံလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

သူရ (၆၉) ဗသက သူငယ်ချင်းများသို့

ဗသက(၆၉) သင်တန်းဆင်း (၂၉)နှစ်ပြည့် အခမ်းအနားအား နေပြည်တော်တွင် ၁၁-၇-၂၀၁၄ ရက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းကြပါရန်။

ရဲနှစ် ဖုန်း-၀၉-၄၉၈၁၉၃၁၉
အေးသိုက် ဖုန်း-၀၉-၂၅၆၅၀၁၂၃၃
လှဆန်း ဖုန်း-၀၉-၄၂၀၇၀၂၁၁၁
မြင့်လွင် ဖုန်း-၀၉-၄၄၈၀၄၄၆၆၂

ဖိတ်ကြားအပ်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်ရှိ မဟာဓေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ အကြိမ် ၁၀၀ ပြည့် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်ကြေးဆင်းတုတော် (၁၂)ဆူအား အနေကဇာတင် ရေစက်ချအခမ်းအနားကို ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မဟာဓေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်လှူဒါန်းနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ပင့်သံဃာတော် ၄၅ ပါးတို့အား ဆွမ်းကပ်ခြင်းနှင့်ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးပါမည်။

ဂေါပကအဖွဲ့

ခေါက်ဆွဲလုပ်ငန်းနှင့် မုန့်မျိုးစုံ သုံးအရည်အသွေးမြင့် အဆင့်မီ
Turkey ဂျုံမှုန့်များကို ရောင်းပေးနေပါသည်။
Ph: 01-371164,01-371165,01-371166

ကံကောင်း
PH-09-49300967
09-420185599

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)၊ ဆဋ္ဌမတန်းအောင်မှ မောင်ခွန်ဇင်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးခွန်သန်းထွန်း ၁၃/တကန(နိုင်)၁၅၇၈၉၆ ဖြစ်ပါကြောင်း။

ဦးခွန်သန်းထွန်း

ဖခင်အမည်မှန်

နေပြည်တော် ဒက္ခိဏသီရိမြို့ QIAC-2 ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်အာကာဝင်း၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/တသန(နိုင်)၁၃၀၈၉၄ ဖြစ်ပါသည်။

ဦးထွန်းထွန်း ၉/တသန(နိုင်)၁၃၀၈၉၄

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

(၂၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး ကျင်းပမည့်နေရာ ပြောင်းရွှေ့ခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကျင်းပမည့်နေရာကို ယခင်က "ယုဇနဂါးဒင်း" ဟိုတယ်၌ကျင်းပရန် ၁၈-၆-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၉-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။

သို့ရာတွင် ယခုအခါသွားလာရေးလွယ်ကူပြီး အဆင်ပြေမည့်Dolphin စားသောက်ဆိုင်၌ အောက်ပါအစီအစဉ်အတိုင်း နေရာပြောင်းလဲကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - " Dolphin" Restaurant & Dim Sum
မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ရန်ကုန်တိုင်းဒေသကြီး။

မှတ်ချက်။ အစည်းအဝေးဖိတ်စာကို အစီရင်ခံစာများနှင့်အတူ ဘဏ်တွင်မှတ်တမ်းတင်ထားသောလိပ်စာများသို့ ပေးပို့ထားပါမည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိသူများစာရင်း(သိပ္ပံဘာသာရပ်)

(နေပြည်တော်)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မနိုနိုနိုင်	နဥတ ၂၇၇	ကပက(CAE) ဥတ္တရသီရိ	နေပြည်တော်	၅၄၃	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ညဏ်ဖုန်းမြင့်	နဇမ ၂၉	အထက(၆)နေပြည်တော် ဇမ္ဗူသီရိ	နေပြည်တော်	၅၂၉	၂	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မောင်သီဟထက်နိုင်	နဇယ ၅၈	အထက(၁)နေပြည်တော် ဇေယျာသီရိ	နေပြည်တော်	၅၂၇	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မဥူဝေနောင်	နပန ၅၈၂	အထက(၁) ပျဉ်းမနား	နေပြည်တော်	၅၂၇	၃	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မမြတ်နိုးဟန်	နဥတ ၃၅၄	ကပက(CAE) ဥတ္တရသီရိ	နေပြည်တော်	၅၂၅	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

(ပဲခူးတိုင်းဒေသကြီး)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မခန့်ဆွေထက်	ပပ ၃၆	အထက(၁)ပြည်	ပဲခူးတိုင်း(အနောက်ပိုင်း)	၅၃၆	၁	မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ဖြိုးဝေလင်း	ပည ၁၂၃	အထက(၁)ညောင်လေးပင်	ပဲခူးတိုင်း(အရှေ့ပိုင်း)	၅၃၂	၂	မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မစောဝတ်ရည်ထွန်း	ပခ ၆၅၇	အထက(၃)ပဲခူး	ပဲခူးတိုင်း(အရှေ့ပိုင်း)	၅၂၉	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မောင်သူရိန်မျိုးသော်	ပခ ၂၅၉	အထက(၁)ပဲခူး	ပဲခူးတိုင်း(အရှေ့ပိုင်း)	၅၂၇	၄	မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မောင်ဗညားနိုင်	ပခ ၆၈၅	အထက(၃)ပဲခူး	ပဲခူးတိုင်း(အရှေ့ပိုင်း)	၅၂၅	၅	မြန်မာစာ၊သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

(မန္တလေးတိုင်းဒေသကြီး)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မဥမ္မာလေး	မနတ ၁၁၂၂	ကပက(CAE) ချမ်းအေးသာစံ	မန္တလေး	၅၅၃	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မသီရိမိုးသက်	မနတ ၁၂၃၀	ကပက(CAE) ချမ်းအေးသာစံ	မန္တလေး	၅၅၂	၂	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မနှင်းဧကရီမြင့်	မနတ ၁၀၈၄	ကပက(CAE) ချမ်းအေးသာစံ	မန္တလေး	၅၄၈	၃	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မသီတာနေမျိုးဝင်း	မနတ ၁၄၇၈	ကပက(ဆု) ချမ်းအေးသာစံ	မန္တလေး	၅၄၂	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မောင်လင်းထက်အောင်	မရမ ၁၃၃၉	အထက(တွဲ)လ(၁၄) ချမ်းမြသာစည်	မန္တလေး	၅၄၂	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

(မကွေးတိုင်းဒေသကြီး)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မသွယ်သွယ်စိုး	ဖဖ ၈	အထက(ဆိပ်ဖြူ)	မကွေးတိုင်းဒေသကြီး	၅၃၃	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ဝီရအောင်	ဖမ ၂၁၈	အထက(၁)မကွေး	မကွေးတိုင်းဒေသကြီး	၅၂၉	၂	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မောင်အောင်မြတ်မင်း	ဖမ ၆၆၈	အထက(၄)မကွေး	မကွေးတိုင်းဒေသကြီး	၅၂၈	၃	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မောင်ဇော်အောင်ထက်	ဖရ ၆၉	အထက(၁)ရေနံချောင်း	မကွေးတိုင်းဒေသကြီး	၅၂၆	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မောင်ဟိန်းထက်စိုး	ဖရ ၃၄	အထက(၁)ရေနံချောင်း	မကွေးတိုင်းဒေသကြီး	၅၂၅	၅	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

(မွန်ပြည်နယ်)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မနှင်းပွင့်ဖြူ	ညလ ၅၇၀	အထက(၆)မော်လမြိုင်	မွန်ပြည်နယ်	၅၄၅	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်စိုးပြည့်ဖြိုး	ညလ ၅၇၀၃	အထက(၆)မော်လမြိုင်	မွန်ပြည်နယ်	၅၄၀	၂	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မဝတ်ရည်နန္ဒာ	ညလ ၁၂၀၀	အလွတ်ဖြေ -မော်လမြိုင်	မွန်ပြည်နယ်	၅၃၅	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မောင်ကျော်သုတဌေး	ညလ ၂၁၆	အထက(၉)မော်လမြိုင်	မွန်ပြည်နယ်	၅၃၃	၄	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မမြတ်မီမီကို	ညလ ၁၇၇	အထက(၉)မော်လမြိုင်	မွန်ပြည်နယ်	၅၃၂	၅	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၆	မသင်းသဇင်စိုး	ညလ ၁၁၇၆	အလွတ်ဖြေ-မော်လမြိုင်	မွန်ပြည်နယ်	၅၃၂	၅	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

(ရခိုင်ပြည်နယ်)

စဉ်	အမည်	ခုံအမှတ်	ကျောင်း/မြို့နယ်	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
၁	မစိုးစန္ဒီ	ဒစ ၂၉၁	အထက(၂)စစ်တွေ	ရခိုင်ပြည်နယ်	၅၂၆	၁	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ရန်နိုင်ထွန်း	ဒတ ၆၂	အထက(၁)တောင်ကုတ်မြို့	ရခိုင်ပြည်နယ်	၅၂၃	၂	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မငြိမ်းငြိမ်းစံ	ဒစ ၁၉၈	အထက(၂)စစ်တွေ	ရခိုင်ပြည်နယ်	၅၁၈	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မောင်ဖြိုးမင်းဇော်	ဒတ ၃၆	အထက(၁)တောင်ကုတ်မြို့	ရခိုင်ပြည်နယ်	၅၁၇	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မောင်အောင်ကိုလွင်	ဒသ ၆၉	အထက(၁)သံတွဲမြို့	ရခိုင်ပြည်နယ်	၅၁၇	၄	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဟုမ္မလင်းမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဒေါ်နန်းမေကြင်အား စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စေတနာ့ဝန်ထမ်းစွမ်းဆောင်ရှင်ဆုချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
အမှုဆောင်အဖွဲ့
ဟုမ္မလင်းမြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၆၄၆/ခ၊ မြေကွက်တည်နေရာအမှတ် ၆၄၆/ခ၊ ဝေဇယန္တာ(အနောက်)၊ ၁၄လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဆိတ်ဖားအောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဆိတ်ဖားအောင်(ဖခင်)နှင့် ဒေါ်လှပို(မိခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်သိုင်းစိန် ၁၂/သကတ(နိုင်)၀၉၂၁၄၀၊ (၂) ဒေါ်သိုင်းအေးစိန် ၁၂/သကတ(နိုင်)၂၀၃၃၅၁၊ (၃) ဦးသန်းမြင့် ၁၂/သကတ(နိုင်)၀၉၂၀၄၆၊ (၄) ဒေါ်ဆန်း ၁၂/သကတ(နိုင်)၀၉၆၆၉၆၊ (၅) ဒေါ်ခင်သန်း ၁၂/သကတ(နိုင်)၀၃၀၈၆၅၊ (၆) ဒေါ်သိုင်းဘုစိန် ၁၂/သကတ(နိုင်)၀၉၆၉၀၇ တို့မွေးဖွားခဲ့ပြီး ခြောက်ဦးအနက်မှ အမှတ်စဉ် ၁မှ ၅အထိထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၇၃၇/၂၀၁၄ ရသူ ဒေါ်သိုင်းဘုစိန် ၁၂/သကတ(နိုင်)၀၉၆၉၀၇မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L၁၇/၆၀၊ မြေကွက်အမှတ် ၁၀၄၅+၁၀၄၆၊ ဇရိယာ ဝဒသမ ၁၁၀ဧက အမည်ပေါက် ဒေါ်တာမွေး ၁၃/မခန(နိုင်)၀၀၉၈၉၈၏ မြေငှားစာချုပ်မူရင်းပျောက်ဆုံးသွားပါ၍ မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် အမည်ပေါက် ဒေါ်တာမွေးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်မူရင်းအားပယ်ဖျက်၍ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၂၁၂၀ Nissan AD VAY 12 Station Wagon (4×2)(R) ယာဉ် လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၈/ဆပပ (နိုင်)၀၀၅၉၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)၊
မကွေးတိုင်းဒေသကြီး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ အကွက်(၁၂)၊ နယ်မြေ(၁၆)၊ စကိတ်ကွင်းလမ်း၊ အိမ်အမှတ် ၁၇၉နေ ဦးထွန်းထွန်းဝင်း-ဒေါ်နန်ဒွဲတို့၏သား မောင်အောင်ထွန်းလင်းဦး ၁၃/လရန(နိုင်)၁၆၇၈၂၄ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ယင်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

ဦးထွန်းထွန်းဝင်း-ဒေါ်နန်ဒွဲ

မိဘအမည်မှန်

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မအေးမာသင်း၏ မိဘအမည်မှန်မှာ ဦးအောင်မြင့်ဦး(ခ)ဦးမြင့်ဦး-ဒေါ်မြင့်မြင့်မိုး(ခ)ဒေါ်မြင့်မိုး ဖြစ်ပါကြောင်း။

ဦးအောင်မြင့်ဦး-ဒေါ်မြင့်မြင့်မိုး

တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးသန်းဝင်း ၁၂/ကမန (နိုင်)၀၃၃၀၁၇ နှင့် ဦးမောင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းဝင်း(ခ)ဦးမောင်ဝင်း

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၅၉၅ အမည်ပေါက် ဦးတင်ရွှေ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးရန်မြင့်ရှိန် ၁၂/လရန(နိုင်)၁၀၅၃၃၅မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၁၅၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၄/ခ၊ (၄၇)ရပ်ကွက် ဦးသောင်းညွှန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသောင်းညွှန့် ၇/လပတ(နိုင်)၀၁၃၂၇၀ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်မြိုင် ၁၀/မဒန(နိုင်)၀၀၉၅၃၇မှ ပါမစ်တွင် မှီခိုသူစာရင်းနှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်မပါရှိဘဲ ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၈၁၊ မြေကွက်တည်နေရာအမှတ် ၂၈၁၊ သုခိတာလမ်း၊ ရွှေပြည်သာ (ဦးသောင်းမြင့်၊ ဦးဝင်းရွှေ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းမြင့် ၁၂/ရပသ(နိုင်)၀၁၇၃၈၄+ ဦးဝင်းရွှေ ၁၂/ကမရ(နိုင်)၀၃၆၃၀၁ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၂၅၆၊ မြေကွက်တည်နေရာအမှတ် ၁၂၅၆၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမြသိန်း CE-၀၈၂၇၀၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြသိန်းကွယ်လွန်သဖြင့် ဒေါ်ခင်မာကြူ ၁၂/ကမရ(နိုင်)၀၂၃၀၁၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၇၅၃/၁၄(၂၂-၅-၁၄) ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်သန်းသန်းမြင့် ၁၂/မရက(နိုင်)၀၆၉၈၂၅ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိသော ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နိုင်ငံတကာအဆင့်မီ Insulate Wire ကြိုးများ ရန်ကုန်မြို့တော်အတွင်း အသစ်ထပ်မံတိုးမြှင့်တပ်ဆင်

ရန်ကုန် ဇူလိုင် ၈

မိုးတွင်းကာလ ရန်ကုန်မြို့အတွင်း ရှိပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသည့် Insulate Wire ကြိုးများကို လိုအပ်လျက်ရှိသည့် မြို့နယ်၊ ရပ်ကွက်တိုင်းတွင် ယခုလဆန်းပိုင်းမှစ၍ အသစ်ထပ်မံ တိုးမြှင့်တပ်ဆင်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ သိရသည်။

ရန်ကုန်မြို့အတွင်း ယခုအသစ်လဲလှယ်တပ်ဆင်ပေးနေသည့် Insulate Wire ကြိုးများသည် ယခင်အသုံးပြုနေသော ကြိုးများနှင့်မတူဘဲ အပြင်မှရော်ဘာကြိုးများ ဖုံးအုပ်ထားသဖြင့် လျှပ်စစ်စီးဝင်နေသည့် ဓာတ်ကြိုးများ အကြောင်းအမျိုးမျိုးကြောင့် နေအိမ်၊ လမ်းများနှင့် လူနေမှုပတ်ဝန်းကျင်တို့တွင် ပြိုလဲပြတ်ကျခြင်းများ ဖြစ်ပေါ်ပါက အဆိုပါဓာတ်ကြိုးနှင့် ထိလျှင် ဓာတ်လိုက်မှုမရှိဘဲ လျှပ်စစ်အန္တရာယ် ကင်းဝေးမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ Insulate Wire ကြိုးများသည် အပူဒဏ်ကိုလည်း အထိုက်အလျောက်ခံနိုင်ကြောင်း သိရသည်။ ယခုလို InsulateWire ကြိုးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ယခုလ တတိယပတ်အထိ ရန်ကုန်မြို့တော် လျှပ်စစ်ပေးရေးအဖွဲ့အနေဖြင့် မြို့နယ်များအတွင်းရှိ ဆင်ခြေဖုံးရပ်ကွက်များနှင့် အန္တရာယ်ရှိဓာတ်ကြိုးလိုင်းများကို စမ်းသပ်ဆာဗေးကောက်ပြီး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုရန်ကုန်မြို့တွင်း လိုအပ်လျက်ရှိတဲ့နေရာတွေကို တပ်ဆင်ပေးနေတဲ့ Insulate Wire ကြိုးတွေဟာ ဗို့အား ၄၀၀ ခံနိုင်ဝန်ရှိတဲ့ ကြိုးတွေဖြစ်ပါတယ်။ အခုလို ပြောင်းလဲတပ်ဆင်ပေးတာဟာ နိုင်ငံတော်က အကုန်အကျခံ ပြောင်းလဲတပ်ဆင်ပေးတာပါ။ ဒီဓာတ်ကြိုးတွေဟာ အရင်ဓာတ်ကြိုးတွေနဲ့ ဗို့အားတော့ တူပါတယ်။ ဒါပေမယ့် ခံနိုင်ရည်ရှိတာတွေ၊ ရော်ဘာများနှင့် ဖုံးအုပ်ထားတာတွေကြောင့် ပြည်သူတွေအတွက် လျှပ်စစ်အန္တရာယ် လုံခြုံမှုရှိလာမှာပါ။ အရင်ကလို အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်ကြိုးတွေပြတ်ကျတာတို့၊ လဲကျတာတို့ဖြစ်ရင် မစိုးရိမ်ရတော့ပါဘူး။ ဒီ Insulate Wire ကြိုးတွေကို အိမ်နီးချင်းနိုင်ငံတွေအပါအဝင် ခေတ်မီတဲ့နိုင်ငံတကာမှာ အသုံးပြုနေကြပါပြီ" ဟု ရန်ကုန်မြို့တွင်း ဓာတ်ကြိုးများ ပြောင်းလဲတပ်ဆင်မှုတွင် ကွင်းဆင်းကြပ်မတ်လျက်ရှိသည့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ပြောသည်။

Insulate Wire ဓာတ်ကြိုးများ ရန်ကုန်မြို့တွင်း ပြောင်းလဲတပ်ဆင်မှုကို ယခု ဇူလိုင်လဆန်းပိုင်းမှ စတင်၍ တတိယပတ်အထိ လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ဓာတ်ကြိုးများနှင့် မလွတ်သည့် သစ်ကိုင်းများကိုလည်း ခုတ်ထွင်ပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင်း အခုလိုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားလိုင်း အပြည့်အဝရရှိစေရေး Insulate Wire ကြိုးများ ပြောင်းလဲတပ်ဆင်ပေးရာတွင် သက်ဆိုင်ရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ လျှပ်စစ်အင်ဂျင်နီယာအဖွဲ့တို့နှင့် မြို့တော်စည်ပင်မှ ပန်းဥယျာဉ်ဌာန စသည့်ဌာနများ ပူးပေါင်းပါဝင်လျက်ရှိသည်။

ယခုအခါ Insulate Wire ကြိုးများကို ရန်ကုန်မြို့တော်အတွင်းရှိ သယ်န်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများတွင် တပ်ဆင်ပေးလျက်ရှိသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန်မြို့တွင် Insulate Wire လျှပ်စစ်ဓာတ်ကြိုးများ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ပေးနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ- မင်းထက်

အထက်မင်းလှတွင် အခြေခံသမအသင်းများသို့ ပံ့ပိုးချေးငွေထုတ်ချေး

မင်းလှ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် သမဝါယမအသင်းစုအနေဖြင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့ထံမှတစ်ဆင့် ရရှိသည့်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရရှိသောချေးငွေများကို ဇူလိုင် ၃ ရက်မှစတင်၍ ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်သမဝါယမအသင်းများသို့ ထပ်ဆင့်ထုတ်ချေးပေးနေကြောင်း သိရသည်။

အဆိုပါ ချေးငွေအစီအစဉ်မှာ အထက်မင်းလှမြို့နယ်အတွင်းရှိ လယ်ယာကုန်ထုတ် သ/မ(၄၆) သင်းမှအသင်းသား ၄၀၀၁ ဦးသို့ တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ခြောက်လသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း၊ နောက်(၄/၅)နှစ်အကြာတွင် သ/မအသင်းများ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်ရေးရည်ရွယ်ပြီး ရေရှည်ထုတ်ချေးသွားမည်ဖြစ်သလို သမဝါယမဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်းခြောက်သောင်းကျော်တွင် တစ်ရွာလျှင် အနည်းဆုံး အခြေခံသမဝါယမအသင်း တစ်သင်းဖွဲ့စည်းပြီး ချေးငွေထုတ်ပေးနိုင်ရန် စီစဉ်ထားရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုကြီးစန်း

သတင်းတိုများ

တောင်သူများသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

ကျောက်ဖြူ ဇူလိုင် ၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိရာ ချေးငွေများထုတ်ချေးပေးရာတွင် ဘဏ်၏ ချေးငွေပုံစံစနစ်နှင့်အညီ (၁၀)ဧကအထိ လုပ်ကိုင်သည့် တောင်သူများအား ပေးဆပ်နိုင်စွမ်းအရ စိစစ်ထုတ်ချေးနေကြောင်း၊ အချိန်မီပေးဆပ်နိုင်သူများကို ငွေထုတ်ချေးနေကြောင်း၊ နောက်ကျ၍ ပေးဆပ်နေသူများကို ဒုတိယအကြိမ်ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဘဏ်မှချေးငွေများကို အချိန်မီထုတ်ချေးပေးသကဲ့သို့ တောင်သူများဘက်မှလည်း သတ်မှတ်ကာလအချိန်တွင် အပြီးအစီးပေးဆပ်ရန် တာဝန်ရှိကြောင်း မြို့နယ်မန်နေဂျာ ဦးစိုးမြင့်ဦးက ရှင်းလင်းပြောကြားသည်။ ယခုအထိ ကျေးရွာ ၂၈ ရွာ၊ အဖွဲ့ဝင် ၂၇၇၉ ဦးအား လယ်ဧက ၈၁၇၅ ဧကအတွက် ချေးငွေ ၈၁၇၅ သိန်းကို ဇွန် ၂၆ ရက်အထိ ထုတ်ချေးပေးပြီးဖြစ်ကြောင်း ကျန်ရှိသောကျေးရွာအုပ်စုများကိုလည်း နေ့စဉ်မပျက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **(၁၅၇)**

ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ် ဝန်ထမ်းများ၏ သားသမီးများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တရားလွှတ်တော်တရားသူကြီးများက လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး မူလတန်းပညာသင်ကြားနေသော တရားရုံးဝန်ထမ်းများ၏ သားသမီး ၅၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ကြောင်းသိရသည်။ **(တိုင်းဒေသကြီးတရားလွှတ်တော်)**

မိုးသီးနှံအတွက်စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

နေပြည်တော် ဇူလိုင် ၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သံတောင်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများသို့ မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီက သံတောင်မြို့ စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးမှူး ဦးသောင်းမြင့်၊ အသင်းစုများဥက္ကဋ္ဌ ဒေါ်နော်ဆိုးနေတို့က အမှာစကားပြောကြားပြီး စီးပွားရေးဌာနစုဦးစီးမှူးဒေါ်ပရီးကဒီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရရှိသောချေးငွေများကို မိုးသီးနှံစိုက်ပျိုးနိုင်ရေးအတွက် အချိန်မီထုတ်ချေးပေးခဲ့ပြီး ချေးငွေကာလမှာ ခြောက်လတစ်ကြိမ်၊ တစ်လအတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်ခွဲနှုန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသင်းသူ အသင်းသားများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အသင်းစုများသို့ချေးငွေများကိုပေးအပ်ခဲ့ကြသည်။ ထုတ်ချေးသော ငွေပမာဏမှာ ငွေကျပ်သိန်း ၁၀၄၅ ဖြစ်ပြီး အသင်းစု ၂၂ သင်း၊ အသင်းသားဦးရေ စုစုပေါင်း ၁၁၀၀ ကို တစ်ဦးလျှင်ငွေကျပ် တစ်သိန်းစီ ငွေချေးပေးခဲ့ကြောင်း သိရသည်။ **ကိုတီ(iprd)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ် ၃၁-စီနေ
ဒေါက်တာခင်မောင်လင်း-ဒေါ်သန်းသန်းဌေးတို့၏ သားငယ်

မောင်သူရိန်လင်း

Chief Officer
Maritime Academy Certificate of Competency½, Singapore Maritime Academy. Monsoon Maritime Services, Yangon, Myanmar

နှင့်

ပြင်ဦးလွင်မြို့၊ ကုန်သည်လမ်း၊ အမှတ် ၇၅ နေ
(ဒေါက်တာဝဏ္ဏဦး)-ဒေါ်ဌေးဌေးတို့၏ သမီးငယ်

မနှင်းယုဝေ

ACCA, CA (Singapore)
B.Sc(Hons:) (Oxford Brookes University, UK)
Singa Star Pte., Ltd., Singapore

တို့သည် ၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်ဘိုးဘွား မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရိန်လင်း-မနှင်းယုဝေ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၇၁/ခ၊ မြေကွက်တည်နေရာအမှတ် ၂၇၁/ခ၊ မြင်သာ ၆ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှအေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှအေးနှင့်(ခင်ပွန်း) ဦးတင်(ခ)ဦးအဟိန်ကွယ်လွန်သဖြင့် ဒေါ်တင်လှိုင် ၁၂/ဥကတ(နိုင်)၀၉၀၂၀၉က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်းဘွဲ့မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဦးထွန်းတင်	နှင့်	၁။ ဒေါ်ကလီ၊	၂။ ဒေါ်အေး
		၃။ ဒေါ်လုံးတုံး၊	၄။ ဒေါ်ဇမာဘီ
		၅။ ဒေါ်ဆွတ်လမာဘီ	
တရားလို		**တရားပြိုင်များ**	

လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ (၅) တရားပြိုင် ဒေါ်ဆွတ်လမာဘီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလို၍ လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မောင်ဝင်း)
မြို့နယ်တရားသူကြီး
လှိုင်းဘွဲ့မြို့နယ်တရားရုံး

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးကြည်ဆန်းဦး ၁၂/သလန(နိုင်)၀၅၄၅၁၂ ၏ ပထမတန်းရေယာဉ်အုပ်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၃၄၉၅၇၄

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပုသိမ်မြို့နယ်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇

ဒေါ်ကျင်ဆန်း	နှင့်	၁။ ကိုအချမ်း
		၂။ မနီနီလှိုင်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ကိုအချမ်း၊ မနီနီလှိုင်(အတူနေလင်မယား) ရှောပြာကျေးရွာ၊ ပုသိမ်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကျင်ဆန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်စိန်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပုသိမ်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၅၈၀၊ မြေကွက်တည်နေရာအမှတ် ၅၈၀၊ ဇလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမြအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြကွယ်လွန်သဖြင့် ဒေါ်သန်းစိန် ၁၂/ဥကတ(နိုင်)၀၀၂၅၉၂မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်အန္တရာယ်ငွေပေးလို့မဝယ်စေချင်ပါ

စိုင်းဘုန်းမြင့်ကျော်(ဆေးဝါး)

လူတို့၏ ကျန်းမာရေးအတွက် အသုံးချနေသော ဆေးဝါးများကို အများပြည်သူများအနေဖြင့် ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်ရှိပါသည်။ မိမိဝယ်ယူ သုံးစွဲလိုက်သော ဆေးဝါးများသည် အမှန်တကယ်အရည်အသွေးရှိမရှိ အမှန်တကယ်ရောဂါလက္ခဏာများ သက်သာပျောက်ကင်းနိုင်ခြင်းရှိမရှိသိရှိရန် လိုအပ်ပါသည်။ ယခင်က "အနာသိဆေးရှိ" ဟူသော ဆောင်ပုဒ် ရှိပါသည်။ ယနေ့တိုးတက်လာသောခေတ်ကြီးတွင် အနာသိဆေးရှိတိုင်း ရောဂါသက်သာပျောက်ကင်းမှုမရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆေးဝါးတိုင်းတွင် "**အရည်အသွေး အာမခံချက်**"အပြည့်အဝမရှိသောကြောင့် ဖြစ်ပါသည်။

အရည်အသွေးအာမခံချက် အပြည့်အဝမပေးနိုင်သော ဆေးဝါးများကို ဝယ်ယူသုံးစွဲမိသဖြင့် ငွေကုန်၊ ရောဂါမသက်သာသည့်အပြင် ရောဂါအခြေအနေပင် ပိုမိုဆိုးရွားသွားနိုင်ပါသည်။ ချောင်းဆိုးနေသော လူနာတစ်ယောက်သည် အရည်အသွေးမပြည့်ဝသည့် ချောင်းဆိုးပျောက်ဆေးကို ဝယ်ယူသောက်သုံးမိပါက ချောင်းဆိုးရောဂါသက်သာပျောက်ကင်းနိုင်မည်မဟုတ်ပေ။ သွေးတိုးရောဂါ ဆိုးဆိုးရွားရွားခံစားနေရသည့် လူနာများ၊ ရင်ကျပ်ရောဂါ ပြင်းပြင်းထန်ထန်ခံစားနေရသည့် လူနာများဆိုလျှင် အရည်အသွေးမပြည့်ဝသည့် ဆေးဝါးများကြောင့် အသက်ပင်ဆုံးရှုံးသွားနိုင်သည့် အခြေအနေမျိုးဖြစ်သွားနိုင်သည်။

ထို့ကြောင့် မိမိဝယ်ယူသုံးစွဲလိုက်သော ဆေးဝါးသည် အရည်အသွေး အာမခံချက် အပြည့်အဝရှိသော ဆေးဝါးများဖြစ်ရန် အလွန်အရေးကြီးသည်။ ဤသို့ဆိုလျှင် အများပြည်သူများ အနေဖြင့်စစ်မှန်သော အရည်အသွေး အာမခံချက်များရှိသည့် ဆေးဝါးများဖြစ်စေရန် မည်ကဲ့သို့ရွေးချယ်ဝယ်ယူရမည်နည်း။ လွယ်ပါသည် မခက်ခဲပါ။ မျက်စိဖြင့်သေချာကြည့်ဝယ်ပါ။ အားလုံးကမျက်စိဖြင့်ကြည့်ဝယ်နေကြသူများပင် ဖြစ်ပါသည်။ မျက်စိမှိတ်၍ ဈေးဝယ်သောသူမရှိပါ။ ဒါဆိုဘာအတွက်ကြောင့် မျက်စိဖြင့် သေချာကြည့်ဝယ်ခိုင်းသလဲဟု မေးရန်ရှိပါသည်။ ဟုတ်ကဲ့ဖြေပါမည်။ ကျွန်တော်သေချာကြည့်ခိုင်းသည်မှာ မိမိဝယ်ယူမည့်ဆေးတွင် "**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် (Myanmar Registration Number)**" ပါမပါဆိုသည့် အချက်ဖြစ်ပါသည်။

"**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်(Myanmar Registration Number)** "ပါမပါကို ကြည့်ရှုစစ်ဆေးသည့်နည်းကိုပါ တစ်ခါတည်းဖော်ပြပေးပါမည်။

ဥပမာ- MM Reg No. 1703AA5184
MM Reg No. R1307A3196
MM Reg No.R1307A4138

"**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်(Myanmar Registration Number)** " ကို ဖော်ပြထားသည့်အခါ စုစုပေါင်း ဂဏန်းရှစ်လုံးပါရှိပြီး အလယ်တွင် A သို့မဟုတ် AA ဟုပါရှိသည်။ ဆေးဝါးသက်တမ်းတိုးထားသော ဆေးများ၏အရှေ့တွင် R ဆိုသောစာလုံးကို ရှေ့ဆုံးတွင်ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဆေးဝါးများကို ဝယ်ယူသုံးစွဲသည့်အခါတိုင်း "**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်(Myanmar Registration Number)**" ကို သေချာကြည့်ရှုစစ်ဆေးဝယ်ယူမှသာ အရည်အသွေးပြည့်၍ ဘေးဥပဒ်ကင်းသော ဆေးဝါးများကို အမှန်တကယ် သုံးစွဲနိုင်မှာဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် "**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်**" ပါရှိသော ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (**FDA**) မှ-

-ဆေးဝါးများ၏ အရည်အသွေး စံချိန်ကောင်းမွန်မှု ရှိမရှိသေချာစွာစစ်ဆေးခြင်း

-ဆေးဝါးများဘေးဥပဒ်ကင်းရှင်းမှု ရှိမရှိသေချာစွာစစ်ဆေးခြင်း

-ဆေးဝါးများကို သယ်ယူစဉ်၊ သိုလှောင်စဉ်၊ ဖြန့်ဖြူးရောင်းချစဉ် စနစ်တကျ မှန်ကန်စွာသိုလှောင်သိမ်းဆည်းမှုများရှိမရှိ စစ်ဆေးခြင်း အစရှိသည်များကို သေသေချာချာ စစ်ဆေး၍ စစ်မှန်ပြီး အရည်အသွေးပြည့် ဝမှသာ "**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်**" ထုတ်ပေး၍ စနစ်တကျမှတ်ပုံတင်ကာရောင်းချခွင့်ပြုထားသော ဆေးဝါးများဖြစ်ပါသည်။

ထို့ကြောင့် "**မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်**"ပါရှိလျှင် အရည်အသွေး အာမခံချက်ရှိသဖြင့် စိတ်ချစွာဝယ်ယူသုံးစွဲနိုင်ပါသည်။ "မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် "မပါရှိပါက ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါးများဖြစ်နိုင်ပါသည်။ ဆေးဝါးအတု မဟုတ်ခဲ့လျှင်ပင် သယ်ယူသိုလှောင်ရာတွင် ခိုးဝှက်တင်သွင်းလာရသဖြင့် အာနိသင်မပြည့်ဝနိုင်ပါ။ ဥပမာအားဖြင့် ဆီးချိုရောဂါတွင် အသုံးပြုသည့် Insulin ထိုးဆေးမျိုး၊ ကာကွယ်ဆေး Vaccine စသည့်ဆေးများသည် အပူချိန် ၂-၈ ဒီဂရီစင်တီဂရိတ်တွင် သိုလှောင်ထားခြင်းမရှိလျှင် အာနိသင် ပျက်ပြယ်သွားသည်။ ထို့ကြောင့် လိုင်စင်မဲ့ဆေးဝါးများသည် ဆေးဝါးအတု မဟုတ်သည့်တိုင် စနစ်တကျ သိုလှောင်သိမ်းဆည်း တင်သွင်းခြင်းမဟုတ်ဘဲ ဖြစ်သလိုနည်းမျိုးစုံဖြင့် တင်သွင်းလာသောကြောင့် အာနိသင်မရှိသောဆေးဝါးများသာ ဖြစ်ပါသည်။

ဈေးနှုန်းအားဖြင့် မှတ်ပုံတင်ပါသော ဆေးဝါးသည် ၁၀၀၀ ကျပ်ဖြင့် ဝယ်ယူရသည့် အချိန်တွင် လိုင်စင်မဲ့ ဆေးဝါးသည် ငွေကျပ် ၅၀၀ ကုန်ကျတာမျိုး ဖြစ်နေတတ်ပါသည်။ သို့သော် သုံးစွဲသူ မိဘပြည်သူများအနေဖြင့် ဈေးသက်သာမှု တစ်ခုတည်းကိုသာ မမြင်ကြပါနှင့်၊ ကိုယ်ဖြစ်လာမယ့် အန္တရာယ်ကိုပါ သိမြင်စေချင်ပါသည်။

"တစ်ပြားတစ်ချပ်၊
သက်သာတာကိုမက်လျှင်
အသက်အန္တရာယ်
ငွေပေးလို့ဝယ်" သလိုဖြစ်ပါလိမ့်မည်ဟု သတိပေးချင်ပါသည်။

သုံးစွဲသူမိဘပြည်သူများအနေဖြင့် ဆေးဝါးများ ဝယ်ယူရာတွင် ဆေးဝါးမှတ်ပုံတင်၊ အမှတ်ပါမပါ သေချာကြည့်ရှုစစ်ဆေးပြီး မှတ်ပုံတင်အမှတ်ပါမှသာ ဝယ်ယူမည်၊ မှတ်ပုံတင်အမှတ်မပါလျှင် ဝယ်ယူခြင်းမပြုလျှင် ကောင်းကျိုးနှစ်ချက်ခံစားရလိမ့်မည်။ ပထမအချက်မှာ မိမိကိုယ်တိုင် အရည်အသွေးပြည့်ဝ၍ ဘေးဥပဒ်ကင်းကာ အစွမ်းထက်ဆေးဝါးကို သုံးစွဲနိုင်ခြင်းဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မပါ၍ မဝယ်ယူသဖြင့် ဆေးဝါးရောင်းချသူများလည်း မှတ်ပုံတင်အမှတ်ပါရှိသော ဆေးဝါးများကိုသာ ရောင်းချတော့မည်ဖြစ်သဖြင့် တရားမဝင် ဆေးဝါးများ တင်သွင်းရောင်းချခြင်းများ တဖြည်းဖြည်းလျော့နည်း ပျောက်ကင်းသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် "**အသက် အန္တရာယ်ငွေပေးလို့ မဝယ်ကြပါနဲ့**" မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်ပါသည့်၊ ဆေးကိုသာ ဝယ်ယူသုံးစွဲကြပါရန် တိုက်တွန်းလိုက်ရပါသည်။

> မှတ်ပုံတင်ပါသော ဆေးဝါးသည် ၁၀၀၀ ကျပ်ဖြင့် ဝယ်ယူရသည့် အချိန်တွင် လိုင်စင်မဲ့ဆေးဝါး သည် ငွေကျပ် ၅၀၀ ကုန်ကျ တာမျိုး ဖြစ်နေတတ်ပါသည်။ ဈေးသက်သာမှု တစ်ခုတည်းကိုသာ မမြင်ကြပါနှင့်. . .

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့်သစ်ပင်စိုက်ပျိုး

မင်းတပ် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို မင်းတပ်မြို့ ခေါန္နူးရိပ်သာခြံဝန်းအနီး ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်၊ မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူး ဦးအောင်မြင့်စိုး၊ မင်းတပ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးအောင်၊ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မင်းတပ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သက်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ **NGO** အဖွဲ့အစည်းများ၊ ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၂၇၅ ဦးက ခါတော်မီ၊ ကျွန်း၊ မိုင်းဘော၊ ချယ်ရီ၊ ယူကလစ်၊ မဲဇလီသစ်မျိုး စုစုပေါင်းအပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ဝ၂၁)**

ဟိုပန်၌ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ ရှင်းလင်း

ဟိုပန် ဇူလိုင် ၈

ဟိုပန်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းအသင်းသားများ၏ ငွေကြေးဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ ထောက်ပံ့ပေးခြင်းများဆောင်ရွက်ပေးရန် ရည်ရွယ်တည်ထောင်ခဲ့သည့် ဟိုပန်မြို့ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အခမ်းအနားကို ဇူလိုင် ၅ရက် နံနက် ၉နာရီက အထက စာမဟာခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးစိုင်းဆာထွန်းက အမှာစကားပြောကြားပြီးနောက် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်ခင်ခင်သောင်းက အသင်းဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအသင်းတိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေး ရှင်းတမ်းနှင့်လုပ်ငန်းစစ်ဆေးချက် အစီရင်ခံစာကို တင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိုးကောင်း ဇူလိုင် ၈

မိုးကောင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲက ကျွန်းပင်သာ ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်နှင့် ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ မိသားစုဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောဂျင် မိနီဟက်စ်လပ်ခ်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ စိန်ပန်း၊ ကံ့ကော်၊ ခရေစသည့် ပျိုးပင်ပေါင်း ၅၀၀ ကျော်ကို သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မြစ်ကြီးနားတက္ကသိုလ်-မြစ်ကြီးနားမြို့

(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်နှင့်ပေါင်းစည်းထားသော မိုးညှင်းဒီဂရီကောလိပ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် ဂုဏ်ထူးဘွဲ့(ဝိဇ္ဇာ/သိပ္ပံဘွဲ့)၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့များ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်) လျှောက်ထားနိုင်ပါသည်။
၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၃-၇-၂၀၁၄ရက်မှ ၃-၈-၂၀၁၄ရက်အထိ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင်(၂×၁½)လက်မ Sticker(ကပ်ခွာ) ဓာတ်ပုံသုံးပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/-)ဖြစ်ပြီး အဝေးရောက် ဘွဲ့ယူလိုသူများအတွက် ၁၀၀၀ိ/- ဖြစ်ပါသည်။
၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မြစ်ကြီးနားတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရ စာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။
၅။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတစ်စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

(မောင်မောင်)
ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မြစ်ကြီးနားတက္ကသိုလ်

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၄ခုနှစ် ဇူလိုင် ၁၁ရက် (သောကြာနေ့) ဝါဆိုလပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ၎င်းရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လျှပ်စစ်ရရှိရေးလုပ်ငန်းများဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ် တောင်ကြီးတွင် အောက်ဖော်ပြပါ လျှပ်စစ်ရရှိရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ			
၁။	ရှမ်းပြည်နယ်	ဆေးတက္ကသိုလ်၊ တောင်ကြီး	ထရန်စဖော်မာ(၂)လုံးတည်ဆောက်ခြင်းလုပ်ငန်းနှင့် တက္ကသိုလ်ဝင်းအတွင်း လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ရုံးအမှတ် ၄၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်
၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် တစ်ထပ်သံကူကွန်ကရစ်အလုပ်ရုံ (၁၂၅'×၆၀'×၁၈') Mazzanine Floor(၅၀'×၂၀') နှစ်ခန်းအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၈-၂၀၁၄ ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၉-၂၅၉၁၈၃၀၄၇၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ကျွန်တော် မောင်ကျော်ဇေယျထွန်း၏ဇနီး မော်လမြိုင်မြို့နေ မခင်စန္ဒာလင်း ၁၀/မလမ(နိုင်)၀၀၀၇၁၉ သည် ကျွန်တော့်အား ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ကျွန်တော် အလုပ်သွားနေစဉ်အချိန်တွင် မိမိ၏ဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကျွန်တော်နှင့်မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျော်ဇေယျထွန်း

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သိုင်းချောင်းရေအားကောင်း၍ ဖောင်မျှောသူများအဆင်ပြေ

ရေတာရှည် ဇူလိုင် ၈

ရေတာရှည်မြို့နယ် အတွင်းရှိ သစ်တောကြိုးဝိုင်းများမှနေ၍ ခုတ်ယူရရှိသည့် ဝါးများကို သိုင်းချောင်းမှ တစ်ဆင့် မျှောယူကြရပြီး ယခုရက်ပိုင်း မိုးများ ဆက်တိုက်ရွာသွန်းမှုကြောင့် သိုင်းချောင်းရေကောင်းကာ နေ့စဉ် ဝါးဖောင်များဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။

"ဝါးက အလွန်ရှားသွားပြီ၊ အရင်တုန်းကဆိုရင် သုံးလေးရက် လောက်ဆို ပြန်ဆင်းလို့ရတယ်၊ အခုတော့ ဝါးရှာရတာရယ်၊ ရေစောင့်ရတာရယ် ကိုးရက်လောက်ကြာတယ်" ဟု ဝါးဖောင်မျှောလာသူတစ်ဦးက ပြောပြသည်။ သိုင်းချောင်းမှာ ပဲခူးရိုးမသစ်တောကြိုးဝိုင်းအတွင်း ရှည်လျားစွာ စီးဆင်းနေပြီး ဒေသခံပြည်သူများ အားထားအသုံးပြုနေရသည့် ချောင်းငယ်တစ်ခုဖြစ်သကဲ့သို့ ရိုးမတောအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ အမှီသဟဲပြုနေရသော ချောင်းလည်းဖြစ်သည်။

သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းကို ပြန်လည်ပြုပြင်နိုင်ရန် ဝါးတင်ယာဉ်ကြီးများ ဝင်ရောက်ခွင့်ပိတ်ထား၍ ဝါးလုပ်ငန်းလုပ်ကိုင်သူတို့ အနေဖြင့် ဆွာချောင်းနှင့်သိုင်းချောင်းတို့ကိုသာ အဓိကအသုံးပြုနိုင်တော့မည်ဖြစ်သည်။ ရေတာရှည်မြို့နယ်ထွက်ဝါးကို ဝါးကပ်၊ ထိုင်ခုံနှင့် အခြားသော အသုံးအဆောင်များပြုလုပ်ရောင်းချပြီး ဝါးအလုံးလိုက်ကို မြစ်သား၊ ပျော်ဘွယ်၊ တောင်သာမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကာ ဝါးအကြီးအသေးအလိုက် ကြသောင်းဝါးတစ်လုံးလျှင် အကြီးအသေးအပေါ်မူတည်၍ ငွေကျပ် ၂၂၀ မှ ၂၅၀ အထိ ရောင်းချရကြောင်း သတင်းရရှိသည်။

ကိုလွင်(ဆွာ)

နိုင်ငံတကာစားသောက်ကုန်နှင့် အဖျော်ယမကာပြပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတကာစားသောက်ကုန်နှင့် အဖျော်ယမကာပြပွဲ မြန်မာ Ho Re Ca 2014 ကို ဇူလိုင်၂၄ ရက်မှ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသွားမည်ဟုသိရသည်။

အဆိုပါပြပွဲကို ကုန်သည်/စက်မှုအသင်းချုပ် UMFCCI၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MF-PEA)၊ ထိုင်းနိုင်ငံ ကုန်သည်များအသင်း၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် ICVEX ကုမ္ပဏီတို့ ပူးပေါင်းပြသခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲကာလအတွင်း ထိုင်းနိုင်ငံကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က မြန်မာနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ စားသောက်ကုန်နှင့် မွေးမြူရေးလုပ်ငန်းစု CP Myanmar ကလည်း ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများနှင့် ပြပွဲကာလအတွင်း မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဟု သိရသည်။

ကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၁၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ထုတ်လုပ်ရာတွင်လိုအပ်သော ပစ္စည်းကိရိယာများနှင့် သွင်းကုန်များ အပါအဝင် မူပိုင်ကုန်စည်ဖြန့်ဝေခွင့်အကြောင်းများပါ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့လာရန် ကြိုပို့ယာဉ်များ စီစဉ်ထားရှိကြောင်း သိရသည်။

ပြပွဲတက်ရောက်ရန် အတွက် www. myanmarfoodbev.com ၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

စလင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုး

စလင်း ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက စလင်း-ကံပြားလမ်းမိုင်တိုင်(၅/၅) ပေါင်းတူးကျေးရွာအနီး၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြရင်က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးခဲ့ပြီး မြို့နယ်အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဝင်း(ခ) ဦးမောင်မောင်နှင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ သစ်တောဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူ ၅၆၂ ဦးက ကျွန်းပင် ၅၀၊ ယူကလစ် ၃၀၁၅ ပင်၊ ရေတမာ ၃၅ ပင်၊ မဲဇလီ ၁၅ ပင် စုစုပေါင်း ၃၁၁၅ ပင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကျင်းပ

ယင်းမာပင် ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာအုပ်စု သံဘိုကျေးရွာ အစိုးရအခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။ ထို့နောက် သံဘိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ခြင်းလက်မှတ်ကို ကျောင်းအုပ်ဆရာကြီး ဦးနွယ်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက တက်ရောက်လာသူများထံ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လမ်းညွှန်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းအတွက် ဗလာစာအုပ်ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါကျောင်းသည် ယခင်ကကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရွာမှတက္ကသိုလ် ဘွဲ့ရဆရာတစ်ဦးနှင့် ဆရာမ လေးဦးတို့က ကျောင်းသားကျောင်းသူ ၈၀ အား သူငယ်တန်းမှ စတုတ္ထတန်းအထိ အခမဲ့ပညာသင်ကြားပေးခဲ့သည်။ "ယခုကျောင်းကို အဆင့်မြှင့်တင်ပေးတဲ့ နိုင်ငံတော်နှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ ကျောင်းဖွင့်သွားလို့ တစ်ရွာလုံးက ကျောင်းသားကျောင်းသူ မိဘများ ဝမ်းသာပျော်ရွှင်နေပါတယ်"ဟု ကျောင်းအကျိုးတော်ဆောင်က ပြောကြားသည်။

ထွန်းကိုကို(ယင်းမာပင်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ မြန်အောင်၌ စုပေါင်းဆောင်ရွက်

မြန်အောင် ဇူလိုင် ၈

မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် မြန်အောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဇူလိုင် ၅ ရက်က အမှတ်(၂)ရပ်ကွက်နှင့် မြို့မတဲကြီးကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ရပ်ကွက်ကျေးရွာလူနေအိမ်များတွင် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့်ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ဝင်းမိုလ်

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

သဒ္ဓမ္မရံသီ(မဟာစည်)ရိပ်သာနှင့် ရိပ်သာခွဲများတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို အောက်ဖော်ပြပါနေ့ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

(၁) ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်တန်း)
(ဝါဆိုလပြည့်ကျော် ၂ ရက်) ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
(၂) သဒ္ဓမ္မရံသီ (မဟာစည်)ရိပ်သာ (၈မိုင်၊ မရမ်းကုန်း)
(ဝါဆိုလပြည့်ကျော် ၉ ရက်) ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
(၃) ဓမ္မပူဇာသဒ္ဓမ္မရံသီရိပ်သာ (ဥဿာ-ပဲခူး)
(ဝါဆိုလကွယ်နေ့) ၂၆-၇-၂၀၁၄ ရက် (စနေနေ့)
(၄) ခိပ္ပါဘိညာ သဒ္ဓမ္မရံသီရိပ်သာ (အင်းတိုင်၊ လှည်းကူး)
(ဝါခေါင်လဆန်း ၁ရက်) ၂၇-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
(၅) သုခပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်ကုန်း)
(ဝါခေါင်လဆန်း ၇ရက်) ၂-၈-၂၀၁၄ ရက် (စနေနေ့)
(၆) မဇ္ဈိမာပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ (မြောက်ဥက္ကလာ)
(ဝါခေါင်လဆန်း ၁၄ ရက်) ၉-၈-၂၀၁၄ ရက် (စနေနေ့)

အထက်ပါရိပ်သာများတွင် နံနက် ၈ နာရီ အခမ်းအနားစတင်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး သာဓုအနုမောဒနာတရားနာကြားကြမည်ဖြစ်ပါသည်။

သင်္ကန်းတစ်စုံလျှင် ၂၀၀၀ကျပ်ဖြင့် လှူဒါန်းနိုင်ပါသည်။

ဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့

ဖခင်အမည်မှန်

ထန်းတပင်မြို့နယ်၊ အမက(မူလွန်)တက်သစ်၊ မောင်ကာကာခန့်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်မင်းဖြစ်ပါကြောင်း။

ဦးသန်းဇော်မင်း ၁၂/ထတပ(နိုင်)၀၇၆၇၆၈

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးတင်လတ် (မြို့နယ်တရားသူကြီး၊ သန်လျင်မြို့နယ်)နှင့် မေမေ ဒေါ်ညွန့်ညွန့်ရွှေ (သူနာပြုဆရာမကြီး-ငြိမ်း)တို့၏ ၉-၇-၂၀၁၄ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် မိသားစုနှင့်အတူ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးလေး

ထက်ထက်အောင် (ကမ္ဘောဇဘဏ်လီမိတက်)

International Banking Division

ဝမ်းမြောက်ချီးကျူးဂုဏ်ယူခြင်း

အမှတ် ၂၂၊ ရတနာလမ်း၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဇဟာန်းမြို့နယ်နေ ဦးအောင်ကိုကို-ဒေါ်မာမာဆွေ (ကထိက/ဌာနမှူး၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး)တို့၏သား မောင်ကောင်းဆက်နိုင်(ခ)ဖိုးပြည့်ဝသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မန္တလေးစာစစ်ဌာနမှ ခုံအမှတ် မနတ-၉၆၄ ဖြင့် ငါးဘာသာဂုဏ်ထူးဆွတ်ခူးအောင်မြင်ခဲ့သည့်အတွက် ဝမ်းမြောက်ချီးကျူးဂုဏ်ယူပါသည်။

ဒေါ်သိန်းမိ

ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာနမှူးနှင့် ဆရာမများ၊

ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြား/ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5007၊ Suzuki Carry DA 63T P/U(4x4) ® ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အောင် ၁၁/အလန(နိုင်)၁၃၁၄၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂စီက၊ မြေကွက်အမှတ် ၁/၃၆-က၊ မြေကွက်တည်နေရာအမှတ် ၁/၃၆-က၊ မဉ္ဇူ ၂ လမ်း၊ ဉာဏရပ်ကွက်၊ ကာယဉာဏရပ်ကွက်၊ မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့၏ ခြံမြေကွက်များစာရင်းရှိ ငယ်စာရင်းအမည်ပေါက် ဦးကျော်မြင့်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်ခဲ့သူ ဦးလှအောင် ၁၂/မဂတ(နိုင်)၀၈၁၇၃၈ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

မြင်းခြံ ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အစည်းအဝေးကို မင်းကျောင်းတိုက်အတွင်းရှိ ဆန္ဒတော်ပြည့်ဓမ္မာရုံတွင် ဇူလိုင် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြင်းခြံမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရက ဩဝါဒစကားမြွက်ကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ဘာသာဝင်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရေး အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က ယခုအချိန်တွင် မိမိတို့မြို့သို့ အခြားဘေး ပယောဂများ မဝင်ရောက်စေရေးအတွက် လက်တွဲလုပ်ဆောင်သွားကြရန် ပြောကြားခဲ့ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်က အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက ဆက်သွယ်အကြောင်းကြားရန် စသည်တို့ကို ပြောကြားခဲ့သည်။

ထို့နောက် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာ အဖွဲ့ခေါင်းဆောင်များက မိမိတို့မြို့တွင် အေးချမ်းစွာဖြင့်နေထိုင်သွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် စသည့်ကိစ္စရပ်များကို ဆွေးနွေးကြပြီး တက်ရောက်လာသည့် နိုင်ငံရေးပါတီများကလည်း မိမိတို့ပါတီများအနေဖြင့် ကူညီဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အတွက် ရန်ပုံငွေများကို ထူထောင်ရာ တက်ရောက်လာသည့် ဘာသာပေါင်းစုံအဖွဲ့များမှ မတည်ငွေအဖြစ် စုပေါင်းထည့်ဝင်လှူဒါန်းကြရာ ငွေကျပ်ခြောက်သိန်းတိတိကို

ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအစည်းအဝေးကျင်းပပြီး အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာဘာသာရေးအဖွဲ့ ခေါင်းဆောင်များက မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးထားခြင်းကြောင့် ဘာသာအချင်းချင်းကြား ယုံကြည်မှုတိုးပွားလာမည်ဖြစ်ပြီး ပြဿနာများပေါ်ပေါက်မှုနည်းပါးမည်ဖြစ်သလို ဖြစ်ပေါ်သည့်တိုင် အေးချမ်းစွာဖြေရှင်းနိုင်မည်ဟုယုံကြည်ကြောင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြို့မိမြို့ဖတစ်ဦးက ပြော သည်။

ဇော်မင်းနိုင်(မြင်းခြံ)

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးကစားသမား နှစ်ဦးအား ဂုဏ်ပြု

မော်လူး ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ နန့်စီးအောင်ပညာရေး မလူးကျေးရွာ အခြေခံပညာအလယ်တန်း(ခွဲ)မှ မရွှေဇင်ဌေး မြန်မာ့လက်ရွေးစင် (ယူ-၁၄)နှင့် ပဲခူးကျေးရွာ အခြေခံပညာအလယ်တန်းမှ မခိုင်ဇင်ကျော် ပဏာမမြန်မာ့လက်ရွေးစင်(ယူ-၁၄)တို့နှစ်ဦးအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက်က မော်လူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ မော်လူးဒေသ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့၊ နန့်စီးအောင်ပညာရေးမှ ဆရာ ဆရာမများ၊ မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မော်လူးဒေသ အားကစားနှင့်ကာယပညာဦးစီးဥက္ကဋ္ဌ ဦးဝင်းစိန်က အမှာစကားပြောကြားပြီး မြန်မာ့လက်ရွေးစင် ယူ-၁၄ အမျိုးသမီးလက်ရွေးစင်ဘောလုံးသမား နှစ်ဦးက မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ မြန်မာ့ လက်ရွေးစင်အဆင့်ထိ ရောက်ရှိမှု အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဂုဏ်ပြုပွဲကို ကျင်းပရာ မော်လူးဒေသ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

ခင်မောင်ဆွေ(မော်လူး)

သတင်းတို

တောင်သူပညာပေး သင်တန်းဖွင့်လှစ်

သံတွဲမြို့တွင် ခေတ်မီစိုက်ပျိုးနည်းပညာသင်တန်းနှင့်အထူးအတွက်တိုးပုလဲသွယ်စပ်မျိုးစပါး ပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က ခြံပြင်ကျေးရွာအုပ်စု၌ ကျင်းပရာ သံတွဲခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က သိပ္ပံနည်းကျ (GAP) စိုက်ပျိုးနည်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကာ ခြံပြင် ကျေးရွာအုပ်စုမှ တောင်သူများကို ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ ပေးအပ်ခဲ့သည်။ ထို့နောက် ခရိုင်တာဝန်ခံများနှင့် မြို့နယ်ရုံးဝန်ထမ်းများက ဌာနစိတ်အလိုက် သင်ကြားပို့ချခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ညောင်ဦးတွင် သစ်သီးအရောင်းဆိုင်များ ရောင်းအားကျဆင်း

ညောင်ဦး ဇူလိုင် ၆

ညောင်ဦးတွင် အခြားဒေသများမှ ဖောက်သည်ယူပြီးရောင်းချနေသော နာနတ်သီး၊ ဖရဲသီးအရောင်းဆိုင်များတွင် မေလဆန်းပိုင်းမှစ၍ ရောင်းအား ကျဆင်းနေကြောင်း ညောင်ဦးမြို့ ဘုန်းစဉ်ကျောင်းဝင်း အခွန်လွတ်ဈေးရှိ သစ်သီးအရောင်းဆိုင်များမှ သိရသည်။

အဆိုပါ သစ်သီးအရောင်းဆိုင်များသည် မန္တလေး၊ မုံရွာနှင့် မြင်းခြံဒေသများမှ စိုက်ပျိုးထွက်ရှိသော နာနတ်သီး၊ ဖရဲသီးများကို ဖောက်သည်ယူ၍ ရောင်းချလျက်ရှိကြောင်း သိရပြီး နာနတ်သီးတစ်လုံးလျှင် ငွေကျပ် ၃၀၀ မှ ၄၀၀ ခန့်၊ ဖရဲသီးမှာ အလုံး (အကြီး၊ အသေး)ပေါ် မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ ခန့်အထိ ရောင်းချရကြောင်း သစ်သီးအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော် သစ်သီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်လာတာ ကြာပါပြီ၊ ရောင်းအားကောင်းတဲ့ အချိန်က တပေါင်းနဲ့ တန်ခူးနှစ်လပါ၊ အဲဒီလတွေမှာတော့ တစ်ရက်ကို ခုနှစ်သောင်း၊ ရှစ်သောင်းကနေ တစ်သိန်းဝန်းကျင်ထိ ရောင်းအားရှိပါတယ်၊ ကျန်တဲ့လတွေမှာတော့ တစ်သောင်းခွဲ၊ နှစ်သောင်းခန့်သာ ရောင်းရပါတယ်၊ ဒီနှစ်ရောင်းအားနည်းတဲ့အကြောင်းရင်းက ကမ္ဘာလှည့်ခရီးသွား နည်းတာနဲ့လည်း ဆိုင်ပါတယ်။ ပုဂံညောင်ဦးဒေသဟာ ကမ္ဘာလှည့်ခရီးသွား ဧည့်သည် အများဆုံးလာရောက် လည်ပတ်တဲ့ ဒေသဖြစ်တယ်၊ ဒါကြောင့် ခရီးသွားဧည့်သည်များကို အားထားရောင်းချရတဲ့ စားသောက်ဆိုင်တွေမှာ ဒီသစ်သီးများကို ဖျော်ရည်နဲ့ သစ်သီးအချိုပွဲများ ရောင်းချရာမှာ အသုံးပြုတာကြောင့် ခရီးသွားဧည့်သည်ကျတဲ့ ရာသီတွေမှာ ပိုရောင်းရတယ်၊ အခုအချိန်က ဧည့်သည်ပါးတော့ ရောင်းအား ကျဆင်းတာပေါ့"ဟု သစ်သီးအရောင်းဆိုင်ပိုင်ရှင် ဦးမှတ်ကြီးက ပြောသည်။

ရဲသူရအောင်(ညောင်ဦး)

အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်
(၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ၊ ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်အား ဦးထိပ်ထား၍ ကျောင်းဒါယကာ၊ ဒါယိကာမ မိသားတစ်စုအပေါင်းတို့မှ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြကုန်သော ပဓာနနာယကဆရာတော်ကြီးနှင့် စာချစာသင်၊ ပင့်သံဃာတော်(၂၀၀)တို့အား (၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

အလှူမင်္ဂလာနေ့ရက်	-	၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်၊ ၁၂-၇-၂၀၁၄ရက် (စနေနေ့)
အလှူမင်္ဂလာအချိန်	-	နံနက် ၉း၀၀ နာရီ
အလှူမင်္ဂလာနေရာ	-	အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊

ဂေါပကအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ် မော်တော်ယာဉ်ဌာန၏ လိုအပ်သောတာယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်	-	၇-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	-	၆-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

နတ်တလင်းအသင်း(ရန်ကုန်)၏
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

နတ်တလင်းအသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ် (၁၅၃) (၃-က) ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်ရှိ အသင်းတိုက်တွင် ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်၊ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသား အသင်းသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ ဝါဆိုသင်္ကန်းဆက်ကပ်လိုသူ အလှူရှင်များ ဒေါ်ဝင်းကြည် ဖုန်း-၀၁-၂၉၄၂၈၂၊ ဦးလှသန်း ဖုန်း-၀၁-၅၃၇၈၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
နတ်တလင်းအသင်း(ရန်ကုန်)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	လုပ်ငန်းသုံးပစ္စည်း (၇၃)မျိုး	1 Lot

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၇-၈-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၄-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဟိုလိုဂရမ်များအား မြန်မာကျပ်ငွေဖြင့် အပ်နှံဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် ၂၉၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅
သံသုမာလမ်း၊ မြင်သာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဥပဒေနှင့် ရဲလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဆွေးနွေး

တာချီလိတ် ဇူလိုင် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၏ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးက တရားစွဲအဖွဲ့ အစည်းအနေဖြင့် လိုက်နာကျင့်သုံးရမည့် ရဲလုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်(၁)မှူး ဒုရဲမှူး ရင်ရင်အေး၊ သတင်း ရဲတပ်ဖွဲ့ တာဝန်ခံအရာရှိ၊ အမှတ် (၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်စိတ်(၂)ရုံး၊ တပ်စိတ်မှူးရဲအုပ်ကျော်ဇေယျတို့က လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဦးမျိုးမင်းက မှုခင်းဆိုင်ရာဆေးပညာ အပိုင်းကိုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိက ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်တရားသူကြီးက တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအားလည်း ကောင်းဆွေးနွေးကြသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးသန်းထွန်းက ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ခရိုင်တရားသူကြီး ဦးအေးလွင်က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဥပဒေပညာရှင် ဦးရှုအောင်က ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အကြံပြုဆွေးနွေးကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် တရားရေးနှင့် ဥပဒေအရာရှိများ၊ ခရိုင်ဆရာဝန်ကြီးများ၊ ပြင်ပဥပဒေပညာရှင်များနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ၏ ဇွန် ၁၀ ရက်က နေပြည်တော် အစည်းအဝေးမှ လမ်းညွှန်မှုအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားချက်နှင့်အညီ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပျဉ်းမနားမှအထူးကုဆရာဝန်ကြီးများ ကျေးရွာများသို့ အခမဲ့ကွင်းဆင်းကုသ

ပျဉ်းမနား ဇူလိုင် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇူလိုင် ၆ ရက်က ပျဉ်းမနားမြို့နယ် ကျေးရွာများသို့ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် အခမဲ့ ဆေးကုသခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဆွေဦးက ကလေးသူငယ်ကျန်းမာရေးခေါင်းစဉ်၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြမြထွေးက ကံကြမ္မာဆိုးနှင့် ကြုံတွေ့ရသော မိခင်များခေါင်းစဉ်၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာစည်သူဇော်က သွားနှင့်ခံတွင်းကျန်းမာရေးခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းခန်းမ၌ သစ်လေးလုံးကျေးရွာနှင့် ပုရွက်ဆိတ်ကုန်း ကျေးရွာများမှ ဒေသခံ ၂၆၈ဦးကို အထူးကုဆရာဝန်ကြီးများက ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ငွေးချိုကန်ကြီးကို ပြုပြင်တူးဖော်ပေးရန် ချောက်မြို့နယ် ဒေသခံများမျှော်လင့်လျက်ရှိ

ချောက် ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုကျေးရွာရှိ ငွေးချိုကန်(ခေါ်) တောင်ဝကန် ပြန်လည်ပြုပြင်တူးဖော်မှုလုပ်ငန်းကို ကျေးရွာလူထုနှင့် အလှူရှင်များက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြေတူးစက်ယန္တရား တစ်စီးနှင့် မြေသယ်ယာဉ်သုံးစီး ငှားရမ်းကာ ကန်အတွင်း ကန်တာတူးဖော်ခြင်းနှင့် ရေဝင်လမ်းချဲ့ထွင်ရှင်းလင်းခြင်းတို့ကို သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက စုပေါင်းအလှူခံရငွေက သုံးသိန်းကျော်လောက် ရပါတယ်၊ ကန်တူးဖော်ဖို့ ဘက်ဟိုးစက်ယန္တရားနဲ့ မြေသယ်ယာဉ်က မကွေးကနေ ငှားရတာပါ၊ အဲဒီ စရိတ်တွေအပါအဝင် စုစုပေါင်းကုန် ကျစရိတ်က တစ်ရက်ကို ၁၀သိန်းခွဲလောက် ကုန်ကျပါတယ်၊ ရွာက အလှူခံရတာအပြင် ဒီသုံးရက်အတွက် လိုတဲ့ငွေအားလုံးကို ကျွန်တော်က ထည့်ဝင်လှူဒါန်းပြီး ဆောင်ရွက်သွားမှာပါ၊ အလုပ်ကတော့ မတွင်လှပါဘူး၊ အခုဟာက ကန်တူးရုံတင်မဟုတ်ဘဲ ရေဝင်လမ်းကိုပါ ပြန်ဖော်နေရတော့ ကန်ထဲကို လိုချင်သလောက် မတူးနိုင်ဘူး ဖြစ်နေတယ်၊ ဒီကန်ကြီးကို ပြန်ပြင်ပေးဖို့ ကျွန်တော်တို့လည်း အထက်ကိုတော့ တင်ပြထားတာပဲ၊ အဲဒါ စောင့်ရင်း စောင့်ရင်းနဲ့ပဲ နည်းနည်းတောင် နောက်ကျသွားတယ်" ဟု ငွေးချိုကျေးရွာမှ နေလစက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ကိုမိုးကျော်သူက ပြောသည်။

အဆိုပါ ငွေးချိုကန်ကြီးမှာ ယခင်က ကန်ရေဝင်ဧရိယာ ဧက ၅၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ သဲ၊ နုန်းများပို့ချလာခြင်း၊ ရေဝင်လမ်းများ တိမ်ကောလာခြင်းတို့ကြောင့် တဖြည်းဖြည်းရေဝင်ရောက်မှုနည်းပါးလာနေကြောင်း သိရသည်။ ငွေးချိုကျေးရွာတွင် သောက်ရေအဖြစ် ကန်၏အောက်ဘက်တွင် တူးဖော်ထားသည့် လက်တူးတွင်း လေးတွင်းမှ ရေကိုသာ တစ်ရွာလုံးအမှီပြုသောက်သုံးကြသဖြင့် ကန်အတွင်း ရေရှိမှသာ သောက်ရေလုံလောက်စွာ ရရှိကြောင်းနှင့် ကန်ရေခန်းခြောက်သည့် နှစ်များတွင် သောက်ရေခက်ခဲမှုရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မူလတန်း(လွန်)ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ကျောက်ထု ဇူလိုင် ၈

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်(ခွဲ)ဒေသ ကျောက်မကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းလွန်(ကျောင်း)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၅ရက်က စာသင်ကျောင်းရှေ့၌ ကျင်းပရာ ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေတိုး၊ ကျောက်မကျေးရွာ မူလတန်း(လွန်)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျန်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ကျောက်မကျေးရွာ မူလတန်းကျောင်းကို ၁၉၅၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်း(လွန်)ကျောင်းကို ယခုနှစ်တွင် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်သည့်အတွက် ကျောက်မကျေးရွာသာမက အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ပိုမိုလွယ်ကူလာမည်ဖြစ်သည်။ **(၁၀၁)**

ဦးသန့်ဇော် B.Sc, IC.Q.DA, DMP, MBA, ACCA
LCCI I & II (၃)လပြတ်
14 July 2014 မေည် / နိုဝင်ဘာစာမေးပွဲ
Sec (F): Mon to Wed 3:30 - 5:30 pm
Sec (G): Sat - Sun 7:00 - 8:45 am
ORION 09 5115997

HMY Construction
ထက်မိုးယံ
ဆောက်လုပ်ရေး ကုမ္ပဏီ

L.O(4)
(B)Thu,Fri 9:00(am)-12:00(am)
(C)Sat,Sun 12:30(Pm)-4:00(pm)
(Mon to Fri)
(Daily)
09 500 1599, 09 8632973, 09450017415

အများသိစေရန်ကြေညာခြင်း
LL.B, D.B.L, DML, DIL, DA.PSY, DIR

အမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ကံဦးရပ်ကွက်၊ ကြံပတ်လမ်း၊ (၁/၁၀၁)နေ ဦးပြုံးဦး-ဒေါ်ခင်ညိုတို့၏သား မောင်ပြည့်ဖြိုးဇော်ဦး (ခ) အချစ် ၉/ပမန(နိုင်)၂၃၈၇၅၁ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ **ဦးပြုံးဦး**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၆၀၁/ခ၊ မြေကွက်တည်နေရာအမှတ် ၆၀၁/ခ၊ သဒ္ဒါရုံအနောက်၊ ၂/မြောက်၊ သာကေတမြို့နယ် ဒေါ်သိန်းနုအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းနု(မိခင်)နှင့် ဦးအောင်သန်း(ခ)ဦးအောင်သိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်ခင်ဆွေ ၁၂/ပဗတ(နိုင်)၀၂၃၁၂၀၊ ဦးထွန်းဦးသန်း ၁၂/သကတ(နိုင်)၁၀၅၅၈၀၊ ဒေါ်သန်းသန်းနု ၁၂/သကတ(နိုင်)၁၁၇၅၃၄၊ ဦးသန်းလွင် ၁၂/ပဗတ(နိုင်)၀၀၆၃၂၉ တို့က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ပေ(၂၀×၅၀) (ဂရန်အမည်ပေါက်)၊ နှစ်ထပ်အုတ်ညှပ်၊ ရေ၊ မီးပါ မြနန္ဒာလမ်း၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ (စစ်သံချိုင်းဘေးလမ်း) ကျပ် ၄၉၈ သိန်း။

ပေ(၂၀×၆၀)သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်အိမ်၊ နဝရတ် (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ သာကေတ၊ ကျပ်သိန်း ၆၅၀။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၇၄၁၁၊ ၀၉-၄၂၀၂၂၁၁၂၃

MASTER
Jelly Candy
Aloe Vera

သွေးသည် အသက်

ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ကုသိုလ်ယူနိုင်ပါသည် -

	ဗိဂၢဓါဝုန်		ကုသိနာရုံ
၁။ မြေ(၁)စတုရန်းပေ (ကျပ်)	၁၅,၀၀၀		၁၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E) မြေညီထပ်၊ ကမ္ဘာအေးစီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ(၁) - အမှတ်(၂၈၉)မြေညီထပ်ယန်းအိုးတန်းလမ်းနံ့ကျော်တံတားအနီးကျောက်တံတား ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၅၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊ မြေညီထပ်၊ ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်

ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၉၇၃၊ မြေကွက်တည်နေရာအမှတ် ၉၇၃၊ ထူပါရုံ ၈ လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် (ဦးသောင်းလွင်၊ ဦးချစ်သန်း၊ ဒေါ်စန်းရီ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးချစ်သန်း (ဖခင်)၊ ဒေါ်တင်ကြည်(မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးအေးထွန်း(ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် သားသမီးနှင့် ချွေးမတော်စပ်သူ (၁)ဒေါ်စန်းစန်းမြင့် ၁၂/သကတ(နိုင်)၀၄၆၈၈၅၊ (၂) ဦးအေးမြင့် ၁၂/သကတ(နိုင်)၀၉၈၄၃၁၊ (၃) ဒေါ်စန်းစန်းမော် ၁၂/သကတ(နိုင်)၀၉၉၆၀၅ လေးဦးအနက်မှ ဒေါ်စန်းစန်းမော်ထံမှ GP (၄၂၄၀/၁၄) ဖြင့်လည်းကောင်း၊ ကျန်အမည်ပေါက်နှစ်ဦးဖြစ်သော ဦးသောင်းလွင် ၁၂/သဃက(နိုင်)၁၁၇၇၂၇ နှင့် ဒေါ်စန်းရီ ၁၂/သကတ(နိုင်)၀၃၃၆၃၉ထံမှ GP (၄၂၃၉/၁၄)ဖြင့်လည်းကောင်း ရရှိသူ ဦးသိန်းထိုက် ၁၂/သကတ(နိုင်)၁၃၂၉၅၃မှ ကျန်သားသမီးများနှင့်ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဝါရွှေစင် Co.,Ltd. နှင့် ဝါရွှေစင်ပိုးထည်တိုက်တို့၏ Director ဆရာ ဦးဇာနည်မျိုး(ခ)ကိုလေး၏ ၉-၇-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစု၊ ချစ်သောတပည့်များနှင့်အတူတကွ နေထိုင်နိုင်ပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်သယ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အထွေထွေမန်နေဂျာ၊ မန်နေဂျာများနှင့် ဝန်ထမ်းများ

ဝါရွှေစင် Co.,Ltd. နှင့် ဝါရွှေစင်ပိုးထည်တိုက်

ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌ထားခန့်ထားရန်)

Myanmar Educare Co.,Ltd မှ International School of Myanmar တွင် ခန့်ထားရန် အောက်ပါ ဝန်ထမ်းများ အလိုရှိပါသည်။ ကိုယ်ရေးမှတ်တမ်း ဓာတ်ပုံတစ်ပုံ C.V. အလုပ်သမားမှတ်ပုံတင်ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ပေါ်ပြထားသည့် စာရွက်စာတမ်းများနှင့် အတူ W- 22၊ မြကန်သာလမ်းမကြီး၊ မြကန်သာအိမ်ရာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ် တွင်ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်း နံနက် (၉း၃၀)မှ (၁၁း၀၀)နာရီအတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

1. Mathematics Teacher (Male (or) Female) — 1 post
   Ph.D (Maths),M.Sc (Maths) (or) Foreign Degree
   The above job is for teacher who can teach SAT Maths, AP Calculus and Consumer Maths.
2. Computer Teacher (Male (or) Female) — 2 Post
   Ph.D (Computer), M.Sc (Computer) (or) Foreign Degree
3. Assistant Librarian (Male (or)Female) — 2 Post
   Any Graduate, စာကြည့်တိုက်လုပ်ငန်းအတွေ့အကြုံရှိရမည်၊ Computer ကျွမ်းကျင်ရမည်။
4. Assistant Teacher (Male (or) Female) — 2 post
   M.A (English),B.A (English)
5. Assistant PE Teacher (Male (or) Female) — 1 post
   (Any Graduate) with 3 years experience
6. Accountant — 1 post
   M.Com,B.Com,C.P.A , Computer ကျွမ်းကျင်ရမည်။
7. Assistant Accountant — 2 post
   B.Com, LCCI Level III, ACCA Part II
8. IT Assistant (Male (or) Female) — 1 post
   B.E (IT),B.E (EC),B.Sc (Technology)
9. Principal Scretary (Female) — 1 post
   Any Graduate
10. Receptionist (Female) — 1 post
   Any Graduate

All the above jobs must have good experience in English and fluent in speaking.

11. Nurse (Female) — 1 post
   B.Sc Nursing
12. Office Staff (Male (or) Female) — 2 post
   Any Graduate
13. Maintenance Man (Male) — 4 posts
   (Any Graduate)
14. Cleaning Staffs(Female) — 15 posts
   (သန့်ရှင်းရေးဝန်ထမ်း)
15. Driver — 2 posts
   ၁၀ တန်းအောင်ရမည်၊ ကားကျွမ်းကျင်စွာ မောင်းနိုင်ရမည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်စစ်ဆေးရေးဌာနအတွက် အသုံးပြုရန် လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကိုပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Rectifier 30A, Single Phase	48-Nos
(ခ)	**Generator & AVR**	**2-Items**
	(၁) 15KVA Generator	15-Nos
	(၂) 10 KVA AVR	1-No
(ဂ)	**Fiber Cable & Accessories**	**2-Items**
	(၁) Fiber Cable 12 Core (O/H)	36-Kms
	(၂) Fiber Optic Joint Closure (12 Core) (Double Entry) Including Accessories Such as Pigtails (FC/PC), Protection Sleeves, Trays etc.	42-Nos
(ဃ)	**Auto Telephone CLI and Line Man Test Phone**	**2-Items**
	(၁) Auto Telephone CLI	250-Nos
	(၂) Line Man Test Telephone	8-Nos
(င)	**Concrete Posts**	**2-Items**
	(၁) Concrete Posts 7M (125 mmØ.,200mmØ)	1,185-Nos
	(၂) Concrete Posts 8M (150mmØ.,235mmØ)	1254-Nos
(စ)	**Jointing Materials**	**8-Items**
	(၁) 75 BB 600DCDC/4442	17-Sets
	(၂) 100 BB 600DCDC/4442	5-Sets
	(၃) Cabinet 800Prs	5-Sets
	(၄) DP Box (10Pairs)	393-Sets
	(၅) Eriband Reel	134-Reels
	(၆) Locking Seal	44-Rolls
	(၇) Module 4000 (120Pcs/Ctn)	16-Ctns
	(၈) O/H Closure SC2FB19	416-Nos
(ဆ)	**Overhead Cable and Underground Cable**	
	(၁) O/H Cable 10x 2 x 0.4mm	27-Kms
	(၂) O/H Cable 20x 2x 0.4mm	27-Kms
	(၃) O/H Cable 30x 2x 0.4mm	23.5-Kms
	(၄) O/H Cable 40x 2x 0.4mm	3-Kms
	(၅) O/H Cable 50x 2x 0.4mm	17.5-Kms
	(၆) O/H Cable 70x 2x 0.4mm	10.5-Kms
	(၇) O/H Cable 100x 2x 0.4mm	6-Kms
	(၈) U/G Cable 10x 2x 0.4mm	0.5-Km
	(၉) U/G Cable 20x 2x 0.4mm	2-Kms
	(၁၀)U/G Cable 30x 2x 0.4mm	2.3-Kms
	(၁၁)U/G Cable 50x 2x 0.4mm	2.5-Kms
	(၁၂)U/G Cable 70x 2x 0.4mm	1-Km
	(၁၃)U/G Cable 100x 2x 0.4mm	2-Kms
	(၁၄)U/G Cable 200x 2x 0.4mm	8.5-Kms
	(၁၅)U/G Cable 300x 2x 0.4mm	2-Kms
(ဇ)	**စာတိုက်ပုံစံ** [MO- 1(S), MO-2(S), MO-3, MO-15, MO-16, MO-18, MO-3(a) RP-51, RP-51(a), RP-33, RP-3 etc;]	**56-Items**

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအားလက်ခံမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm.Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)

အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ကြည်

အသက်(၇၀)

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်၊ သစ်ခွခြံလမ်း၊ အကွက် ၄၄၊ သိဒ္ဓိအောင်ခြံနေ ဦးအောင်လှသန်း(အထွေထွေအုပ်ချုပ်ရေးမှူး-ငြိမ်း၊ ထွေ/အုပ်)၏ဇနီး၊ ဦးဇော်ဇော်ဘို(ဒု-ညွှန်/မှူး-စီမံ၊ DHPI)-ဒေါ်မေသန်းဦး၊ ဦးအောင်အောင်ဘို-ဒေါ်အေးနှင်းဦး(မန်နေဂျာဇရောဝတီဘဏ်)၊ ဒေါ်နီနီလွင်၊ ဦးကျော်ကျော်ဘိုတို့၏မိခင်သည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လှူနေရပ်ကွက် သမိုင်း၊ မြေကွက်အမှတ် ၄/င+၁၂/ခ/အေ ဧရိယာ ၀ ဒသမ ၀၅၀၈ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီလမ်းသွယ်(၁)၊ အိမ်အမှတ် ၇-အေ ဟုခေါ်တွင်သော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်များ၏ အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်နိုင် ၁၂/မရက(နိုင်)၀၇၂၆၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေပိုင်မြေနှင့်နေအိမ်ရောင်းချခြင်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူသည် ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာလုံလောက်သောစာချုပ်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ငြိမ်းငွေ
B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁)
အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၂၃၉၄

အသိပေးအကြောင်းကြားခြင်း

ဒေါ်စန်းစန်းအေး MGDN-၀၂၃၉၃၅ ၏ အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ခြင်းခံရသူ ဒေါ်မာမာကြူ PGU-၂၂၁၈၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသက်ဦး ၁၂/ဥကမ(နိုင်) ၀၇၃၀၄၄၊ ဦးတင်ထွေး ၉/မထလ(နိုင်)၀၅၉၅၅၃၊ ဒေါ်ခင်မာလာ ၁၂/ဥကမ(နိုင်) ၀၁၉၈၃၄၊ ဦးသန်းနိုင် ၇/ဝမန(နိုင်)၀၇၇၇၁၁နှင့် ဒေါ်မြသွေး ၁၂/ဥကမ(နိုင်)၀၆၅၁၆၀တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဒေါ်စန်းစန်းအေးသည် ဧရာမြေအကျိုးဆောင်တွင်လုပ်ကိုင်သူ ဦးသက်ဦး ၁၂/ဥကမ (နိုင်)၀၇၃၀၄၄ထံတွင် ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက် ပေ(၄၀×၆၀)ပါမစ်မြေအား ငွေ ၇၅၀၀ဝိ/-(ကျပ်ခုနစ်သောင်းငါးထောင်)ဖြင့် ငွေချေးယူရာတွင် မြေပိုင်ဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများကို အာမခံအဖြစ်ပေး၍ ၂၂-၈-၂၀၀၀ရက်တွင် နှစ်ဦးသဘောတူပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ပေးခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် သွားရောက်ရွေးယူရာ ဒေါ်မိုးသူဇာဆိုသူမှ ထုတ်ယူသွားကြောင်းပြော၍ စုံစမ်းမရခဲ့ပါ။ နောက်ပိုင်း ဧရာမြေအကျိုးဆောင် ဖျက်သိမ်းခဲ့ကြောင်းသာသိခဲ့ရပြီး မြေပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ မည်သူထံရှိကြောင်း စုံစမ်းမရခဲ့ပါ။ နောက်ဆုံး ဦးသက်ဦးသည် ၂၄-၁-၂၀၁၃ ရက်တွင် ဦးတင်ထွေး ၉/မထလ(နိုင်)၀၅၉၅၅၃ ထံ (ငွေကျပ်သိန်းနှစ်ဆယ်)တိတိဖြင့်လည်းကောင်း၊ တစ်ဖန်ဦးတင်ထွေးမှ ဒေါ်ခင်မာလာ ၁၂/ဥကမ(နိုင်)၀၁၉၈၃၄ ဆိုသူထံမှ ၂၅-၄-၂၀၁၄ရက်တွင် ငွေ ၄၅၀၀၀၀ဝိ/- (ကျပ်လေးဆယ့်ငါးသိန်း) တိတိဖြင့်လည်းကောင်း၊ ဦးသန်းနိုင်ဆိုသူက ဒေါ်မြသွေးအား ၄င်းမြေကွက် ပေ(၄၀×၆၀)၏ ပေ(၂၀×၆၀)အား ၁၈-၅-၂၀၁၄ ရက်တွင်လည်းကောင်း၊ ရောင်းချခဲ့ကြောင်း စုံစမ်းသိရှိရသည်။ ယနေ့ချိန်ထိ ဒေါ်စန်းစန်းအေးသည် အမည်ပေါက်မြေပါမစ်ပိုင်ဆိုင် အကျိုးသက်ဆိုင်ခွင့်ရှိသူဖြစ်ပါသည်။ ဦးသက်ဦးအနေဖြင့် ဒေါ်စန်းစန်းအေး ချေးယူထားငွေ ၇၅၀၀ဝိ/-(ကျပ်ခုနစ်သောင်းငါးထောင်)အား လက်ခံပြီး အာမခံပေးထားသော မြေပိုင်ဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများ ပြန်လည်ပေးအပ်ရန်နှင့် နောက်ဆုံးအရပ်စာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူပြီး ခြံကာ နေအိမ်ဆောက်လုပ်နေထိုင်သူများအား မြေကွက်မှ ခုနစ်ရက်အတွင်း ဖယ်ရှားထွက်ခွာပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေနွယ်ဝင်း	**ဒေါ်နီနီအောင်**
ဖုန်း-၀၉-၄၂၀၀၅၅၈၅၇	**ဖုန်း-၀၉-၇၃၀၈၄၈၃၆**

တရားလွှတ်တော်ရှေ့နေများ
ရုံးခန်း-အမှတ် ၅၄၂၊ မေရှော့ပင်းစင်တာ(အပေါ်ထပ်)၊ အခန်း(စီ-၄)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းထောင့် (အိန္ဒိယသံရုံးရှေ့)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်

ကန့်ကွက်နိုင်ပါသည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၆၊ မြေကွက်အမှတ် ၆၉၃ မြေအမည်ပေါက် ဦးတင့်ရီ မြေဧရိယာ ပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစား။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၃၁၉၊ မြေအမည်ပေါက်ဦးသောင်းစိန် မြေဧရိယာ ပေ(၄၀×၆၀)၊ ပါမစ်မြေအမျိုးအစားဟုခေါ်တွင်သော မြေကွက်အား မူလပိုင်ရှင်ထံမှ အရပ်ကတိ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ ၄င်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း ဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေအား အပြေအကျေပေးချေပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာချက်ပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မခင်ချိုသက်
၁၂/အစန(နိုင်)၀၆၃၇၉၇
၄၂/၁၃၂၈၊ ဦးဖိုးကျားလမ်း၊ မြောက်ဒဂုံ၊
ဖုန်း-၀၉-၇၃၀၉၂၇၂၂၊ ၀၉-၇၃၂၅၃၄၆၁

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မြသွင် (Daisy Thwin)

(မြင်းခြံ)

အသက်(၈၆)နှစ်

ဗဟန်းမြို့နယ်နေ(ဦးသွင်-ဒေါ်စောယု)တို့၏သမီးကြီး၊ ဒေါ်ခင်စန်းသွင်(ဦးမျိုးသွင်၊ မြန်မာ့ရေနံ)တို့၏အစ်မ၊ အမှတ် ၅၁(ဘီ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းနေ (ဒေါက်တာဘိုသောင်း၊ တိုင်းပညာဝန်)၏ဇနီး၊ ဦးထွန်းနိုင်-ဒေါ်အေးအေးသန်း (MRTV-ငြိမ်း)၊ ဦးဇော်ဝင်း-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးကျော်ညွှန့်-ဒေါ်သီတာသန်း၊ ဦးဇင်လင်းထိုက်-ဒေါ်စန္ဒာသန်း၊ ဦးမျိုးမင်းသွင်-ဒေါ်ယဉ်ယဉ်အောင်၊ ဦးငြိမ်းချမ်း-ဒေါ်သက်သီရိဝင်းတို့၏အဒေါ်/မိခင်၊ မောင်ဖြိုးပြည့်စုံ၊ ငြိမ်းဝတ်ရည်ဇော်၊ ချစ်စုထွန်းနိုင်၊ သဲရတနာချော၊ မင်းခန့်သွင်၊ မိုးပြည့်စုံ၊ ပုပုတို့၏အဘွားသည် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ရဟန်း ဒါယိကာမကြီး

ဒေါ်ကျင်ပို့

အသက်(၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ အမှတ် ၁၃၊ ပြည်တော်အေးလမ်းနေ (ဦးထွန်းအန့်-ဒေါ်လှ) တို့၏သမီးကြီး၊ (ဦးမြင့်သိန်း)၊ (ဒေါ်ကျင်လွမ်)၊ ဦးမြင့်ငွေး-(ဒေါ်စောမူ)၊ ဦးမြင့်အောင်၊ ဒေါ်သန္တာထွန်း-ကျန်းကျွမ်းတဲလ်၊ ဒေါ်မိမိထွန်း၊ ဦးထွန်းမြင့်ဦး-ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်သွယ်သွယ်ထွန်း-ဦးဇော်မင်းထွန်း၊ ဦးထွန်းမြင့်ကျော်ကျော်-ဒေါ်ဆိုင်းမွန်ဂျာ၊ ဦးထွန်းမြင့်ဇော်ဇော်-ဒေါ်နန်းပြည့်ပြည့်ဖြိုးတို့၏အစ်မ၊ ခင်ပြည့်စုံ၊ ထွန်းမြင့်မိုရ်ကျော်၊ ရွှန်းလဲ့မေ၊ ဆုထက်ဝတီဇော်၊ သွန်းနဒီကျော်၊ ရဲရင့်မင်းအောင်တို့၏ကြီးကြီးသည် ၂၈-၆-၂၀၁၄ရက် နံနက် ၃ နာရီတွင် တရုတ်(တိုင်ပေ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနိုင်ငံတွင် မီးသင်္ဂြိုဟ်ပြီးစီး၍ ကြွင်းကျန်ရစ်သော အရိုးအိုးအား ၁၀-၇-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လှူနေရပ်ကွက် သမိုင်း၊ မြေကွက်အမှတ် ၄င/+၁၂/ခ/ဘီ၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီလမ်းသွယ်(၁)၊ အိမ်အမှတ်(၇-ဘီ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်များသည် ဒေါ်စောလှ၏အမည်ပေါက်ဖြစ်၍ ကွယ်လွန်သူများဖြစ်ကြသော ဦးမောင်ထွေး- ဒေါ်စောလှတို့၏ သား+သမီး+အမွေမမီမြေးများက အမွေဆက်ခံပိုင်ဆိုင်ကြောင်း အဆိုပြုတင်ပြလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေသည် အဆိုပါမြေပိုင်မြေနှင့်နေအိမ်ကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေပိုင်မြေနှင့် နေအိမ်ရောင်းချခြင်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူသည် ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာလုံလောက်သောစာချုပ်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ငြိမ်းငွေ
B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁)
အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၂၃၉၄

ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် (၁၈၇)အာရ်၊ (၁၀)လမ်း၊ ဧရိယာ ၂ ဒသမ ၀၀ဧကရှိ မြေဂရန်မြေ အမျိုးအစား မြေကွက်တစ်ကွက်နှင့်နေအိမ်တစ်လုံးတို့ကို အရပ်ရပ်ပိုင်ဆိုင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဒေါ်ဆွေလပြည့်စိုးထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဒေါ်ဆွေလပြည့်စိုးသို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေပိုင်ဆိုင် အကျိုးခံစားခွင့်တစ်စုံတစ်ရာ အခွင့်အရေးရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ခြင်းမရှိခဲ့ပါလျှင် အရောင်းအဝယ်အပြီးသတ်ငွေချေခြင်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်ပါသည်။

လွှဲအပ်တာဝန်ပေးအပ်ချက်အရ-

ဦးအောင်နိုင်	**LL.B., Advocatship**	**(စဉ်-၂၄၆၄)**	**ဖုန်း-၀၉-၂၅၀၆၇၁၆၆၉**
ဒေါ်မြင့်မြင့်အေး	**B.A(Law), LL.B**	**(စဉ်-၂၄၀၃)**	**ဖုန်း-၀၉-၃၁၂၈၅၉၉၄**

တရားလွှတ်တော်ရှေ့နေများ
ရုံး-အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
အိမ်အမှတ် (၉၄+၇၂)၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်

အများသိရှိရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၁၀၀)တွင် နေထိုင်သူ ဦးစိုးအောင်၏သမီး ဒေါ်သီတာစိုး ၁၂/မရက(နိုင်)၁၄၄၆၂၇ နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ် ၂ လမ်း၊ အမှတ် ၁၈ တွင်နေထိုင်သူ ဦးမြသိန်း၏ သမီး ဒေါ်ခင်မြဝင်း ၁၂/မရက(နိုင်)၁၇၄၃၂၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြို့သစ်(က/၅)၊ ရွှေဝါထွန်းလမ်း၊ မြေအမျိုးအစား နှစ် ၆၀ဂရန်၊ မြေအကျယ်ပေ (၂၅×၅၀)ရှိသည့် အနက် ပေ(၁၂ ½×၅၀)အကျယ်ရှိသည့် မြေကွက်သည် ကျွန်ုပ်မိတ်ဆွေများ၏ အဘိုးအဘွားဖြစ်သူ (ဦးသာအေး-ဒေါ်မြရင်)တို့ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်အပါအဝင် သားသမီးခုနစ်ဦးပိုင်ဆိုင်သည့် အမွေဆိုင်မြေကွက်ဖြစ်၍ ဤမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ပါက အမွေဆိုင်ခုနစ်ဦး၏ သဘောတူခွင့်ပြုချက်ရယူပြီးမှ ဆောက်လုပ်ရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွယ်နီတင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၃၉)
အမှတ် ၄၉၃၊ ပထမထပ်၊ အခန်း ၃၊ နဂါးရုံဘုရားလမ်း၊
အမှတ် (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်စိန်တင်

(ပွဲန်တန်ဆာ)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် ၄၀ နေ (ဦးဘိုးအောင်-ဒေါ်သင်းလှိုင်)တို့၏သမီးကြီး၊ (ဦးမောင်ဖေ-ဒေါ်ပု)တို့၏ချွေးမ၊ (ဦးလှမောင်)၏ဇနီး၊ (ဦးစိန်ပေါ-ဒေါ်ရင်ရင်)၊ (ဦးထွန်းအောင်)-ဒေါ်ခင်ခင်၊ ဦးယုကြိုင်-(ဒေါ်စန်းစန်းနု)၊ ဦးစိန်ဝင်း-(ဒေါ်ခင်ထွေး)တို့၏အစ်မ၊ ဦးမျိုးထွန်းဦး(ဌာနစုမှူး၊ အင်ဂျင်နီယာလုပ်ငန်းစစ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်လဲ့လဲ့မော်(ကထိက၊ ဓာတုဗေဒဌာန၊ ရေနံချောင်းဒီဂရီကောလိပ်) တို့၏မိခင်၊ မောင်ပြည့်ဟိန်းကျော်(အထက-၂၊ ကမာရွတ်၊ ၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင်)၏ဘွားဘွားကြီးသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉း၄၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘငွေ (ရွှေဘို)

အသက် (၈၄)နှစ်

ဦးမျိုးသန့် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး)-ဒေါ်ရီရီမြတို့၏ ကျေးဇူးရှင်ဖခင်၊ ရွှေဘိုမြို့နေ(ဒေါ်တင်း)၏ခင်ပွန်း ဦးဘငွေသည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်ငွေး-ဒေါ်ချိုချိုမြင့်
လက်ထောက်အထွေထွေမန်နေဂျာ
ချင်းတွင်းဖောင်ဖွဲ့ရေးဒေသနှင့် ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘငွေ (ရွှေဘို)

အသက် (၈၄)နှစ်

ဦးမျိုးသန့် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး)-ဒေါ်ရီရီမြတို့၏ ကျေးဇူးရှင်ဖခင်၊ ရွှေဘိုမြို့နေ(ဒေါ်တင်း)၏ခင်ပွန်း ဦးဘငွေသည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက် (၇၆)နှစ်

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ ဇနီး ဒေါ်စန်းရီသည် ၂-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စန်းရီ

အသက် (၇၆)နှစ်

၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်ခဲ့ပြီး ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့သော မိခင်ကြီး ဒေါ်စန်းရီ နာမကျန်းစဉ် ဂရုတစိုက်ကုသပေးခဲ့သော အထူးကုဆရာဝန်ကြီးများအားလည်းကောင်း၊ Pinlon ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်း၊ လွမ်းသူ့ပန်းခွေပေးပို့ခြင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာ၊ ဖုန်း၊ မေးလ်များပေးပို့ကြသော ပြည်တွင်းပြည်ပမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မိခင်ကြီးနာရေးကိစ္စကို အစမှအဆုံးတိုင်ပြီးပြည့်စုံအောင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဦးမောင်မောင်

ပစ္စည်းထိန်း (ဒု) (ငြိမ်း)၊ ဆလရ

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၃ လမ်း၊ အမှတ် ၁၂နေ (ဦးချမ်းအေး-ဒေါ်ငွေသိန်း)တို့၏သား၊ (ဦးအေးလှိုင်-ဒေါ်သန်းညွှန့်)တို့၏သားသမက်၊ ဦးကျော်ဝင်း-(ဒေါ်တင်ဥ)၊ (ဦးတင်ဝင်း)-ဒေါ်ခင်သန်းတို့၏မောင်၊ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဦးသွင်ထွဋ် (EIKSIETAN Co.,Ltd)-ဒေါ်နီနီဦးတို့၏ဖခင်၊ မောင်သန့်ဇင်ဦး(Gold Shipping Agency Services Ltd; Agent of Hyundai Merchant Marine)၊ မသက်ထက်ဦး(B-tech Second year Civil WYTU)၊ သရုပ်ဆောင်မော်ဒယ် မသွန်းဆုအိန္ဒြာ(ခ)မအိန္ဒြေသွင်တို့၏ အဘိုးသည် ၇-၇-၂၀၁၄ရက် နံနက် ၈း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်နွယ်အုန်း(ခ)ဒေါ်ဥမ္မာခိုင်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၇)၊ ကမာရွတ်

အသက်(၆၂)နှစ်

တိုက် ၅၊ အခန်း ၃၊ ဝေဠုဝန်တိုက်သစ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးအောင်ခိုင်(ငြိမ်း)-ဒေါ်ခင်အုန်းတို့၏သမီးကြီး၊ (ဗိုလ်ကြီးအောင်လင်း)၏ ဇနီး၊ မသိမ့်သိမ့်ထက်-မောင်ဇော်လင်း၊ ဗိုလ်ကြီးသီဟအောင်တို့၏မိခင်၊ မောင်ခန့်မင်းမြတ်၏အဘွားသည် ၇-၇-၂၀၁၄ ရက်(တနင်္လာနေ့)နံနက် ၁၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ (မကွေးမြို့)

အသက်(၈၇)နှစ်

သူငယ်ချင်း ကိုကြည်ဝင်းလှိုင်၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်အမာ(မကွေး) သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ ကလေးမြို့မှ သူငယ်ချင်းများက ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဝင်း၊ ဦးဖြူလှ၊ ဦးအဲအဲ၊ ဦးအောင်သိန်း၊ ဦးစိုင်းရင် ဦးမြင့်ဆွေ၊ ကိုစံလှ၊ ကိုတင်ထွန်းဝင်းနှင့်မိသားစုကဖေး(ကလေးမြို့)

ဒေါ်ခင်ကြည် (ရှုတိုင်းယဉ်စာတ်ပုံတိုက်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၁၁၆နေ (ဦးစိန်ထွန်း-ဒေါ်စောလှိုင်)တို့၏သမီး၊ (ဦးချစ်လှိုင်)၏ဇနီး၊ဦးသန်းမောင်-ဒေါ်သင်းသင်းကြူ(ဦးအေးလင်း)-ဒေါ်သင်းသင်းမူ(ခေတ္တ-ဂျပန်)၊ (ဦးမင်းဆွေ)၊ (ဦးဝင်းမော်)တို့၏မိခင်၊ မမိုးမိုးစိန်၏ကြီးကြီး၊ မအိမ့်ခြူသဲ၊ မောင်ဈာန်ရဲတို့၏အဘွားသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြင် (ပုလောမြို့)

B.A, B.Ed

အထက်တန်းပြဆရာမကြီး (အထက-၂၊ ဒဂုံ၊ ငြိမ်း)

အသက်(၈၀)

ပါမောက္ခ ဒေါက်တာမြတ်သူ (ဦးနှောက်ခွဲစိတ်ကုဌာန YGH)-ဒေါ်ဆွေမာလွင်(UNICEF)တို့၏ချစ်လှစွာသောမိခင် ဒေါ်အုန်းကြင်(ပုလောမြို့)B.A, B.Ed ၊ အထက်တန်းပြဆရာမကြီး(အထက-၂၊ ဒဂုံ၊ ငြိမ်း)သည် ၆-၇-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ (အာရှတော်ဝင်ဆေးရုံ)

ဦးစန်းတင့်

ပါမောက္ခချုပ်(ငြိမ်း)၊ မော်လမြိုင်တက္ကသိုလ်

အသက်(၇၂)နှစ်

မော်လမြိုင်မြို့၊ ဈေးချိုမြို့နယ်၊ တောင်ဝိုင်းရပ်ကွက်၊နှင်းဆီလမ်း၊ အမှတ် ၇၉/၃နေ(ဦးဘညွန့်-ဒေါ်လုံး)တို့၏သား၊ (ဦးမောင်မောင်စိုး-ဒေါ်အုန်းရီ)တို့၏ သားသမက်၊ ဒေါ်အေးမေ၊ (ဦးကျော်စိန်)၊ (ဦးလှဖေ)၊ ဦးကံဆင့်တို့၏မောင်/ညီ၊ (ဒေါ်ညိုညိုခင်၊ ရက္ခဗေဒဌာန)၊ ဒေါက်တာသန္တာစိုး (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးဝင်းလွင်မိုး (TOTAL E & P Myanmar)-ဒေါ်ဟန်နီထွန်း၊ ဦးတင့်လွင်အောင် (မြန်မာ့ရှေ့ဆောင်ဘဏ်)တို့၏ဖခင်၊ မေပြည့်စုံမိုး၊ နေဝန်းနီတို့၏အဘိုး၊ တူ၊ တူမ ၁၂ယောက်တို့၏ဦးလေးသည် ၈-၇-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ကြည်

အသက်(၇၀)

သူငယ်ချင်း ဦးဇော်ဇော်ဘို (ဒုတိယညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)-ဒေါ်မေသန်းဦးတို့၏မိခင် ဒေါ်တင်တင်ကြည်သည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက်နေ ဦးဝင်းအောင်(ကျော်ချမ်းသာကုမ္ပဏီ)-ဒေါ်သန္တာဦးတို့၏ရင်သွေး သားရတနာ သည် ၇-၇-၂၀၁၄ရက် ည ၁၁နာရီတွင် ထားဝယ်ခရိုင်၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

TD Music Band ညီအစ်ကိုများ

အင်္ဂဏဝါရပ်ကွက်၊ ကော့သောင်းမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးညီညီလင်း (နမ္မတူ-ဘော်တွင်း)

Director, ZHP International Co.,Ltd. IMT-(CD/19)

အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ ဦးဘဏ်လင်း[ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း]-ဒေါ်ခင်နှင်းရီ[ဒု-လ/ထညွှန်မှူး၊ ငြိမ်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း]တို့၏သားကြီး၊ (ဒေါက်တာဦးလှမြင့်၊ အသည်းအထူးကု)-ဒေါ်ကျင်မြင့် [ငြိမ်း၊ အထက(၂)ဒဂုံ]တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ B-2၊ ရွှေအင်ကြင်းရိပ်မွန်၊သုဝဏ္ဏနေ ဒေါ်ချမ်းမြမြမိုး(ZHP)၏ခင်ပွန်း၊ မောင်ဖြိုးမာန်ဟုန်လင်း(PISM) ၏ဖခင်၊ ဦးမောင်မောင်ကြည် (Shwe Pyi Nyunt Co.,Ltd.)-ဒေါ်မီမီလင်း(ZHP)၊ ဦးဇော်ဇော်လင်း(Pangolin Safety Product)တို့၏မောင်/အစ်ကို၊ ဒေါက်တာအောင်ဇေမိုး(ဆေးရုံအုပ်ကြီး၊ ဆာကူရာ)-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးစိုးမိုးနောင်IMT-(CD/19)-ဒေါ်ခင်မာကျော်တို့၏ညီ၊ မောင်အာကာမိုးမြင့် (Singapore)၊ မဟေမာလင်းလင်းကြည် (Australia)၊ မမြတ်သုန္ဒြီမိုးမြင့်(YUFL)၊ မောင်မောင်ကျော်ဇေယဟိန်း(PISM)၊ မအလင်္ကာမိုးပွင့်(ဒဂုံ-၁)တို့၏ဦးလေးသည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့) ည ၈း၂၃နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဆာကူရာဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဇေမိုး-ဒေါ်ခိုင်ခိုင်မြင့်တို့၏ ညီ ဦးညီညီလင်း(Director, ZHP International Co.,Ltd.)သည် ၇-၇-၂၀၁၄ရက် ည၈း၂၃နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

BEHS (5) ဗိုလ်တထောင်(1980, 81, 82 Batch)

သာရေး/နာရေး(လူမှုကူညီရေး)အဖွဲ့

ဘုရား၊ရဟန်း၊ သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်၊မုခ်ဦးဒါယကာမကြီး

ဒေါ်ရှုစိန်

မင်းကွန်းရွှေစင်တိပိဋကဆရာတော် ဦးဂန္ဓမာလင်္ကာရ တိပိဋကကောဝိဒဆရာတော်ကြီး၏ ရဟန်းမယ်တော်ကြီး

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဈ/ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် ၅၇၈နေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးသိန်းဝင်း (ဝင်းစတိုးနှင့် ဝင်းစာရေးကိရိယာ)ယုဇနပလာဇာဈေး-ဒေါ်လေးမွန်၊ ဒေါ်လှလှသော်၊ ဒေါ်စိုးစိုးမော်(ဝင်းအထည်ဆိုင်)တို့၏မိခင်၊ မောင်တင့်ထူးအောင်၊ မလဲ့ရည်မွန်ကျော် (Grade-9, TTC)တို့၏အဘွား၊ ဦးရွှေမြ-ဒေါ်ထားရှင်တို့၏သမီး၊ ဦးမောင်ဟုတ်-(ဒေါ်အေးကျင်)၊ (ဦးရှိန်မြင့်-ဒေါ်ရှုတီ)၊ (ဦးရှုဝါ-ဒေါ်ရှုရီ)တို့၏ညီမ၊ ဦးမောင်မောင်ယု-ဒေါ်ငွေးငွေးလှ၊ (ဦးကြင်နာ-ဒေါ်ရှုကျင်)၊ (ဦးမျိုးလွင်-ဒေါ်တင်တင်သန်း)၊ (ဒေါ်ထွေး)၊ (ဦးသန်းဆွေ)-ဒေါ်အေးရွှေတို့၏ အစ်မသည် ၈-၇-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၅း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် အမှတ် ၅၇၈၉၊ မေဓာဝီလမ်းမ၊ ဈ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းမြင့် (ဗဟိုဘဏ်၊ ငြိမ်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ ၃၃/အေ၊ မလွကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးဘတင်-ဒေါ်သက်မေ)တို့၏ သမီး၊ ဦးအောင်ကျော်စိုး(KBZ Bank)-ဒေါ်တင်မိုးခိုင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးမျိုးသက်နိုင်(B.S.M Co.,Shipping)-ဒေါ်ဝင်းဝင်းကြည်တို့၏မိခင်၊ မြေးနှစ်ယောက်၏အဘွားသည် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမောင်မောင်ကြီး

(မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း)

အသက်(၈၀)

ဒေါ်မြင့်မြင့်သူ (ဌာနကိုင်စာရေး၊ BC၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဆန်နီမောင်မောင်ကြီး-ဒေါ်အေးအေးမော်၊ ဒေါ်မိမိကြီး-ဦးဘိုကြီး၊ ဒေါ်ခင်မိမိလေး-ဦးသန်းငွေး၊ ဦးသန်းလှိုင်-ဒေါ်ချိုချိုဦး၊ ဒေါ်နွယ်နီခိုင် - ဦးမျိုးနိုင်တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၅း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်၃၆၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်စိုး(မြိတ်အဝယ်တော်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၄၆ (တတိယထပ်၊ ယာ)နေ ဒေါ်ခင်ခင်မြင့်(ခ)တန်ချီဝါ၏ ခင်ပွန်း၊ ဦးတင်ထွဋ်ဦး - Mrs. AI ZHEN (USA)၊ ဒေါက်တာသန့်ဇင်ထွန်း - ဒေါက်တာ ခင်သန်းနိုင်၊ ဒေါက်တာဇင်မင်းစိုး - ဒေါက်တာ မြင့်မောင်ဦး(Taiwan)၊ ဒေါက်တာ မိုးမိုးအောင် - ဒေါက်တာမျိုးဇော်ဟိန်း တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၆-၇-၂၀၁၄ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၇-၂၀၁၄ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မောင်အောင်ဘိုထက်

ဥပဒေ(ဒုတိယနှစ်)

Gallant Engineering Training Centre (M.E UK Dip) & M.M.K Engineering Training Centre

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊သဇင်လမ်းသွယ်၊ငါး/တောင်ရပ်ကွက်၊ 97/A နေ ဦးဘိုဘိုမောင် - ဒေါ်မိမိသွင်တို့၏ သားကြီး၊ (မောင်ထွဋ်ဘိုဘို)၏ အစ်ကိုသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစောလွင် (ဖောင်တော်သီ)

အသက်(၇၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့နေ(ဦးချစ်စိန်-ဒေါ်လှသင်)၊ (ဦးသိန်းလှိုင်-ဒေါ်မြနု)တို့၏ သားသမက်၊ ဒေါ်သိန်းညွန့်၊ ဒေါ်သိန်းအိ(အထက၊ငြိမ်း၊ ဖောင်တော်သီ)တို့၏ မောင်၊ ဦးမြင့်ဆွေ-ဒေါ်ကြည်ညွန့် (ရေတာရှည်မြို့)၊ ဦးတင်မြင့်-ဒေါ်တင်အောင်(ရန်ကုန်)၊ ဒေါ်သိန်းသိန်း၊ ဦးအောင်ဇော်ဦး - ဒေါ်အေးစန်းတို့၏ အစ်ကို၊ ကိုအောင်မိုးသူ-မမို့မို့လွင်၊ တင်မောင်မောင်လွင်၊ မဖြူဖြူလွင်၊ မသန္တာလွင်တို့၏ဖခင်၊ထူးအောင်လင်း၊ မေဖူးသံစဉ်တို့၏အဘိုး၊ ဒေါ်တင်တင်ဝင်း၏ခင်ပွန်းသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၀၀၅ (B)၊ ဖိုးရာဇာလမ်း၊(၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဲအုပ်အောင်ကျော်ညွန့်

(သတင်းရဲတပ်ဖွဲ့)

အသက်(၄၂)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မညွင်းကိုင်းကျေးရွာနေ (ဦးကျော်လှအောင်-ဒေါ်ဝေမာဦး)တို့၏ သားထွေး၊ ဦးသာထွန်းစိန် - ဒေါ်အေးကျော့သိန်း၊ ဦးအောင်ထွန်းသိန်း(ဝေါမြို့နယ်တရားသူကြီး)-ဒေါ်တင်တင်သိန်းတို့၏ ညီ/မောင်၊မရမ်းကုန်းမြို့နယ်၊ အောင်သပြေရဲရိပ်သာ၊ အခြားအဆင့် လိုင်း(ဃ/၇)နေ ဒေါ်ခင်ခင်ငြိမ်း(အမက-၁၄၊မရမ်းကုန်းမြို့နယ်)၏ခင်ပွန်း၊ မောင်ကျော်ထွဋ်ခေါင် (အထက-၂၊ မရမ်းကုန်း)၊ မနွေးယုယ(အထက-၂၊ မရမ်းကုန်း)၊ မဝင်းစန္ဒာထွန်း (အထက-၂၊ မရမ်းကုန်း)တို့၏ဖခင်သည် ၇-၇-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ရန်ကုန်(ခုတင်-၅၀၀) အထူးကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြည် (သူရဲသမိန်)

အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာ၊ (၆)ရပ်ကွက်နေ (ဦးဘစစ်-ဒေါ်ငယ်)တို့၏ သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ ပဲခူးမြို့နေ ဦးကျော်တင့်-ဒေါ်သန်းနွဲ့၊ သူရဲသမိန်စံပြကျေးရွာနေ ဦးထိန်ဝင်း-ဒေါ်လွင်လွင်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ နှင်းဆီလမ်း၊ (၈) ရပ်ကွက်၊ တိုက်အမှတ် B-4၊ အခန်း ၀၀၅နေ ဦးဝင်းလှိုင် (စက်ရုံနှင့် မော်တော်ယာဉ်ဌာန) - ဒေါ်တိုးတိုးဝင်းတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [စည်ပင်ဝန်ထမ်းအိမ်ရာ(ကံဘဲ့)ရှေ့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီ တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဂျက်နက်ဂဲလ်မာတင်(ခ) ဒေါ်သန်းညွန့်

အသက်(၉၁)နှစ်

(ဦးအမ်ဘရိုစ်-ဒေါ်အဲလစ်ဇဘက်)တို့၏သမီးကြီး၊ ဦးရိုလင်း-Chandra၊ Mr. Collin - ဒေါ်မိုရင်းတို့၏မိခင်၊ ဦးအောင်ကျော်သူရ(MOFA) - ဒေါ်ခိုင်မိုးနိုင်၊ ဦးရဲအောင်နိုင်(ဂျက်ဖရီ)၊ Jeremy၊ Natalie တို့၏ အဘွား၊ မအိမ့်မျက်သွယ်(No No)၊ မဆုထူးရွှယ် (Cindy) တို့၏ အဘွားသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် အမှတ် ၂၅၆၊ ပထမထပ်(ဝဲ)၊ ၃၉လမ်းနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၇-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီ တွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။ [အထက်ပါ နေအိမ်နှင့်စိန့်မေရီဘုရားကျောင်း(ဗိုလ်အောင်ကျော်)မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လုံး (တောင်ကုတ်)

အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ နတ်မောက်ကျေးရွာနေ(ဦးအေးဘို-ဒေါ်စိန်ဦးဖြူ)တို့၏သမီးထွေး၊ (ဦးညီညီ)၏ဇနီး၊ ဦးစန္ဒနှ (မစိုးရိမ်တိုက်သစ်၊ မန္တလေး)၊ (ဦးထွန်းရီ)၊ ဦးမြင့်ရွှေ(ပို့/ဆက်ရုံးချုပ်၊ ရန်ကုန်)-ဒေါ်သောင်းရီ (ခ)မချေ(အထက်တန်းပြ၊ အထက-၁၊ အင်းစိန်)တို့၏မိခင်၊ မောင်ပြည့်စုံဖြိုး (Voice Mobile)၊ မရွှေရည်သက်ဖူး (UFL Korea၊ဒုတိယနှစ်)တို့၏အဘွားသည် ၈-၇-၂၀၁၄ရက် နံနက် ၉နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေစက် ဒါယကာကြီး

ဦးလှဝေ

Bosun (C.D.C-3722)

အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ၉လမ်းအနောက်၊ အမှတ် ၉၂၆နေ (ဦးစိန်ရင်-ဒေါ်ခွေး)တို့၏သား၊ (ဦးဘတင်-ဒေါ်မယ်)တို့၏သားသမက်၊ဒေါ်ထွေးကြည်၏ခင်ပွန်းဦးသက်လွင်-ဒေါ်မြတ်နွယ်၊ ဦးအုန်းစိုး-ဒေါ်မြင့်နွယ်၊ ဦးသက်နိုင်-ဒေါ်ဝေဝေလှ၊ ဦးသက်ခိုင်၊ ဦးသက်ပိုင်-ဒေါ်သန်းသန်းငွေ၊ ဦးသက်ဆိုင်-ဒေါ်အေးအေးမူ၊ ဦးသက်နောင်-ဒေါ်မာမာလွင်တို့၏ဖခင်၊မြေးခုနစ်ယောက်၊ မြစ် လေးယောက်တို့၏ အဘိုးသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄း၁၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးထွန်းကြည်(စစ်မှုထမ်း၊ ငြိမ်း)

မင်္ဂလာဒုံမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့

ရွှေမင်းသားဖောင်ဒေးရှင်း

မင်္ဂလာဒုံမြို့နယ်၊ မသန်မစွမ်းအသင်းနာယက

အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ အထောင်မြို့နေ (ဦးလက်သန်း-ဒေါ်စိန်မြ)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ပလရရပ်ကွက်၊ အိမ်ခြေ ၅၀၊ ၁လမ်း၊ အမှတ် ၂နေ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ (ဦးကျော်ရှိန်)၊ ဒေါက်တာဦးထွန်းလှအောင် (ပြည့်စုံဆေးခန်း)-ဒေါ်နီလာထွန်း၊ ဦးစိန်တင်ကြည်(အခွန်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်ခင်သီတာထွန်း၊ ဦးကျင်ခမ်းပုံ(ခ)ဦးဆန်းသူ-ဒေါ်သန္တာထွန်း၊ ဦးသန်းလှိုင်-ဒေါ်နွယ်နီထွန်း၊ ဦးမြင့်အောင်-ဒေါ်အေးအေးနွယ်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၈-၇-၂၀၁၄ရက် နံနက် ၇း၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၄ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညိုလှဝေ (စစ်တွေမြို့)

အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ငပိန်လမ်းနေ (ဦးမောင်ကျံု-ဒေါ်စိန်နုမေ)တို့၏သားကြီး၊ ဦးမြသိန်း (အင်းပေါက်ဝကုမ္ပဏီလီမိတက်)-(ဒေါ်အေးသန်း)တို့၏အစ်ကိုကြီး၊(ဒေါ်ဖွားသိန်း)၏ခင်ပွန်း၊ ဦးထွန်းနိုင်(အင်ဂျင်နီယာမှူး၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)-ဒေါ်ခင်စစ်ဦး၊ ဦးအေးနိုင်-ဒေါ်ခင်အေးချို(ကိုယ်ပွားသတင်းစာတိုက်၊ စစ်တွေ)၊ (ဦးဇော်နိုင်)-ဒေါ်ခင်မြဝင်း၊ ဦးငြိမ်းချမ်း-ဒေါ်သီတာနိုင် (ကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေ)တို့၏ဖခင်၊ ဦးကျော်နိုင်ဦး(လ/ထ မော်ကွန်းထိန်း၊ ရူပဗေဒဌာန၊ စစ်တွေတက္ကသိုလ်)၊ ဒေါ်မြမြသန်း(စစ်တွေဆေးရုံကြီး)တို့၏ပါပါကြီး၊ မမြတ်နိုးဂျူလိုင်ထွန်းနိုင်(ပထမနှစ်၊ အီလက်ထရွန်နစ်သင်တန်း၊ ထားဝယ်နည်းပညာတက္ကသိုလ်)၊ မသြဂတ်စတင်းဘေဘီထွန်းနိုင်(အထက-၁၊ ထားဝယ်)၊ မောင်ဇင်ကိုနိုင်(J.D.S ကုမ္ပဏီလီမိတက်)၊ မဇင်ကိုနိုင်(တတိယနှစ်၊ ပထဝီ)၊ မောင်ထွန်းလင်းနိုင်(သတ္တမတန်း၊ အထက-၂၊ စစ်တွေ)တို့၏အဘိုးရှင်သည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၅း၄၅နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင့်လွင်(ခ)ဦးတင်လှ (ကျိုက်လတ်-သမြဲဆိပ်)

ပ/ရေယာဉ်အုပ်၊ ရေကြောင်းဦးစီးဌာန(ငြိမ်း)

အသက်(၈၁)နှစ်

ကျိုက်လတ်မြို့နယ်၊ သမြဲဆိပ်ကျေးရွာနေ (ဦးဘထယ်-ဒေါ်ထိုက်)တို့၏သား၊ (ဦးသာဒွန်းဦး-ဒေါ်စောငြိမ်း)တို့၏သားသမက်၊(ဒေါ်သိန်းရှင်)၏ခင်ပွန်း၊ (ဦးတင်မြ)-ဒေါ်ခင်သန်းတို့၏ညီ၊ ဦးဖြိုး-ဒေါ်ကြည်အောင်၊ ဒေါ်ဒဂုံကြည်၊ (ဦးဝင်းကြည်-ဒေါ်ရွှေနု)တို့၏အစ်ကို၊ ဦးသန်းထွန်း-ဒေါ်လှလှနွဲ့၊ အမှတ် ၁၁၇၊ သခင်မြ ၂လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးလှနိုင်(ရေကြောင်းဦးစီး၊ ငြိမ်း)၊ ဒေါ်သန်းသန်းဝင်း(အထက-၁၊ ကျိုက်လတ်)၊ ဦးခင်လှိုင်(ရေကြောင်းဦးစီးဌာန)၊ ဦးထွန်းထွန်းထွေး(အောင်ဟိတ်သင်္ဘောကုမ္ပဏီ)-ဒေါ်ခင်ခင်ဇံတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၈-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ကြည်

အသက်(၇၀)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် ၄၄၊ ဒေါနဘွားရပ်ကွက်၊ သစ်ခွခြံလမ်း၊ သိဒ္ဓိအောင်ခြံနေ ဦးအောင်လှသန်း(အထွေထွေအုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ဇနီး၊ ဦးဇော်ဇော်ဘို (ဒုတိယညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)-ဒေါ်မေသန်းဦး၊ ဦးအောင်အောင်ဘို-ဒေါ်အေးနှင်းဦး(ဧရာဝတီဘဏ်ခွဲ-၃)၊ ဒေါ်နီနီလွင်၊ ဦးကျော်ကျော်ဘိုတို့၏မိခင်သည် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်သို့ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်သိမ်း

မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)

အသက် (၆၉)နှစ်

သာယာဝတီခရိုင်၊ သုံးဆယ်မြို့နေ (ဦးကင်းသိန်း-ဒေါ်အေးမြင့်)တို့၏ သားကြီး၊ ဦးကျော်ဝင်း၊ (ဦးကျော်လင်း)တို့၏အစ်ကိုကြီး၊ မကွေးမြို့၊ မင်းကံကြီးရပ်ကွက်၊ စိုးကောမင်းရပ်၊ သဟာရလမ်းနေ ဒေါ်ခင်လေးသန့်(ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ခင်ပွန်းသည် ၈-၇-၂၀၁၄ရက်နံနက် ၁း၁၀နာရီတွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျော်သက်နိုင်

ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လေ့/သု/ပြည်ဌာနခွဲ)၊ အနုပညာဦးစီးဌာန

အသက်(၅၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နေ (ဦးမြမောင်-ဒေါ်တင်ရွှေ)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဦးဝင်း-(ဒေါ်တင့်ရီ)တို့၏သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိရပ်ကွက်၊တိုက် ၁၃၇၆၊ အခန်း ၂၁နေ ဒေါ်ဆွေဆွေဝင်း(အနုပညာဦးစီးဌာန)၏ခင်ပွန်း၊ ရဲအုပ်ဆန်းဝင်း-ဒုရဲအုပ်ငုဝါသက်နိုင်တို့၏ဖခင်၊ မောင်ကောင်းသူနိုင်၏အဘိုးသည် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၆း၁၅နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံကြီး နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တမူး-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ရာနှုန်းပြည့်ဆောင်ရွက်နိုင်

တမူး ဇူလိုင် ၈

နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုကဏ္ဍများတွင် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ကုန်သွယ်မှုပြုသည့် နယ်စပ်ကုန်သွယ်ရေးသည်လည်း အလွန်အရေးပါလျက်ရှိ ကြောင်း တွေ့ရသည်။ နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ပမာဏအများဆုံးဆောင်ရွက်နိုင်သည့် အကြီးမားဆုံးသောကုန်သွယ်ရေးဇုန်တစ်ခုဖြစ်ပြီး ဒုတိယအနေဖြင့် မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးဖြစ်ကာ တတိယအနေဖြင့် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဖြစ်သည့် တမူးနယ်စပ်ကုန်သွယ်ရေးသည် အဓိကအရေးပါသော နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည်။

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကစခန်းဖြစ်သော တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ်ဖြစ်သည့် ဧပြီ၊ မေ၊ ဇွန်လများအတွင်း ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်းအပေါ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၉ သန်း အမှန်ကုန်သွယ်မှု ပြုနိုင်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၁၉ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် ဧပြီ၊ မေ၊ ဇွန်လများနှင့် *စာမျက်နှာ ၈ ကော်လံ ၄* ✻

ကွမ်းသီးများ တင်ဆောင်လာသည့်ယာဉ်အား နယ်စပ်စစ်ဆေးရေးသံတံတားဂိတ်၌ တွေ့ရစဉ်။ သတင်းနှင့်ဓာတ်ပုံ-ဝင်းနိုင်

ယနေ့ မာတိကာ

ဂါဇာကမ်းမြောင်ဒေသသို့ လေကြောင်းတိုက်ခိုက်မှုများ အစွရေးထပ်မံတိုးမြှင့်လုပ်ဆောင် စာ ၄

နေပြည်တော် စည်ပင်ရိပ်သာမီးပွိုင့်၌ ခရီးသည်တင်ယာဉ်တစ်စီး နောက်မှဝင်တိုက်ခံရ စာ ၅

ဘူတာပေါင်း၁၅ဘူတာတွင် ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် ဖော်ဆောင်တော့မည် စာ ၉

ရေကြီး၊ ရေလွှမ်းမိုး အန္တရာယ်လျော့ပါးရေး စာ ၁၀

အက်ရှ်လေကိုးလ် ရိုးမားရောက်ပြီ စာ ၁၄

အောင်ဘာလေသိန်းဆုဌာနခွဲမှ မင်္ဂလာစုံတွဲနှင့် မိတ်သဟာဆုမဲစနစ်ဖျက်သိမ်း ပဒေသာယူနစ်စနစ် ယခုလ (၁၀၇)ကြိမ်မြောက်တွင် စတင်ကျင့်သုံးမည်

သတင်း မောင်စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇူလိုင် ၈

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအောက်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲမှ ယခင်မင်္ဂလာစုံတွဲစနစ်နှင့် မိတ်သဟာဆုမဲစနစ်တို့ကိုဖျက်သိမ်းပြီး ယခုလ (၁၀၇) ကြိမ်မှစ၍ ပဒေသာယူနစ်စနစ်ကို ကျင့်သုံးပြီး ဆုမဲ ၄၀၀၀ ကျော် တိုး၍ ချီးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ၃၇ လမ်းရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးမှ သိရသည်။

အောင်ဘာလေသိန်းဆု ဌာနခွဲအနေဖြင့် ယခုလမှစတင်၍ ပြည်သူများ ဆုမဲပေါက်သူ ပိုမိုများပြားစေရန်နှင့် ထီမှောင်ခိုဈေးကွက် လျော့နည်းပပျောက်စေရန် ရည်ရွယ်ပြီး ယခင်မင်္ဂလာစုံတွဲစနစ်နှင့် မိတ်သဟာစနစ်တို့ကို ဖျက်သိမ်းပြီး ခေတ်နှင့်လျော်ညီစွာ ပဒေသာစနစ်သို့ ပြောင်းလဲကျင့်သုံး ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ ပြောင်းလဲလိုက်သည့် ပဒေသာယူနစ်စနစ်သည် မြန်မာနိုင်ငံ အနေဖြင့် ယခင်လုံးဝမရှိခဲ့ဖူးသည့် စနစ်ဖြစ်သည်။ ယခုကျင့်သုံးမည့် ပဒေသာယူနစ်စနစ်တွင် ယခင်ကျပ်တစ်သိန်းပဒေသာယူနစ်စနစ်တွင် အကွခရာတူ၊ ဂဏန်းလေးလုံးတူမှ ဆုချီးမြှင့်ငွေ တစ်သိန်းရရှိမည် ဖြစ်သော်လည်း ယခုအခါ အကွခရာမတူသော်လည်း နောက်ဂဏန်းလေးလုံး တူရုံဖြင့် ဆုငွေတစ်သိန်း ရရှိမည်ဖြစ်သည်။ အလားတူ ကျပ်ငါးသောင်းပဒေသာယူနစ်စနစ်တွင်လည်း အကွခရာမတူသော်လည်း နောက်ဂဏန်းလေးလုံး တူရုံဖြင့် ဆုငွေငါးသောင်းရရှိမည်ဖြစ်သောကြောင့် အောင်ဘာလေသိန်းဆုဌာနခွဲမှတစ်သိန်းဆုနှင့် ငါးသောင်းဆု ဆုမဲပေါင်း ၄၃၇၀ ထပ်မံ၍ ပိုမိုချီးမြှင့်ပေးမည်ဖြစ်သည်။

"အခုလို ပဒေသာယူနစ်စနစ်ကျင့်သုံးတာဟာ ပြည်သူတွေနိုင်ငံတော်ထီ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၇-၂၀၁၄

မိုင်းဆတ်မြို့	၃ ဒသမ ၉၀ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၁၅ လက်မ
ပူတာအိုမြို့	၃ ဒသမ ၀၃ လက်မ
လောင်းလုံမြို့	၂ ဒသမ ၆၀ လက်မ
လှိုင်းဘွဲ့မြို့	၂ ဒသမ ၄၄ လက်မ

မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၈

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှအား အလွန်ကောင်းနေခြင်းကြောင့် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဝင်းထွန်းနှင့် ဖိုးသားကြီး တွံတေးမြို့၌ ယှဉ်ပြိုင်မည်

ဝင်းထွန်း

သတင်း-တင်စိုး(မြန်မာ့အလင်း)➤ ဓာတ်ပုံ-အေကေလင်း

ရန်ကုန် ဇူလိုင် ၈

NAING MOE ENTERTAINMENT က စီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် တွံတေးမြို့ အောင်ဆန်းသူရိယအေးချိုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထည့်သွင်းကျင်းပမည်

အဆိုပါ ငါးချီ စိန်ခေါ်ပွဲ ပွဲစဉ်တွင် အဓိကပွဲမှာ ဝင်းထွန်း(တွံတေး)နှင့် ဖိုးသားကြီး(မန္တလေး)တို့ပွဲဖြစ်သည်။ ဝင်းထွန်းသည် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံဆုကို *စာမျက်နှာ ၃ ကော်လံ ၃* ■

ဖိုးသားကြီး

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488

ဖခင်အမည်မှန်

အထက (၃) မင်္ဂလာဒုံမြို့နယ်၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဥက္ကာမင်း၏ ဖခင်အမည်မှန်မှာ ဦးရန်မျိုးအောင် ၁၂/မဂဒ(နိုင်)၁၀၅၈၅၅ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ဦးသန့်ဇင် ၁၂/မဂဒ(နိုင်)၁၂၂၀၉၏ နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်နှင့် ၀၉-၃၁၇၃၇၂၈၆ နှင့် ၀၉-၂၅၀၆၇၅၂၃၃ဖုန်းနှစ်လုံးပါအိတ် ကျပျောက်သွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၇၃၀၆၂၂၅၁သို့ အကြောင်းကြားပေးပါရန်။

သာသာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ .....

၁	အမှတ်-၁၁၈ ရေကျော်လမ်းသောက် ပေါက်မြို့နယ်။	၀၁-၅၄၃၃၉၃ ၅၄၃၃၉၆
၂	အမှတ်-၁၅၆ ရွှေဂုံတိုင်လမ်းမကြီး ပေါက်မြို့နယ်။	၀၁-၅၄၃၂၀၂ ၅၄၃၂၀၆
၃	အမှတ်- ၂၃/၁၆ ရေကျော်လမ်းသောက် ပေါက်မြို့နယ်။	၀၁-၃၈၀၅၃၃
၄	အမှတ်-၁၁၃ အောက်ကြည့်မြင်တိုင်လမ်းမကြီး ကြည့်မြင်တိုင်မြို့နယ်။	၀၉-၇၃၀၈၀၀၂
၅	အမှတ်-၉၆ အောက်ပုဇွန်တောင်လမ်းမကြီး မင်္ဂလာတောင်ညွန့်မြို့နယ်။	၀၉-၇၃၀၅၅၅၆
၆	အမှတ်-၁၂၅ သံလျက်ရွှေ လမ်းဘောက်လမ်း လမ်းမတော်မြို့နယ်။	၀၁-၂၂၅၅၀၆
၇	အမှတ်-၃၇ ကုန်သွယ်ရေးလမ်း(အောက်) ပုံနှိပ်တန်မြို့နယ်။	၀၉-၇၃၀၀၅၂၆
၈	အမှတ်-၅၂(၁၆) ရေကျော်လမ်းသောက် ပေါက်မြို့နယ်။	၀၁-၈၆၀၃၀၅
၉	တိုက်-A၊ အခန်း-၁ မြူဘာဆိပ်ရပ် အင်းစိန်ရေနံကြီးလမ်း လှိုင်မြစ်လမ်း အင်းစိန်မြို့နယ်။	၀၁-၆၄၃၂၂
၁၀	၁၂၈ ရန်ကုန်-အင်းစိန်လမ်း ထောက်ပံ့ဆိုင် ကမာရွတ် စံပြမြို့နယ် ဆင်ရေတွင်းရပ်ကွက်ကြီး။	၀၉-၇၃၀၈၁၂၈
၁၁	အမှတ်-၂၈ သမိန်ထုတ်လမ်းမကြီး တာမွေမြို့နယ်။	၀၉-၇၃၀၀၅၃၃
၁၂	ရန်ကုန်-မန္တလေးလမ်း ဆင်ရေကန် ပြင်ရေကန်ကြီး ပျဉ်းမနားမြို့ နေပြည်တော်။	၀၆၇-၂၁၁၉၀
၁၃	အမှတ်(၁၈၀) မင်းဘာဂျီလမ်း ဘောကင်းသိမ်ရပ်ကွက် စစ်ကိုင်းမြို့။	၀၇၃-၂၅၃၁၂
၁၄	အမှတ် (၅၆) အနော်ရထာမြို့မကြီးလမ်း တာချီလိတ်မြို့နယ်။	၀၉-၂၅၀၈၀၀၁၃
၁၅	၂/၀၅ ရပ်ကွက်လမ်းမကြီး(ယင်းပြန်) ဘောကင်းသိမ်လမ်း ဆင်ကုန်းနားမြို့နယ် ပျဉ်းမနားမြို့။	၀၆၇-၂၆၅၅၃

သမ္မတ ဆိုင်များအားလုံးတွင် ပရွှည်းမှန်၊ စျေးနှုန်းမှန်မှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

MYANMAR MICROFINANCE BANK

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ ပညာဒလဘဏ်ခွဲ ၊ တာမွေကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် ၉ . ၇ .၂၀၁၄ (ဗုဒ္ဓဟူးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

"အားလုံးအတွက် M M B"

ပညာဒလဘဏ်ခွဲ၊ တာမွေ
အမှတ်(၂၉၃/၂၉၅)၊ ပညာဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Tel:(၀၁)၈၆၀၄၄၅၀၊ ၈၆၀၄၄၅၁၊ ၈၆၀၄၄၅၂၊ ၈၆၀၄၄၅၃၊ ၈၆၀၄၄၅၄၊
Fax: (၀၁) ၈၆၀၄၄၄၈၊ ၈၆၀၄၄၄၉၊

---

99 အချိုမှုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

ငွေသားဖြင့်ကံစမ်းမဲစီးမြှင့်ပေးပါမည်။ ➢ ပေါက်မဲများကို သတင်းစာတွင် ကြေငြာပေးပါမည်။

ပထမဆု	- ၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်)	တတိယဆု	- ၃၀၀၀၀၀ (သုံးသိန်းကျပ်)
ဒုတိယဆု	- ၅၀၀၀၀၀ (ငါးသိန်းကျပ်)	အထူးဆု	- (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်)

ရန်ကုန် ကိုယ်စားလှယ်များ

၁။	ဒေါ်ဆွေခင်	၂၂-လမ်း ရန်ကုန်မြို့။	09 400471076
၂။	မနိုင်	အမှတ်(284/285) ၊ ဝဲဒေသာဈေး တောင်ဥက္ကလာပမြို့နယ်။	01- 578598
၃။	ဦးသန်းဝေး	N-3 ၊ ငြေညီထပ်၊ ညောင်ပင်လေးဈေး။	09-5084414
၄။	မနှင်းနှင်းလှိုင်	BB-2၊ ညောင်ပင်လေးဈေး။	09-681868, 09 73165075
၅။	ဦးလှမောင်	အမှတ်(H-1)ညောင်ပင်လေးဈေး။	09 73030189, 01-229834
၆။	ဒီမမအောင်	455မြေအောက်ထပ်ညောင်ပင်လေးဈေး။	01 - 210702

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၉/ ၁၃၀၂၂ / ထလ

ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ လာရောက်ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။

နယ်ကိုယ်စားလှယ်များ

၁။	မစံပယ်	မော်လမြိုင်မြို့	09 49314328
၂။	ဒေါ်ခင်မာရီ	ကျောက်ပန်းတောင်းမြို့	09 2220129, 092220331,061-50087
၃။	ဦးစိုင်းရွှေ	တောင်ကြီးမြို့	081-205929, 09-2122589
၄။	ဦးအောင်သိန်း+ဒေါ်ဆွေဆွေရီ	မိတ္ထီလာမြို့	064-24531
၅။	ဒေါ်ထွေးထွေး	နေပြည်တော်	09-5169072
၆။	ကိုအောင်မြင့်မြတ်	ကြို့ပင်ကောက်	09-5374657
၇။	ဒေါ်ကောက်ပွီ	ဘိုကလေး	09-428016337,045-45528
၈။	ဦးအောင်ကျော်ဦး	မှော်ဘီမြို့တိုက်ကြီးမြို့	09 73190890
၉။	ကိုညီညီ	ချောက်မြို့	061-200662
၁၀။	ဦးဘစံ	သာစည်မြို့	09-2225777
၁၁။	ဦးသောင်းစိန်	တောင်တွင်းကြီး	063-50064,09-5333073
၁၂။	ကိုသူရဲ	စစ်တွေမြို့	09-250332792
၁၃။	ကိုထွန်းထွန်း	မကွေး	09-8585877

ပင်ရင်းဌာန / ဖြန့်ချိရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂-လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - 01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 250065717, 250065719

(၁၈) သိန်းယူလာရုံဖြင့် တိုက်ခန်းဝယ်နိုင်မည်

(၁၄) ခန်းသာရောင်းမည်။

လစဉ်(၂၃)သိန်း(၁၅)လသွင်းပြီး

12-2015 - အခန်းအပ်။

တိုက်နေရာ JUNCTION SQUARE အနီး

825 – သိန်း

ပွဲကျင်းပမည့်နေရာ – တော်ဝင်စင်တာ နေ့ရက် – 11, 12, 13 July

(၂၅) ကံကော်လမ်း၊ စမ်းချောင်းမြို့နယ်တွင် ကြိုတင်လေ့လာနိုင်ပြီး
အသေးစိတ်ကိုပွဲတွင်စုံစမ်းနိုင်ပါသည်။ **DEVELOPED BY**

iGREEN CONSTRUCTION

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

25 KAN KAW CONDO





DEVELOPED BY
iGREEN CONSTRUCTION

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဝန်ထမ်းအလိုရှိသည် (မြို့ပြလုပ်ငန်းဆောက်လုပ်ရေး)

ဆောက်လုပ်ရေးလုပ်ငန်းတွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများ ခေါ်ယူလိုပါသည်။

၁။ တာဝန်ခံအင်ဂျင်နီယာ (ကျား/မ) ကျား (၂) ဦး
B.E/A.G.T.I (Civil) လုပ်ငန်းအတွေ့အကြုံ(၅-၁၀)နှစ်

၂။ ဆိုက်အင်ဂျင်နီယာ (ကျား/မ) ကျား (၂) ဦး
A.G.T.I/B.TECH (Civil) လုပ်ငန်းအတွေ့အကြုံ(၃-၅)နှစ်

၃။ ဒီဇိုင်းအင်ဂျင်နီယာ (AutoCAD/Structure) ကျား (၁) ဦး
B.E (ARCHITECT) လုပ်ငန်းအတွေ့အကြုံ(၃-၅)နှစ်

၄။ စက်မှု/လျှပ်စစ်/ရေပိုက် ကျား (၃) ဦး
A.G.T.I/B.TECH လုပ်ငန်းအတွေ့အကြုံ(၃-၅)နှစ်

သင့်လျော်သောလစာနှင့် ခံစားခွင့်များပေးမည်။

(၁) အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။
(၂) ရပ်ကွက်သားများ ဦးစားပေးမည်။
(၃) ပညာအရည်အချင်း၊ ဘွဲ့လက်မှတ်(မူရင်း/မိတ္တူ)။
(၄) လုပ်ငန်းအတွေ့အကြုံဆိုင်ရာထောက်ခံချက်။
(၅) ကျန်းမာရေးနှင့်အကျင့်စာရိတ္တထောက်ခံချက်။
(၆) ကိုယ်ရေးရာဇဝင်အပါအဝင် CV Form / လျှောက်လွှာနှင့်တကွ ၂၀၁၄ ဇူလိုင်(၁၀)ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်သည်။

[illegible]

Aiming For Success
Myanmar Noble College တွင်ဖွင့်လှစ်မည့် BTEC HND သင်တန်းများ

edexcel

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ BTEC HND Certificate ရရှိမည့် ဘာသာရပ်များကို (၇.၇.၂၀၁၄)ရက်နေ့တွင် Myanmar Noble College ၌ တန်းခွဲသစ် (7th Batch) ဖွင့်လှစ်ရန်ရှိပါသည်။

သင်ယူနိုင်သော ဘာသာရပ်များ -
- ✔ HND Engineering
  - Construction & the Built Environment (Civil)
  - Electrical & Electronics
  - Mechanical
- ✔ HND Business
- ✔ HND Computing & System Development (IT)

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ၊ IGCSE (or)GCE'O' Level အောင်မြင်ထားသူများသည် Foundation မှတက်ရောက်နိုင်ပြီး LCCI Level(3) ပြီးစီးသူများသည် Year 1 မှဆက်လက်တက်ရောက်နိုင်ပါသည်။

Edexcel ၏ Syllabus အတိုင်းသင်ကြားလျက်ရှိပြီး(၆)လတစ်ကြိမ် External Verifier များမှ မှန်မှန်စစ်ဆေးကြီးကြပ်လျက်ရှိရာ 1st Batch ကျောင်းသား/ကျောင်းသူများ HND Certificate များရရှိခဲ့ပြီးဖြစ်ပါသည်။

Myanmar Noble College မှ HND Certificate ရပြီးနောက် ဘာသာရပ်အလိုက် Bachelor Degree ရရှိရန်အတွက် UK နိုင်ငံ University of Portsmouth, University of the West of England (Bristol), Singapore နိုင်ငံ PSB Academy, MDIS နှင့် Shelton College များသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ထားပါသည်။

Myanmar Noble College
No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar. Ph-01-220476 , 09-73163975
www.myanmarnoblecollege.com

MCC.i YATANARPON

Microsoft

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်အတွင်းမြန်မာလူငယ် (၁၀၀,၀၀၀) လုပ်ငန်းခွင်အသင့်ဝင်နိုင်မည့် နည်းပညာကျွမ်းကျင်မှုများကို MCC နှင့် Microsoft တို့ ပူးပေါင်းသင်ကြားပေးတော့မည်။



BIT (ကွန်ပျူတာသိပ္ပံဘွဲ့)
- B.Sc (Hons) Business IT

UNIVERSITY of GREENWICH
Awarded by: University of Greenwich (UK)

BBA (စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့)
Bachelor of Business Administration
- B.B.A (International Business) နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
- B.B.A (Hotel and Tourism) ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့

Awarded by: Siam University

BTEC (အင်ဂျင်နီယာဒီပလိုမာ)
- Diploma in Construction and the Built Environment
- Diploma in Mechanical Engineering
- Diploma in Electrical and Electronic Engineering

edexcel BTEC

HND Diploma ရရှိပြီးနောက် ဆက်လက်နိုင်ငံခြားသို့ မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည့် Middlesex University (UK) မှ ဆက်ကြားပို့ချမည့် B.Sc (Hons) Engineering ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ဆည်းပူးနိုင်ပါသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား/သူများတက်ရောက်နိုင်ရန် အထူးစီစဉ်ထားသော Yatanarpon Cyber City တွင်ဖွင့်လှစ်ထားရှိသည့် Yatanarpon Campus

- July Intake Enroll Now ! - ***(Hot Line - 246634, 2304156)***

MCC Yatanarpon Campus - Incubation Center, Building No. 3, Yatanarpon Cyber City, Pyin Oo Lwin Township, Mandalay.
Tel : 02-5178132, 02-5178112, 02-5178113, 02-5178114, 09-43104966,

EAGLE GUEST HOUSE

ရန်ကုန်နေသေးလေ ဆောင်မင်္ဂလာအခမ်းအနားပြီးမှ ... သွားရောက်လည်ပတ်ရမည့် EAGLE တည်းခိုရိပ်သာ
[illegible]

၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၄၄၄၄

၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

တန့်ကွက်နိုင်ပါသည်။

[illegible]

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၉၀၄၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/ 3371၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မိဘ အမည်မှန်

ဘားအံမြို့၊ အထက(၁)သူငယ်တန်း (က)မှ မဝါဝါဝင်း၏ မိဘအမည်မှန်မှာ ဦးအေးကြိုင်-ဒေါ်သင်းနုနုလွင်ဖြစ်ပါကြောင်း။

ဦးအေးကြိုင်-ဒေါ်သင်းနုနုလွင်

AIR KBZ

သရေကျသွားမယ့် အာဂျင်တီးနားနှင့် ဟော်လန်တို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်

ရော်ဘင်

စနိုက်ဒါ

ဗန်ပါစီ

■ ထက်အောင်

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲအဖြစ် တောင်အမေရိကအသင်း အာဂျင်တီးနား နဲ့ ဥရောပအသင်း ဟော်လန် တို့ဟာ အသင်းလိုက် ခြေစွမ်း ပိုင်းစွမ်းဆောင်နိုင်မှု ကွာဟချက် ကျဉ်းမြောင်းတာကြောင့် သာမန်ပွဲချိန်အတွင်း အနိုင်အရှုံးအဖြေပေါ်ဖို့ ခက်တယ်။

အာဂျင်တီးနား Vs ဟော်လန်		
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၀-၇-၂၀၁၄၊ နံနက် ၂း၃၀ Arena de Sao Paulo	
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဟော်လန် ၀-၀ အာဂျင်တီးနား	(၂၂-၆-၂၀၀၆)

မက်ဆီ၊ အဂူရို၊ ဟီဂွာရင်တို့လို နာမည်ကျော် တိုက်စစ်ကစားသမားတွေရှိနေတဲ့ အာဂျင်တီးနားတိုက်စစ်အစုအဖွဲ့ဟာ အီရန်နဲ့ကစားခဲ့တဲ့ အုပ်စုပွဲ၊ ဆွစ်ဇာလန်နဲ့ ကစားခဲ့တဲ့ ၁၆ သင်းရှုံးထွက်အဆင့်ပွဲ၊ ဘယ်လ်ဂျီယံနဲ့ကစားခဲ့တဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲတွေမှာ တစ်ဂိုးစီသာ သွင်းယူနိုင်ခဲ့တာကြောင့် အာဂျင်တီးနားတိုက်စစ်ရဲ့ အဆုံးသတ်ပိုင်းအားကောင်းမှုက သံသယရှိစရာဖြစ်နေတယ်။ ဘယ်လ်ဂျီယံနဲ့ပွဲမှာ အာဂျင်တီးနားဟာ အပိုင်ဂိုးကန်သွင်းခွင့်ရရှိမှု နည်းပါးခဲ့သလို ဆွစ်ဇာလန်နဲ့ပွဲမှာဆိုရင်လည်း မက်ဆီ၊ ဟီဂွာရင်၊ လာဗက်ဇီတို့နဲ့စုဖွဲ့ခဲ့တဲ့ အာဂျင်တီးနားတိုက်စစ်ဟာ ဂိုးကန်သွင်းခွင့်အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် အချိန်ပိုကျမှသာ ဂိုးသွင်းယူနိုင်ခဲ့တာမို့ ဟော်လန်ခံစစ်ကို ထိထိရောက်ရောက်ဖိအားပေးနိုင်ဖို့ခက်တယ်။ ကွင်းလယ်ကစားသမား ဒီမာရီယာဟာ မက်ဆီရဲ့ ကျော်ကြားမှုအောက်ရောက်နေပေမယ့် အခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မက်ဆီနဲ့အတူတွဲဖက်ပြီး အာဂျင်တီးနားတိုက်စစ်ကို အသက်သွင်းပေးနေသူဖြစ်တယ်။ ဒါပေမယ့် အခုပွဲစဉ်မှာ ဒီမာရီယာ ပါဝင်နိုင်မှာ မဟုတ်လို့ ဂိုးဖန်တီးမှုနဲ့ ဂိုးရရှိရေးဟာ မက်ဆီတစ်ဦးတည်းအပေါ် အထူးအမှီပြုသလိုဖြစ်လာမှာမို့ အာဂျင်တီးနားရဲ့ ဂိုးရရှိရေး ပိုမိုခက်ခဲနိုင်တာကို သတိပြုရမယ်။ အာဂျင်တီးနားခံစစ်ဟာ နောက်ဆုံးနှစ်ပွဲမှာ ဂိုးမပေးခဲ့ရပေမယ့် နိုင်ဂျီးရီးယားလိုအသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုးသွင်းယူခံခဲ့ရတာမို့ ခံစစ်ပိုင်းတည်ငြိမ်မှုကလည်း အကောင်းဆုံးပုံစံမှာရှိတယ်လို့ ပြောဖို့ခက်တယ်။ ဒ့ါအပြင် မာရှေယာနို၊ ဂါဂို၊ အန်ဇိုပီရက်ဇ်တို့လို ကစားသမားတွေ ဦးဆောင်လာမယ့် အာဂျင်တီးနားကွင်းလယ်ကလည်း ဟော်လန်ကွင်းလယ်ကို အသာစီးယူနိုင်ဖို့ခက်တယ်။ ဟော်လန်က အသင်းလိုက်စုစည်းမှုကောင်းမွန်တဲ့ အသင်းတစ်သင်းဖြစ်ပေမယ့် ချီလီနဲ့ ကစားခဲ့တဲ့ အုပ်စုနောက်ဆုံးပွဲမှာ ချီလီအသင်းရဲ့ ဖိအားပေးကစားမှုခံခဲ့ရတာကို သတိပြုရမယ်။ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကော်စတာရီကာနဲ့ ကစားခဲ့တဲ့ပွဲမှာ သာမန်ပွဲကစားချိန်နဲ့ အချိန်ပိုတွေအတွင်း ကော်စတာရီကာခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ခဲ့ရတဲ့ ဟော်လန်တိုက်စစ်ကလည်း အာဂျင်တီးနားခံစစ်ကို ပွဲချိန်ပြည့်

ဟီဂွာယင်

အဂူရို

စာမျက်နှာ ၂ သို့

မြန်မာ့အလင်း
၉-၇-၂၀၁၄ (ဗုဒ္ဓဟူး)

ဟော်လန်ဟာ အာဂျင်တီးနားထက်လျင်မြန်ပြီး ကြံ့ခိုင်မှု အားကောင်းတဲ့အသင်းလို့ ဆိုလိုက်တဲ့ မာရှေယာနို

အာဂျင်တီးနားအသင်းရဲ့ ကွင်းလယ် ကစားသမားတစ်ဦးဖြစ်တဲ့ မာရှေယာနိုကတော့ သူတို့အနေနဲ့ လာမယ့် ဆီမီးဖိုင်နယ်အဆင့်မှာ တွေ့ဆုံရမယ့် ဟော်လန်အသင်းဟာ သူတို့အသင်းထက် လျင်မြန်မှုသာမက ကြံ့ခိုင်မှုကောင်းမွန်တဲ့ အသင်းဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။

အာဂျင်တီးနား အသင်းဟာ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အေရီနာဆာအိုပေါ်လိုကွင်းကြီးမှာ ဟော်လန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံကစားရတော့မှာ ဖြစ်ပါတယ်။

ဒါပေမယ့် အာဂျင်တီးနားအသင်းဟာ ကစားခဲ့တဲ့ အုပ်စုအဆင့် သုံးပွဲ၊ ရှုံးထွက်အဆင့် တစ်ပွဲနဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲတို့မှာလည်း တစ်ဂိုးအသာဖြင့်သာ ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် အာဂျင်တီးနားအသင်းဟာ ၁၉၉၀ နောက်ပိုင်းမှာ ဆီမီးဖိုင်နယ်ကို ပထမဦးဆုံးအကြိမ်တက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အာဂျင်တီးနား ကွင်းလယ်ကစားသမား မာရှေယာနိုကတော့ လာမယ့် ဟော်လန်ပွဲကိုလည်း ဘယ်လ်ဂျီယံအသင်းကို ကစားခဲ့တုန်းကလိုပဲ ဘောလုံးပိုင်ဆိုင်မှု အားကောင်းကောင်းနဲ့ကစားဖို့က အဓိကကျလိမ့်မယ်လို့ ပြောဆိုခဲ့ပါတယ်။

ဟော်လန်အသင်းနဲ့ ကစားရမယ့်ပွဲနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲမှာ ကွင်းလယ်ကစား သမား မာရှေယာနိုက "ဟော်လန်အသင်းနဲ့ကစားရမယ့် ပွဲမှာတော့ ကျွန်တော်တို့အသင်းဟာ အတင်းလုကပ်ပြီးကစားရမှာ ဖြစ်ပါတယ်။ သူတို့ကို ပြေးခိုင်းလို့မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့ရဲ့ ပြေးအားနဲ့ကြံ့ခိုင်မှုပိုင်းက ကျွန်တော်တို့အသင်းထက်အများကြီးသာလို့ပါ။ ကျွန်တော်တို့ဟာ ပွဲကိုအကောင်းဆုံးထိန်းချုပ်ကစားရမှာဖြစ်ပြီး မှန်ကန်တဲ့ အချိန်မှာတော့ တိုက်စစ်ဆင်ပြီးကစားရမှာပါ။ ဘယ်လ်ဂျီယံနဲ့ပွဲတုန်းကလည်း ကျွန်တော်တို့ဟာ အဲဒီလိုပဲကစားခဲ့ကြတာပါ"လို့ ပြောဆိုခဲ့ပါတယ်။

ခံစစ်မှူး မာရီယာဘာဆန်တာကလည်း လာမယ့်ဟော်လန်အသင်းနဲ့ ကစားရမယ့်ပွဲဟာ သူတို့တွေ့ဆုံကစားခဲ့ရတဲ့ ပွဲတွေထက်ပိုမိုခက်ခဲလိမ့်မယ်လို့လည်း ပြောဆိုလိုက်ပါတယ်။

"ကျွန်တော်တို့ဟာ နေ့တိုင်းအကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ အခုအချိန်ကတော့ ကျွန်တော်တို့အသင်းအတွက် အကောင်းဆုံးအောင်မြင်မှုတွေ ရယူနိုင်နေတဲ့ အချိန်လို့ပြောရမှာပါ။ ကျွန်တော်တို့ဟာ အကောင်းဆုံးသမိုင်းကိုလည်း ရေးထိုးထားပါတယ်။ အခု လာမယ့်ပွဲကတော့ အရင်ပွဲတွေလို မဟုတ်ပါဘူး။ ခက်ခဲတဲ့ပွဲဖြစ်မှာ သေချာပါတယ်။ ဒါကြောင့်လည်း စိတ်ပိုင်းဆိုင်ရာကို အကောင်းဆုံးပြင်ဆင်ထားရမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။

အောင်က

မာရှေယာနို

သရေကျသွားမယ့် အာဂျင်တီးနားနှင့် ဟော်လန်တို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်မှ

ဖိအားပေးနိုင်ဖို့ အထူးအားစိုက်ရမှာပါ။ ဒါပေမယ့် ရော်ဘင်ရဲ့ မြန်နှုန်းမြင့် ကစားပုံ၊ စနိုက်ဒါရဲ့ အကောင်းဆုံးပေးပို့ဖန်တီးပေးနိုင်မှုတွေကြောင့် ဟော်လန်ရဲ့ တိုက်စစ်က အာဂျင်တီးနားခံစစ်ကို ခြိမ်းခြောက်နိုင်စွမ်းရှိသလို တန်ပြန်တိုက်စစ်ကလည်း ဂိုးသွင်းခွင့်တွေ ဖန်တီးနိုင်စွမ်းရှိတယ်။ အထူးသဖြင့် ဗန်ပါစီ၊ ဟန်တဲလာတို့လို အတွေ့အကြုံရင့် တိုက်စစ်မှူးကောင်းတွေရှိနေတာကြောင့် ဟော်လန်တိုက်စစ်ဟာ အားနည်းမှုရှိနေတဲ့ အာဂျင်တီးနားခံစစ်ကို အခက်တွေ့စေနိုင်တယ်။ အခုပွဲမှာ ဟော်လန်အသင်းရဲ့ အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဒီဂျောင်ပါဝင်နိုင်မှာမဟုတ်ပေမယ့် ဟော်လန်အသင်းဟာ နောက်ပိုင်းကစားခဲ့တဲ့ပွဲတွေမှာ ကွင်းလယ်စုဖွဲ့မှုကို အဓိက အားပြုကစားနေတာကြောင့် အာဂျင်တီးနားအသင်းကွင်းလယ်ကို အကောင်းဆုံး ရင်ဆိုင်ကစားနိုင်စွမ်းရှိတယ်။ ဟော်လန်အသင်းဟာ အာဂျင်တီးနားနဲ့ ဆုံတွေ့မှုတွေမှာ ရလဒ်ကောင်း ရရှိလေ့ရှိပြီး နောက်ဆုံးဆုံတွေ့မှု လေးကြိမ်မှာ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တယ်။ ဒါကြောင့် အခုဆုံတွေ့မှုမှာလည်း ဟော်လန်ဟာ အာဂျင်တီးနားအသင်းအတွက် ခက်ခဲလွန်းတဲ့ ပြိုင်ဘက်ဖြစ်လာမှာဖြစ်ပြီး သာမန်ပွဲကစားချိန်အတွင်း သရေရလဒ်သာ ထွက်ပေါ်လာနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

အာဂျင်တီးနား၏ ကမ္ဘာ့ဖလားခြေစွမ်း

အာဂျင်တီးနား	၂ - ၁	ဘော့စနီးယား
အာဂျင်တီးနား	၁ - ၀	အီရန်
နိုင်ဂျီးရီးယား	၂ - ၃	အာဂျင်တီးနား
အာဂျင်တီးနား(ET)	၁ - ၀	ဆွစ်ဇာလန်
အာဂျင်တီးနား	၁ - ၀	ဘယ်လ်ဂျီယံ

ဟော်လန်၏ ကမ္ဘာ့ဖလားခြေစွမ်း

စပိန်	၁ - ၅	ဟော်လန်
ဩစတြေးလျ	၂ - ၃	ဟော်လန်
ဟော်လန်	၂ - ၀	ချီလီ
ဟော်လန်	၂ - ၁	မက္ကဆီကို
ဟော်လန်(P)	၀ - ၀	ကော်စတာရီကာ

အာဂျင်တီးနား၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

နိုင်ဂျီးရီးယား - အာဂျင်တီးနား

နိုင်ဂျီး	ရလဒ်(၂-၃)	အာဂျင်
၄	ထောင့်ကန်ဘော	၁၂
၂	ဂိုးပေါက်တည့်မှု	၁၀
၄	ဂိုးပေါက်လွဲမှု	၅
၄၄	ဘောလုံးပိုင်ဆိုင်မှု	၅၆

အာဂျင်တီးနား - ဆွစ်ဇာလန်

အာဂျင်	ရလဒ်(၁-၀)	ဆွစ်ဇာလန်
၁၃	ထောင့်ကန်ဘော	၅
၉	ဂိုးပေါက်တည့်မှု	၄
၁၁	ဂိုးပေါက်လွဲမှု	၇
၆၁	ဘောလုံးပိုင်ဆိုင်မှု	၃၉

အာဂျင်တီးနား - ဘယ်လ်ဂျီယံ

အာဂျင်	ရလဒ်(၁-၀)	ဘယ်လ်ဂျီယံ
၃	ထောင့်ကန်ဘော	၄
၁	ဂိုးပေါက်တည့်မှု	၂
၃	ဂိုးပေါက်လွဲမှု	၈
၄၇	ဘောလုံးပိုင်ဆိုင်မှု	၅၃

ဟော်လန်၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဟော်လန် - ချီလီ

ဟော်လန်	ရလဒ်(၂-၀)	ချီလီ
၂	ထောင့်ကန်ဘော	၇
၃	ဂိုးပေါက်တည့်မှု	၂
၅	ဂိုးပေါက်လွဲမှု	၈
၃၇	ဘောလုံးပိုင်ဆိုင်မှု	၆၃

ဟော်လန် - မက္ကဆီကို

ဟော်လန်	ရလဒ်(၂-၁)	မက္ကဆီကို
၁၀	ထောင့်ကန်ဘော	၂
၄	ဂိုးပေါက်တည့်မှု	၅
၇	ဂိုးပေါက်လွဲမှု	၆
၅၈	ဘောလုံးပိုင်ဆိုင်မှု	၄၂

ဟော်လန် - ကော်စတာရီကာ

ဟော်လန်	ရလဒ်(၀-၀)	ကော်စတာ
၁၁	ထောင့်ကန်ဘော	၁
၈	ဂိုးပေါက်တည့်မှု	၁
၃	ဂိုးပေါက်လွဲမှု	၃
၆၉	ဘောလုံးပိုင်ဆိုင်မှု	၃၁

နယ်သာလန်အသင်းက အာဂျင်တီးနားကို အနိုင်ယူနိုင်သည်ဟု နည်းပြဟောင်း ဟစ်ဒင့်သုံးသပ်

ရီးရဲမက်ဒရစ်၊ ချယ်လ်ဆီး၊ ရုရှားလက်ရွေးစင်အသင်းနှင့် နယ်သာလန် လက်ရွေးစင်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့် ဝါရင့်နည်းပြ ဟစ်ဒင့်က နယ်သာလန်အသင်းသည် ဆီမီးဖိုင်နယ်တွင် အာဂျင်တီးနားကို အကြောင်းပြချက်များစွာဖြင့် အနိုင်ရရှိနိုင်သည့် အခြေအနေတွင်ရှိနေသည်ဟု ပြောဆိုလိုက်သည်။

ဟစ်ဒင့်က လက်ရှိနယ်သာလန်အသင်း၏ ခြေစွမ်းသည် ကမ္ဘာ့ဖလားနှစ်ကြိမ်ဆက် နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်မည့် ခြေစွမ်းမျိုးဖြစ်ကြောင်းနှင့် နည်းပြ ဗန်ဟားလ်ကိုလည်း ချီကျူးစကားဆိုခဲ့သည်။

ဟစ်ဒင့်က"နည်းစနစ်ကို အခြေခံတဲ့အသင်းဖြစ်တဲ့ နယ်သာလန်အသင်းဟာ အကောင်းဆုံးပြင်ဆင်မှုတွေကို လုပ်ဆောင်ခဲ့တာပါ။ ဒါကလည်း အသင်းလိုက်စုစည်းမှုရှိနေတာကို ဥပမာပြတဲ့အနေအထားပါ။ ဒီလို စုစည်းမှုကောင်းပြီး ခြေစွမ်းထက်မြက်တဲ့အသင်းဟာ အာဂျင်တီးနားနဲ့ ကစားရမယ့်ပွဲမှာ ယုံကြည်မှုအပြည့်ရှိနေရမှာပါ။

အာဂျင်တီးနားမှာ မက်ဆီလိုပွဲအဖြေကို ပြောင်းလဲပေးနိုင်တဲ့ ထိပ်တန်းကစားသမား ရှိနေသလို ကျွန်တော်တို့ နယ်သာလန်အသင်းရဲ့ အာဂျန်ရော်ဘင်ကလည်း မက်ဆီလိုမျိုး လုပ်ပြနိုင်စွမ်းရှိပါတယ်"ဟု ပြောသွားသည်။

ဟစ်ဒင့်သည် နယ်သာလန်အသင်းကို ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ၁၉၉၆ ယူရိုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်သို့ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သလို ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စတုတ္ထနေရာကိုရရှိအောင် စွမ်းဆောင်ပေးထားခဲ့သူဖြစ်သည်။

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားကို ရယူလိုသည်ဟု နယ်သာလန်ကစားသမား ဒက်ကွတ်ပွင့်ဟ

နယ်သာလန် ကွင်းလယ်ကစားသမား ဒက်ကွတ်က နယ်သာလန်အသင်းသားများ၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာ့ဖလားကို ကိုင်မြှောက်ခွင့်ရရှိရေးသာဖြစ်ကြောင်း ပြောသွားသည်။

နယ်သာလန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ကော်စတာရီကာအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဒက်ကွတ်က "ဆီမီးဖိုင်နယ်မှာ ကစားရမယ့် အာဂျင်တီးနားအသင်းဟာ ထိပ်တန်းအဆင့်ရှိတဲ့ အသင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ကိုယ့်အသင်းရဲ့ အခြေအနေကိုပဲ အကောင်းဆုံးဖြစ်ဖို့ တိုင်းတာပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ဆိုတာ ကြီးကျယ်ခမ်းနားတဲ့ အဆင့်တစ်ခု ဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာ့ဖလားကို လက်လွတ်ဆုံးရှုံးရတဲ့ ခံစားမှုမျိုးကိုလည်း ကျွန်တော်တို့ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့ဖလားကို ရယူလိုပါတယ်"ဟု ပြောသွားသည်။

ယခုဆီမီးဖိုင်နယ်တွင် ဆုံတွေ့နေသည့် အာဂျင်တီးနားနှင့် နယ်သာလန်အသင်းတို့သည် ကစားခဲ့သည့် ပွဲစဉ်အားလုံးကို အနိုင်ရရှိခဲ့သည့် အသင်းများဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အဆိုပါ နှစ်သင်း နောက်ဆုံးဆုံတွေ့ခဲ့မှုမှာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဖြစ်ပြီး အဆိုပါပွဲစဉ်တွင် နယ်သာလန်အသင်းက အာဂျင်တီးနားအသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဖြိုးဒေါ်လာ

ဒက်ကွတ်

မက်ဆီရဲ့လားရာမှ

မနိုင်လောက်အောင် ဖြစ်နေချိန်မှာ မက်ဆီက ပွဲချိန် ၁၁၈ မိနစ်အရောက် ဒီမာရီယာ ဂိုးသွင်းနိုင်အောင်ဖန်တီးပေးခဲ့လို့ အာဂျင်တီးနားနိုင်ပွဲရခဲ့တာ။ တကယ်လို့ ပယ်နယ်တီကန်ရမယ်ဆိုရင် အနိုင်ရဖို့ဆိုတာ မသေချာနိုင်တော့ဘူး။ ထပ်ပြောရမယ်ဆိုရင် ဘယ်လ်ဂျီယံနဲ့ ကွာတားအဆင့်ပွဲတုန်းကလည်း ဟီဂွာယင်က အနိုင်ဂိုးသွင်းပေးခဲ့တာမှန်တယ်။ ဒါပေမယ့် အဲ့ဒီလို ဟီဂွာယင်ဂိုးရအောင် ဒီမာရီယာ ဖန်တီးပေးနိုင်ဖို့ မက်ဆီကပဲ ဘောလုံးပေးခဲ့တာ။ ဒီတော့ မက်ဆီရဲ့အရေးပါမှုက ထင်ရှားတယ်။ အဲဒါနဲ့အမျှ အာဂျင်တီးနားကို မက်ဆီ ဘယ်လောက်အထိ ဆက်ဆွဲတင်နိုင်မလဲ။ မာရာဒိုနာလို စွမ်းဆောင်နိုင်မှာလားဆိုတာက မေးစရာဖြစ်လာတယ်။

အထူးသဖြင့် သူ့အတွက်လည်း ဆိုင်တယ်။ ပြောရရင် မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို မနှစ်က လက်လွှတ်ခဲ့ရတယ်။ အဲ့ဒါကို ရော်နယ်ဒိုရဲ့ လက်ထဲက ပြန်ယူနိုင်ဖို့ဆိုရင် ဒီပြိုင်ပွဲက အရေးကြီးတယ်။ အထူးသဖြင့် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မက်ဆီရဲ့ စွမ်းဆောင်ထားနိုင်မှုဟာ အကောင်းဆုံးဘောလုံးသမားဆု ရဖို့အထိ နီးစပ်မှုရှိတယ်။ ပူးတွဲဖော်ပြပါဇယားကိုပဲကြည့်။

ကမ္ဘာ့ဖလားမှ မက်ဆီ၏ စွမ်းရည်

ပေးပို့မှု	-	၂၁၂
အဝေးပေးပို့မှု	-	၁၃
အနီးပေးပို့မှု	-	၁၉၉
ဂိုးပေါက်တည့်မှု	-	၇
ဂိုးပေါက်လွဲမှု	-	၈
သွင်းဂိုး	-	၄
တိကျသည့်ဖြတ်တင်ဘော	-	၄
ဖန်တီးပေးမှု	-	၁
အခွင့်အရေးဖန်တီးနိုင်မှု	-	၂၀

မက်ဆီဟာ ဂိုးရဖို့အတွက်ပါ အားကိုးရသူ မဟုတ်ဘူး။ သူကိုယ်တိုင်သွင်းနိုင်တယ်။ ကစားဖော်တွေ ဂိုးရအောင်လည်းဖန်တီးပေးနိုင်တဲ့ အပြင် ဂိုးရဖို့အခွင့်အရေးတွေကိုလည်း ဖန်တီးပေးနိုင်သူ။ အဲဒီလို အရည်အသွေးကို ကမ္ဘာ့ချန်ပီယံဆု ရယူနိုင်မှုနဲ့ထပ်ပေါင်းနိုင်ရင် မက်ဆီဟာ ဒီကမ္ဘာ့ဖလားမှာ အကောင်းဆုံးဘောလုံးသမားဆုရနိုင်မယ်။ အဲဒီလို ကမ္ဘာ့ဖလားရဲ့ အကောင်းဆုံးဘောလုံးသမားဆုကိုရရင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုပါ ပြန်ရဖို့ လမ်းပွင့်မယ်။ ဒီတော့ မက်ဆီအနေနဲ့ သူ့အတွက်ရော နိုင်ငံအတွက်ပါ အာဂျင်တီးနားကို ဘယ်အထိ ဆွဲမြှင့်တင်နိုင်မလဲ။ ဟော်လန်နဲ့ပွဲက အဓိကအကျဆုံးလို့ အားလုံးကယူဆကြပါတယ်။

ရွှေဖိနပ်ဆုရှင်ဘယ်သူဖြစ်မလဲ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ချန်ပီယံအသင်းဟာ ဘယ်အသင်းဖြစ်မလဲဆိုတာ ကမ္ဘာ့ပရိသတ်တွေ တဖြည်းဖြည်းနဲ့ သိရှိရတော့မှာဖြစ်သလို ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ရွှေဖိနပ်ဆုရှင် ဘယ်သူဖြစ်မလဲဆိုတာလည်း ရင်ခုန်စရာကောင်းနေပြန်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲတွေ မကစားသေးတဲ့အချိန် ဇူလိုင် ၈ ရက်အထိတော့ ဂိုးအများဆုံး သွင်းယူထားတဲ့ တိုက်စစ်မှူးကတော့ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ဖြစ်ပြီး ခြောက်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ကိုလံဘီယာအသင်းဟာ ကွာတားဖိုင်နယ်မှာ ဘရာဇီးအသင်းကို ရှုံးနိမ့်ပြီး ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲက ထွက်ခဲ့ရပြီဖြစ်လို့ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ရဲ့ ဂိုးသွင်းမှုတွေလည်း ပြီးဆုံးရပ်တန့်သွားခဲ့ရပြီဖြစ်ပါတယ်။

ဂျိမ်းရိုဒရီဂွက်ဇ်ဟာ အဲဒီသွင်းဂိုးခြောက်ဂိုးသွင်းယူခဲ့တဲ့နေရာမှာ တစ်ဂိုးပျမ်းမျှ ၆၇ မိနစ်ကြာမြင့်ခဲ့တာဖြစ်လို့ တစ်ဂိုးသွင်းနှုန်းအချိန်ဟာ အနည်းဆုံးဖြစ်ပါတယ်။ ဂျိမ်းရိုဒရီဂွက်ဇ်ဟာ ကစားချိန်မိနစ်ပေါင်း ၄၀၀ မှာ ခြောက်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။

ဂျိမ်းရိုဒရီဂွက်ဇ်ရဲ့နောက်မှာ ဂိုးသွင်းအများဆုံးကတော့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနဲ့ ဂျာမနီတိုက်စစ်မှူး သောမတ်မူလာတို့ပဲဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ လေးဂိုးစီ သွင်းယူထားတာဖြစ်ပြီး အကြိုဗိုလ်လုပွဲနဲ့ နောက်ဆုံးဗိုလ်လုပွဲတွေမှာ ကစားနိုင်ခွင့်၊ ဂိုးသွင်းနိုင်ခွင့်တွေ ရရှိဦးမလား ကြည့်ရမှာဖြစ်ပါတယ်။

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ စုစုပေါင်းပွဲကစားချိန် ၄၅၃မိနစ်ရှိခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့တာမို့ တစ်ဂိုးသွင်းချိန် ၁၁၃မိနစ်ခန့်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ပြိုင်ဘက်အသင်းဘက်ကို ဂိုးရရှိဖို့ စုစုပေါင်း ၁၅ ကြိမ်ကန်သွင်းခဲ့ရာမှာ လေးဂိုးရရှိခဲ့တာမို့ ဂိုးရအောင်သွင်းယူနိုင်မှုမှာ ၂၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

ဂျာမနီတိုက်စစ်မှူး သောမတ်မူလာကတော့ ပွဲကစားချိန်စုစုပေါင်း ၄၇၂ မိနစ်ရှိခဲ့ပြီး လေးဂိုးသွင်းယူခဲ့တာမို့ တစ်ဂိုးသွင်းနိုင်မှု ပျမ်းမျှ ၁၁၈ မိနစ်ခန့်ကြာမြင့်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် သောမတ်မူလာဟာ အဲဒီလေးဂိုးရရှိဖို့ ပြိုင်ဘက်အသင်းရဲ့ ဂိုးပေါက်ကို (၁၂)ကြိမ် ကန်သွင်းခဲ့တာဖြစ်တာကြောင့် ဂိုးသွင်းနိုင်မှုဟာ ၅၀ ရာခိုင်နှုန်းခန့်ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားမှာ ရွှေဖိနပ်ဆုရှင် ဘယ်သူဖြစ်မလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေပြီဖြစ်ပါတယ်။

ကိုဝ

သောမတ်မူလာ

ဟော်လန်ပွဲနဲ့ လွဲချော်တော့မယ့် အာဂျင်တီးနားကစားသမား ဒီမာရီယာ

ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ကို တက်ရောက်လာခဲ့တဲ့ အာဂျင်တီးနားအသင်းကတော့ အသင်းရဲ့အားထားရတဲ့ တောင်ပံကစားသမားတစ်ဦးဖြစ်တဲ့ ဒီမာရီယာဟာ ဘယ်လ်ဂျီယံအသင်းကို နိုင်ခဲ့တဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာရရှိခဲ့တဲ့ ပေါင်ခြံဒဏ်ရာကြောင့် လာမယ့်ပွဲစဉ်မှာတော့ အသင်းမှာ ဘယ်လိုမှ ပါဝင်ကစားနိုင်ဖို့မရှိဘူးလို့ဆိုပါတယ်။

ဒီမာရီယာဟာ ဘယ်လ်ဂျီယံအသင်းနဲ့ပွဲမှာ အဲဒီဒဏ်ရာကြောင့် ပထမပိုင်းမှာကတည်းက လူစားလဲခံခဲ့ရတာဖြစ်ပြီး အခုအခါမှာ အသင်းမှာ လုံးဝဆက်လက်မကစားနိုင်တော့တဲ့ အခြေအနေလည်းဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းအနေနဲ့ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့မယ်ဆိုရင်တော့ ဒီမာရီယာအနေနဲ့ အသင်းမှာ နောက်ဆုံးပွဲအနေဖြင့် ပါဝင်ကစားနိုင်ဖို့ရှိပေမယ့် ဟော်လန်အသင်းနဲ့ ကစားရမယ့်ပွဲမှာတော့ လုံးဝပါဝင်ကစားနိုင်ဖို့မရှိပါဘူး။

ဒီမာရီယာဟာ ယခုနှစ်ဘရာဇီး ကမ္ဘာ့ဖလားမှာ အသင်းရဲ့ အုပ်စုပွဲစဉ်တွေမှာလည်း အကောင်းဆုံးခြေစွမ်းပြကစားပေးနေခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဆွစ်ဇာလန်အသင်းနဲ့ ကစားခဲ့တဲ့ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာတော့ အချိန်ပိုကစားတဲ့ ၁၁၈ မိနစ်မှာ မက်ဆီရဲ့ ပေးပို့မှုကနေတစ်ဆင့် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ သူလည်းဖြစ်ပါတယ်။

သူနဲ့ပတ်သက်ပြီး အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က "အာဂျင်တီးနားအသင်းရဲ့ ဆရာဝန်ဖြစ်သူ ဒင်နီရယ် မာတီးနက်ဇ်ကတော့ ဒီမာရီယာရဲ့ ပေါင်ခြံဒဏ်ရာကို အသေးစိတ် လေ့လာမှုတွေပြုလုပ်ပြီးတဲ့အခါ ဆီမီးဖိုင်နယ်မှာ ဒီမာရီယာဘယ်လိုမှ မပါဝင်နိုင်ဘူးလို့ သတ်မှတ်လိုက်ပါတယ်"လို့ ရေးသားထားပါတယ်။

ဒီမာရီယာဟာ အာဂျင်တီးနား လက်ရွေးစင်အသင်းမှာ ၂၀၀၈ ခုနှစ်ကနေစတင်ပြီး ပါဝင်ကစားနေခဲ့တာဖြစ်ပြီး ယခုလက်ရှိအချိန်အထိ အသင်းနဲ့အတူ ပွဲပေါင်း ၅၂ ပွဲပါဝင်ကစားကာ ၁၀ဂိုးသွင်းယူပေးထားသူလည်းဖြစ်ပါတယ်။

ဒါပေမယ့် အာဂျင်တီးနားအသင်းအတွက် ကံကောင်းစေတာကတော့ ကြွက်သားဒဏ်ရာကြောင့် အသင်းမှာ အနားယူနေခဲ့ရတဲ့ တိုက်စစ်မှူး အဂူရိုဟာ ဟော်လန်အသင်းနဲ့ ကစားရမယ့် ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ပြန်လည်ပါဝင်ကစားနိုင်တော့မယ်လို့ဆိုပါတယ်။

တိုက်စစ်မှူး အဂူရိုဟာ အဲဒီဒဏ်ရာကြောင့်ပဲ နှစ်ပွဲလောက်ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် အခုအချိန်မှာတော့ လေ့ကျင့်ခန်းတွေကို ပြန်လည်ပြုလုပ်နေပြီဖြစ်တာကြောင့်လည်း အသင်းမှာ ပြန်လည် ပါဝင်ကစားဖို့ကို အဆင်သင့်ဖြစ်နေပြီလို့ဆိုပါတယ်။

တိုက်စစ်မှူးအဂူရိုနဲ့ပတ်သက်ပြီး အသင်းရဲ့ဆရာဝန်ဖြစ်တဲ့ မာတီးနက်ဇ်က "အဂူရိုဟာ လေ့ကျင့်မှုတွေကို သုံးကြိမ်ပြုလုပ်ခဲ့ပြီးပါပြီ။ အခုအချိန်မှာတော့ သူဟာအသင်းမှာ ပါဝင်ကစားဖို့ အကောင်းဆုံးဖြစ်နေပါပြီ"လို့ ပြောဆိုခဲ့ပါတယ်။

အောင်က

ဒီမာရီယာ

'ဒီမာရီယာဟာ ယခုနှစ် ဘရာဇီးကမ္ဘာ့ဖလားမှာတော့ အသင်းရဲ့ အုပ်စုပွဲစဉ်တွေမှာလည်း အကောင်းဆုံးခြေစွမ်းပြ ကစားပေးနေခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်'

ဟော်လန်နဲ့ပွဲမှာ စောင့်ကြည့်ရမယ့် မက်ဆီရဲ့ လားရာ. . . .

ဝေမိုးဆက်

သူ့နာမည်က မက်ဆီ။ တစ်နည်းပြောရရင် လက်ရှိ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား တွေအထဲကတစ်ယောက်။ ထပ်ပြောရရင် သူ့ အပေါ်မှာ ဝန်ထုပ်ဝန်ပိုးခပ်ကြီးကြီးတစ်ခုရှိ တယ်။ ပြီးတော့ အဲဒီဝန်ထုပ်ဝန်ပိုးကို သူ့ဆီ က ပခုံးပြောင်းလက်လွှဲယူနိုင်တဲ့ အဖော်ကောင်း သူ့မှာမရှိဘူး။ အဂူရိုလား။ သူက ဒီကမ္ဘာ့ဖလား ရောက်မှ ထိမိတဲ့စွမ်းရည်မပြနိုင်ခဲ့ဘူး။ ကြံ့ခိုင် မှု မပြည့်လို့ ဒဏ်ရာရပြီး ပွဲတိုင်းတောင် ဝင် မကစားနိုင်ဘူး။ ဟီဂွာယင်တဲ့လား။ သူလည်း ဒီကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် တစ်ဂိုးပဲရတဲ့ အထိ အဆုံးသတ်ပိုင်းအားနည်းတယ်။ ဒီမာရီ ယာတဲ့လား။ သူကျတော့ ထိုးဖောက်မှုနောက် မှုကောင်းပေမယ့် အဆုံးသတ်ပိုင်းက မထက် မြက်သူ။ အရှင်းဆုံးပြောရရင် အာဂျင်တီးနားရဲ့ အသက်က မက်ဆီ။ အာဂျင်တီးနားရဲ့ မျှော်လင့် ချက်က မက်ဆီ။ ဒီတော့အဲဒီမှာ မေးစရာ ဖြစ်တယ်။ မက်ဆီဟာ အာဂျင်တီးနားကို တစ်ကိုယ်တည်းအားနဲ့ အဆုံးစွန်ရောက်အောင် ဆွဲခေါ်သွားနိုင်မှာတဲ့လား။ မာရာဒိုနာလို စွမ်းဆောင်နိုင်မှာတဲ့လား။

ပြောရမယ်ဆိုရင်တော့ မက်ဆီဟာ တတ်နိုင်တဲ့အားနဲ့ အသင်းကို အကောင်းဆုံးဖြစ်အောင် ဆွဲမြှင့်နေတဲ့သူ။ အာဂျင်တီးနား ကမ္ဘာ့ချန်ပီယံဖြစ်မဖြစ်ကိုအသာထား။ လက်ရှိ အချိန် အတိုင်းအတာတစ်ခုအတွင်းမှာတင် မက်ဆီရဲ့ ကြိုးစားအားထုတ်မှုက အသိအမှတ်မပြုလို့ကို မရဘူး။ အရှင်းဆုံးပြောရရင် ဆီမီးဖိုင်နယ် အဆင့်ကို အာဂျင်တီးနားရောက်လာတာတောင် မက်ဆီကြောင့်လို့ နာမည်တပ်လို့ရတဲ့အခြေ အနေ။ အထူးသဖြင့် အုပ်စုအဆင့်ပွဲတွေတုန်း ကဆိုရင် အာဂျင်တီးနား တိုက်စစ်မှူးတွေထဲ က ဘယ်သူဂိုးသွင်းနိုင်ခဲ့သလဲ။ ပြန်ကြည့်။ ဘယ်သူမှဂိုးမသွင်းနိုင်ခဲ့ဘူး။ အဲဒီလိုအချိန်မှာ မက်ဆီက ဒိုင်ခံဂိုးသွင်းပေးခဲ့လို့သာ အာဂျင် တီးနားနိုင်ပွဲတွေရပြီး အုပ်စုအဆင့်ကိုကျော်လာ နိုင်တာ။ အဖွင့်ပွဲတုန်းကဆိုရင် ဘော့စနီးယား ကစားသမား ကိုလာဆီနာ့စ်ရဲ့ ကိုယ့်ဂိုးကိုယ် သွင်းယူမိပြီးတဲ့နောက် ဂိုးရဖို့ခက်နေတဲ့ အာ ဂျင်တီးနားအတွက် မက်ဆီက ဒုတိယဂိုးသွင်း ပေးလို့သာ ဘော့စနီးယားက တစ်ဂိုးပြန်ချေတာ တောင် အာဂျင်တီးနားတို့ နိုင်ခဲ့တာ။ ထပ်ပြီး ပြောရမယ်ဆိုရင် အဲဒီပထမဂိုးရခဲ့တာတောင် မက်ဆီရဲ့ အရိပ်မကင်းဘူး။ အဂူရိုကြောင့်ရတဲ့ ပြစ်ဒဏ်ဘောကို မက်ဆီက ပေးပို့ရာကနေ ရိုဂျိုက ပိတ်သွင်းဖို့ကြိုးစားရင်းက ကိုလာဆီ နာ့စ်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့တာ။ ဒီတော့ မက်ဆီမရှိရင် အာဂျင်တီးနားအနိုင်ရပါ့မလား။ သုံးမှတ်အပြည့်ရပါ့မလား။

တကယ်တော့ အာဂျင်တီးနားကို မက်ဆီ ကယ်တင်ခဲ့တာက အဲဒီတစ်ပွဲတည်းမဟုတ် ဘူး။ ဒုတိယပွဲဖြစ်တဲ့ အီရန်နဲ့ပွဲမှာလည်း မိနစ် ၉၀ အထိ ဂိုးမသွင်းနိုင်တဲ့ အာဂျင်တီးနား အတွက် နာကျင်အချိန်ပိုမှာ မက်ဆီက အနိုင် ဂိုးသွင်းပေးခဲ့တာ။ ထပ်ပြီးပြောရမယ်ဆိုရင် နိုင်ဂျီးရီးယားကို ၃-၂ နဲ့နိုင်တဲ့ပွဲတုန်းကလည်း မက်ဆီက ဦးဆောင်ဂိုးသွင်းပေးခဲ့တာ။ အဲဒီ နောက်တစ်ဂိုးပြန်ချေပခံရတုန်းကလည်း သူက ပဲဦးဆောင်ဂိုး ထပ်သွင်းပေးခဲ့တာ။ ဒီတော့ အဲဒီအုပ်စုတွင်း သုံးပွဲမှာ မက်ဆီမပါဘူးလို့ပဲ သဘောထားကြည့်။ ပထမဆုံးပွဲမှာ မက်ဆီ ကြောင့်ရတဲ့ နှစ်ဂိုးကို ဖယ်လိုက်ရင် ဘော့စနီး ယားကို အာဂျင်တီးနား ၁-၀နဲ့ရှုံးမယ်။ ဒုတိယ ပွဲမှာ မက်ဆီရဲ့ အနိုင်ဂိုးကိုဖယ်လိုက်ရင် အာ ဂျင်တီးနားဟာ အီရန်နဲ့ ဂိုးမရှိသရေကျမယ်။ တတိယပွဲဖြစ်တဲ့ နိုင်ဂျီးရီးယားနဲ့ပွဲမှာလည်း မက်ဆီရဲ့သွင်းဂိုး နှစ်ဂိုးကိုဖယ်ထုတ်လိုက်ရင် အာဂျင်တီးနားဟာ နိုင်ဂျီးရီးယားကို ၂-၁ နဲ့ ရှုံးမယ်။ အဲဒါဆိုရင် အာဂျင်တီးနားဟာ အုပ်စု တွင်းသုံးပွဲမှာ တစ်မှတ်ပဲရမယ်။ အဲဒါဆို အခု လို ဆီမီးရောက်လာဖို့အသာထား အာဂျင်တီး နားဟာ အုပ်စုအဆင့်ကိုတောင်ကျော်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ရှုံးထွက်အဆင့်မှာတုန်း ကလည်း ဆွစ်ဇာလန်ကို *စာမျက်နှာ ၂ သို့*